http://www.dhammadownload.com

ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ

မြောက်ဦးဆရာတော်



# ပဋိစ္စသမုပ္ပါဒ် နှင့်

# သစ္စာတရားတော်

http://www.dhammadownload.com

ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချထားရမယ်
ဒီလူ့ဘဝရလာတာဟာ ကုသိုလ်လုပ်ဖို့ပါပဲ။

ဒီဝိပဿနာလုပ်ငန်းစဉ်ဟာ လူကြီးလူငယ် မခွဲခြားဘဲ
အမှန်ကျင့်ကြံအားထုတ်ရမယ့် အလုပ်ပါ။

ကိုယ်က အပြောသမားဘဝနဲ့ အချိန်မကုန်စေဘဲ
လက်တွေ့သမားဖြစ်အောင် ကြိုးစားရမယ်။

ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ပြီး
လသာတုန်း ဗိုင်းငင်ကြပါ။

ကိုယ်ပိုင်အလုပ်ကို ကိုယ်ကိုယ်တိုင်လုပ်ပါမှ
ကိုယ်ပိုင်ရတာယ်လို့ မှတ်ပါ။

ရတနာမာရ်အောင်ဆရာတော်


http://www.dhammadownload.com

ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာများ၏ အဓိပတိ

## မြောက်ဦးဆရာတော်

**ဟောကြားအပ်သော**

# ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာတရားတော်



စာစဉ် (၇)

(ယောဂီများအတွက်သာ)

သာသနာ ၂၅၄၈၊ ခရစ် ၂၀၀၄၊ ကောဇာ ၁၃၆၆


http://www.dhammadownload.com

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ် * ၂၀၀၀ အုပ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
ဒုတိယအကြိမ် * ၁၀၀၀ အုပ်

# ဓမ္မဒါန

ရန်ကုန်
**ဒါယကာ၊ ဒါယိကာမများမှ**
လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဤရတနာမြတ်သုံးပါးအပေါင်းတို့ ၏ သန္တာန်ဝယ်ကိန်းနေတဲ့ ထူးမြတ်တဲ့ သီလဂုဏ်၊ ထူးမြတ်တဲ့ သမာဓိဂုဏ်၊ ထူးမြတ်တဲ့ ပညာဂုဏ်တို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံစေတနာ၊ မိမိတို့၏ တရားစခန်းအတွင်းဝယ် လှူဒါန်းရသော ဒါနကုသိုလ်ကောင်းမှု၏စေတနာ၊ ဆောက်တည်ရသော သီလကုသိုလ်ကောင်းမှု၏စေတနာ၊ ပွားများအားထုတ်ရသော ဝိပဿနာ ဘာဝနာကုသိုလ်ကောင်းမှု၏စေတနာအပေါင်းတို့ကြောင့် အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ဘေးအပေါင်းတို့

http://www.dhammadownload.com



သည် ပိန်းကြာဖက်တွင် ရေမတင် လျှောကျဘိသကဲ့သို့ ကင်းစင်လွှင့်ပျောက်ကြကုန်လျက် စောင့်ထိန်းသီလစာဂီ၊ သမာဓိ စာဂီ၊ ပညာစာဂီ ပါရမီကုသိုလ် မငြင်ငြိုငြဘဲ မိမိတို့ လိုလားအပ်၊ ပန်ဆင်အပ်၊ မြတ်နိုးအပ်သော မအို၊ မနာ၊ မသေ အမြဲနေရာဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်ကို ဤဘဝ၊ ဤခန္ဓာ၊ ဤသာသနာတွင်းမှာပင်လျှင် အားထုတ်ဆဲ၊ အားထုတ်လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ ရလွယ် ရောက်လွယ် မျက်မှောက်ပြုနိုင်လွယ်နိုင်ကြသည်' ဖြစ်ကြပါစေ။

*"ပေးတဲ့ဆုအတိုင်း ကျင့်သုံး၍ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား"*

ကဲ...တရားပဲမှတ်ကြ၊ တရားပဲနာကြရအောင်။

သာသနာနဲ့ ဒါယကာဆိုတဲ့ စကားနှစ်လုံးကို ဒကာ,ဒကာမတွေ ခဏခဏဆိုသလို ကြားဖူး

http://www.dhammadownload.com



ကြပါလိမ့်မယ်။ သာသနာဆိုတာ ဘုန်းကြီးတို့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့ ဘာကိုခေါ်ပါလိမ့်မတုံးဆိုရင် အဆုံးအမတရားနော်။ အဆုံးအမတရားကို ဘာလို့ခေါ်ပါလိမ့်...။

*"သာသနာပါဘုရား"*

သာသနာဆိုတာ အဆုံးအမတရားနော်။ ဘာကို ဒါယကာလို့ခေါ်ပါလိမ့်ဆိုရင် ရတနာသုံးပါးကို ချဉ်းကပ်တတ်သော ပုဂ္ဂိုလ်ကိုခေါ်တယ်နော်။ ဘုရားကိုယုံကြည်တတ်တဲ့ပုဂ္ဂိုလ်၊ တရားကိုယုံကြည်တတ်တဲ့ပုဂ္ဂိုလ်၊ သံဃာကိုယုံကြည်တတ်တဲ့ပုဂ္ဂိုလ် ဟုတ်လား။ ဘုရားကိုယုံ၊ တရားကိုယုံ၊ သံဃာကိုယုံ။ ဒီရတနာမြတ်သုံးပါးတို့ကို အမြဲမပြတ် ယုံကြည်သဒ္ဓါပြဋ္ဌာန်းစွာဖြင့် ချဉ်းကပ်ကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်ကို ဘာလို့ခေါ်ပါလိမ့်...။

*"ဒါယကာပါဘုရား"*

သာသနာနဲ့ ဒါယကာဆိုတော့ သာသနာမှာ ဒါယကာရှိဖို့ လိုသလား၊ မလိုဘူးလား...။

*"လိုပါတယ်ဘုရား"*

http://www.dhammadownload.com



အေး...ဒါယကာဆိုတာ ဒကာ,ဒကာမ တွေ သိတဲ့အတိုင်း ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့အပေါ်မှာ လေးစားလိုက်နာ တန်ဖိုးထားတတ်တဲ့ပုဂ္ဂိုလ်။ အဲဒီဒါယကာ ဆိုတဲ့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်း တို့သည် ဘာကိုမှီဝဲဆည်းကပ်ရမလဲ...။

*"သာသနာကိုပါဘုရား"*

သာသနာကိုနော်။ အဆုံးအမကိုမှီဝဲ မဆည်း ကပ်ရဘူးလား။

*"မှီဝဲရပါတယ်ဘုရား"*

အဆုံးအမဆိုတော့ ဘယ်သူ့ရဲ့အဆုံးအမ တဲ့လဲ...။

*"ဘုရားရှင်ရဲ့ အဆုံးအမပါဘုရား"*

ဗုဒ္ဓ၏အဆုံးအမနော်။ ဘုရားရှင်ကိုယ်တော် မြတ်ကြီးရဲ့ အဆုံးအမတရားကလေးဟာ တခြား မှာကိန်းရမှာလား၊ ခန္ဓာမှာကိန်းရမှာလား...။

*"ခန္ဓာမှာကိန်းရမှာပါဘုရား"*

ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတွေဘဝ ယခုလို လူ့လောကကြီးရောက်လာကြတယ်။

http://www.dhammadownload.com



လူရယ်လို့ဖြစ်လာကြတယ်နော်။ လူ့ဘဝ လူ့လောကထဲကို ရောက်လာကြတယ်ဆိုကတည်းကိုက မွေးလာတဲ့အချိန်ကနေ ဒီအချိန်ထိ ဘာတွေနဲ့များ အလုပ်တွေရှုပ်ပွေလာခဲ့ကြသလဲ၊ ဘာတွေနဲ့များ အချိန်တွေကုန်ခဲ့ကြသလဲလို့ မေးလို့ရှိရင် သိသိသာသာကြီး ထင်ရှားလာတယ်နော်။ မွေးကတည်းကနေ ဒီအချိန်ထိ ဘာတွေနဲ့များ နေခဲ့ကြသလဲလို့ စဉ်းစားမိရင် ဒကာ,ဒကာမတွေ ဘယ်လိုအဖြေထွက်ပါ့မလဲ။ သာသနာတွင်းနဲ့မတွေ့ခဲ့တဲ့ အချိန်ကာလဝယ် သာသနာဆိုတာ ဗုဒ္ဓအဆုံးအမ၊ ဓမ္မအဆုံးအမ၊ သံဃာ့အဆုံးအမ၊ အဆုံးအမတရားလေး ခန္ဓာထဲမှာ မတည်သေးတဲ့အခါ၊ အဆုံးအမတရားလေး သစ္စာတရားလေး မနာကြားရ နှလုံးမသွင်းရ မသိရသေးတဲ့အခါ၊ ဒါဟာ ရုပ်တရား၊ ဒါဟာ နာမ်တရားလို့ ရုပ်ဓမ္မ၊ နာမ်ဓမ္မ ပိုင်းခြားမသိခဲ့တဲ့အခါကာလဝယ် ဘာတွေနဲ့များ အချိန်ကုန်ခဲ့ကြသလဲဆိုရင် 'အကုသိုလ်တရား'နော်။ ဘာနဲ့အချိန်ကုန်ခဲ့ကြတာတဲ့လဲ။

http://www.dhammadownload.com



*"အကုသိုလ်နဲ့ပါဘုရား"*

အကုသိုလ်တရားနော်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အကုသိုလ်တရားကို ဘာလုပ်ခိုင်းတာတဲ့လဲ။

*"ပယ်ခိုင်းပါတယ်ဘုရား"*

အကုသိုလ်တရားတွေ ပယ်ကြပါတဲ့။ ဒါကြောင့် ဗုဒ္ဓရဲ့အဆုံးအမထဲမှာ–

"အကုသိုလ် မှန်သမျှ မပြုမိအောင်ရှောင်ပါ၊
ကုသိုလ်မှန်သမျှ မရအရပြုပါ၊
မိမိစိတ်ကလေး ဖြူဖွေးသန့်စင်ရာ
ဤသုံးပါး ဘုရားတိုင်းမိန့်ခဲ့တာ"

ဘုရားရှင်တွေဆုံးမခဲ့တာ ဤသုံးပါးနော်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အကုသိုလ်မှန်သမျှ မပြုမိအောင် ဘာလုပ်ခိုင်းတာတဲ့လဲ။

*"ရှောင်ခိုင်းပါတယ်ဘုရား"*

ရှောင်ရှားကြစမ်းပါတဲ့။ ကုသိုလ်တရားတွေကို ဘာလုပ်ခိုင်းသလဲ။

*"ဆောင်ခိုင်းပါတယ်ဘုရား"*

ပွားများခိုင်းတယ်။ ဆောင်ရွက်ခိုင်းတယ်

http://www.dhammadownload.com



နော်။ မိမိရဲ့စိတ်ကလေးကို ဘယ်လိုနေထိုင်ရမယ်တဲ့လဲဆိုရင် ဖြူဖွေးသန့်ရှင်းအောင် နေထိုင်ရမယ်တဲ့နော်။ ကြည်လင်သန့်ရှင်းအောင် နေရမယ်လို့ပြောတာ။ စိတ်ချမ်းသာအောင် နေရမယ်လို့ ပြောတာနော်။ စိတ်ချမ်းသာအောင် ဘယ်လိုနေရမလဲဆိုရင် ဒကာ,ဒကာမတွေ စိတ်ချမ်းသာမှုရဖို့အတွက် နံပါတ်တစ်က အကုသိုလ်တရားကို ပယ်ရမယ်တဲ့နော်။ ဘာကိုပယ်ရမယ်...

*"အကုသိုလ်တရားကို ပယ်ရပါမယ်ဘုရား"*

အကုသိုလ်တရားတွေကို ပယ်ရမယ်နော်။ ဘုရားရှင်ကလေ 'အကုသလံတိကျွေ ပဇဟာထ' တဲ့ ဟုတ်လား။ အကုသိုလ်တရားမှန်သမျှတွေကို ပယ်ကြတဲ့။ ပယ်ဖို့အတွက် ဒကာ,ဒကာမတွေ အကုသိုလ်ပေါင်း ဘယ်လောက်ရှိသလဲ။ တစ်နည်းအားဖြင့် စိတ်ကိုညစ်နွမ်းစေတဲ့ တရားတွေ ဘယ်လောက်ရှိသလဲဆိုရင် ကိလေသာ (၁၀)ပါး၊ အကျယ်အားဖြင့် ၁၅၀၀ ကိလေသာ ဟုတ်လား။ တစ်ထောင့်ငါးရာကိလေသာတရား

http://www.dhammadownload.com



တွေဟာ နည်းနည်းလား၊ အများကြီးလား...။

*"အများကြီးပါဘုရား"*

ဒါဆိုရင် ဒီတစ်ထောင့်ငါးရာ ကိလေသာ တရားတွေကို ဘုန်းကြီးတို့၊ ဒကာ,ဒကာမတို့ တွေက ပယ်ထားရမှာလား၊ ဆုပ်ကိုင်ထားရမှာ လား။

*"ပယ်ရမှာပါဘုရား"*

ဘာကလေးနဲ့ ပယ်ရမှာတဲ့လဲ...

*"ဉာဏ်ကလေးနဲ့ပါဘုရား"*

ဉာဏ်နော်။ တစ်နည်းအားဖြင့် ဉာဏ်ဆို တာ ဓမ္မ။ ဓမ္မဆိုတာ တရား။ ဒီတရားအာရုံ စိတ်မှာထုံပြီးတော့ ဒကာ,ဒကာမတွေ ဘာကို ပယ်ရမယ်...

*"အကုသိုလ်တရားတွေပါဘုရား"*

အကုသိုလ်တရားတွေကိုနော်။ ပယ်ရှား နိုင်ရမယ် ဟုတ်လား။ အကုသိုလ်တရားတွေ ကို ပယ်ရှားနေတဲ့ ပုဂ္ဂိုလ်သည် ကုသိုလ်တရား တွေ မပွားနေဘူးလား။

*"ပွားနေပါတယ်ဘုရား"*

http://www.dhammadownload.com



ကုသိုလ်တရားပွားများနေတဲ့ပုဂ္ဂိုလ်၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ချမ်းသာစစ်နဲ့ တွေ့,မတွေ့...

*"တွေ့ပါတယ်ဘုရား"*

စိတ်ချမ်းသာမှုရနေတယ်ဆိုတာ စိတ်တွေဖြူဖွေးသန့်ရှင်းနေတာ။ စင်ကြယ်နေတယ်ပေါ့။ ဟုတ်ကဲ့လား...

အဲဒီလို စိတ်တွေဖြူဖွေးသန့်ရှင်းနေဖို့အတွက် ပယ်ရမယ့်တရားလဲ သိဖို့လိုတယ်။ ပွားရမယ့် တရားလဲ သိဖို့လိုတယ်။ အဲဒီလိုတရားတွေကို သိဖို့အတွက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ နာကြားကြရအောင် ဘုန်းကြီးတို့ ဟောကြားပေးပါ့မယ်။ ကဲ...အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို 'ပဋိစ္စကတစ်မျိုး'၊ 'သမုပ္ပန္နကတစ်မျိုး'လို့ နှစ်မျိုးခွဲခြားသိကြစို့နော်။ ပဋိစ္စဆိုတာက အကြောင်းတရားလို့ သိလိုက်၊ သမုပ္ပန္နက အကျိုးတရားလို့ အကြမ်းဖျင်း သိလိုက်ကြနော်။ အကုန်လုံး နှစ်ခုစပ်

http://www.dhammadownload.com



ပြောရင်တော့ အကြောင်းနဲ့အကျိုးလို့ ဖြစ်တယ်။ ပိုပြီးတော့ ချဲ့ပြီးပြောလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်းကို ပဋိစ္စသမုပ္ပါဒ်တရားလို့ခေါ်တယ်။ ဘာလို့ခေါ်ပါလိမ့်...။

*"ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ်ဘုရား"*

ဟုတ်တယ်။ ပဋိစ္စသမုပ္ပါဒ်လို့ခေါ်တယ်။ ဘာအကြောင်းလဲလို့ မေးလိုက်တဲ့ခါကျတော့ သစ္စာဖွဲ့လိုက်လို့ရှိရင် အကြောင်းက ဘာသစ္စာတဲ့လဲ။

*"သမုဒယသစ္စာပါဘုရား"*

အကျိုးကကော...။

*"ဒုက္ခသစ္စာပါဘုရား"*

ဩော်...သမုဒယသစ္စာကိုစွဲလို့ ဘာသစ္စာရတာတဲ့လဲ...။

*"ဒုက္ခသစ္စာရတာပါဘုရား"*

အဲဒီတရားကိုပဲ ဘာတရားလို့ခေါ်တာတဲ့လဲဆိုရင် ပဋိစ္စသမုပ္ပါဒ်တရားနော်။ တခြားမှာသိတဲ့တရားလား၊ ခန္ဓာမှာရှိတဲ့တရားလား...။

http://www.dhammadownload.com



*"ခန္ဓာမှာရှိတဲ့တရားပါဘုရား"*

ဒီတော့ ပဋိစ္စသမုပ္ပါဒ်တရားနာကြတဲ့ပုဂ္ဂိုလ်များ ခဏခဏဆိုသလို နာခံမှတ်သားနေကြတဲ့ ပုဂ္ဂိုလ်များဟာ ဒီတရားတွေကိုနာ၊ ဒီတရားတွေကိုနှလုံးသွင်း၊ ဒီတရားတွေကို အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမို့လို့ ကဲ...ဗုဒ္ဓရှင်တော်မြတ်ကြီးကို ပူဇော်ရာလည်းရောက်အောင်၊ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကိုလည်း ပူဇော်ရာရောက်အောင် ဒီပဋိစ္စသမုပ္ပါဒ်လင်္ကာ နှစ်ပိုဒ်ဝယ် အောက်ကလင်္ကာလေးကို နှလုံးသွင်းလိုက်ကြရအောင်၊ အားလုံးပူဇော်ကြမယ်။

"မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနဲ့၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနဲ့၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း"

ဘယ်မှ လွတ်ကြောင်းတဲ့လဲ...။

*"သံသရာမှလွတ်ကြောင်းပါဘုရား"*

http://www.dhammadownload.com



ဟုတ်တယ်။ ဘုန်းကြီးတို့ရော၊ ဒကာ, ဒကာမတို့ရော ဒီပဋိစ္စသမုပ္ပါဒ်တရားဟာ ဘယ်မှ လွတ်ကြောင်းတရားတဲ့လဲဆိုရင် သံသရာမှ လွတ်ကြောင်းတရားတဲ့နော်။ သံသရာဆိုတာ ဟာ ဘာကို သံသရာလို့ခေါ်တာလဲဆိုလို့ရှိရင် ရုပ်,နာမ်တွေ အစဉ်မပြတ် လည်ပတ်နေရတာ ကို သံသရာလို့ခေါ်ပါတယ်တဲ့။ ဟုတ်လား။ ဘာကို သံသရာခေါ်တာတဲ့လဲ။

*"ရုပ်,နာမ်တွေ အစဉ်မပြတ် လည်ပတ်နေ တာကိုပါဘုရား"*

ဒီရုပ်,နာမ်တွေဟာ အစဉ်မပြတ် တစ်ဘဝ ပြီး တစ်ဘဝ၊ တစ်ဘုံနဲ့တစ်ဘုံ လှည့်လည်ပြီး တော့ အို,နာ,သေနဲ့ လည်နေရတာကို ဘာလို့ ခေါ်သလဲဆိုရင် သံသရာလို့ခေါ်တယ်နော်။

ပဋိစ္စသမုပ္ပါဒ်တရားတော်က ဘယ်ကလွတ် မြောက်ကြောင်းတဲ့လဲ...။

*"သံသရာကလွတ်မြောက်ကြောင်းပါဘုရား"*

လွတ်မြောက်တယ်ဆိုတာက သစ္စာနဲ့ဖွဲ့ရင် နိရောဓသစ္စာတဲ့။ ဘာသစ္စာတဲ့လဲ...။

http://www.dhammadownload.com



*"နိရောဓသစ္စာပါဘုရား"*

လွတ်မြောက်ကြောင်းဆိုတာကတော့ သစ္စာနဲ့ဖွဲ့ရင် ဘာသစ္စာတဲ့လဲ...။

*"မဂ္ဂသစ္စာပါဘုရား"*

မဂ္ဂသစ္စာနော်။ ဟုတ်တယ်။ လွတ်မြောက်ကြောင်းတရားကို လုပ်ပါမှလည်း လွတ်မြောက်နိုင်မယ်ပေါ့။ ဒီတော့ လွတ်မြောက်ကြောင်းတရားကို ပထမသိရမယ်တဲ့၊ ဟုတ်လား။ လွတ်မြောက်ကြောင်းတရားကို ဘယ်လိုသိရမလဲဆိုတော့ ကဲ...ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို လှမ်းပြီးကြည့်လိုက်။ ဒကာ,ဒကာမတွေ အမြဲတမ်းနားလည်းနားထောင်နေကြတယ်၊ သဘောလည်းပေါက်ပြီးသားဖြစ်နေတဲ့ "မူလနှစ်ဖြာ"လို့ဆိုတာလေးကို ပြောမယ်။ မူလက ဘယ်နှစ်ခုတဲ့လဲဆိုရင် နှစ်ဖြာတဲ့နော်။ ဘယ်နှစ်ဖြာတဲ့လဲ...။

*"နှစ်ဖြာပါဘုရား"*

နှစ်ဖြာထွက်လာတယ်နော။ ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတွေရဲ့ ဘဝအစသည် ဘယ်ကစလာသလဲဆိုရင် မူလကစတယ်နော်။ ဘယ်

http://www.dhammadownload.com



ကစတာတဲ့လဲ...။

*"မူလက စ,ပါတယ်ဘုရား"*

အဲဒါကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခန္ဓာအစ မူလကလို့ ဟောတော်မူခဲ့တယ်။ ညွှန်ပြတော်မူခဲ့တယ်။ ဘာအစတဲ့လဲ...။

*"ခန္ဓာအစပါဘုရား"*

ဟုတ်တယ်။ ခန္ဓာအစ မူလကတဲ့။ မူလ ဆိုတာ အစပထမကိုပြောတယ်ပေါ့။ ခန္ဓာ၏ အစပထမ၊ ခန္ဓာဖြစ်ဖို့အတွက်၊ ခန္ဓာရဖို့အတွက် စီစဉ်လာခဲ့တဲ့အကြောင်းတရားတွေတဲ့။ အဲဒီ အကြောင်းတရားတွေကို ဘုန်းကြီးတို့ဉာဏ်ထဲ မှာ ရှင်းရှင်းလင်းလင်းလေးတွေ့အောင် ကဲ... မူလနှစ်ဖြာက ဘာနဲ့ဘာတဲ့လဲ...။

*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

အဝိဇ္ဇာနဲ့ တဏှာနော်။ ဟုတ်တယ်။ ဒီ အဝိဇ္ဇာနဲ့တဏှာဆိုတဲ့ စကားလုံးလေးဟာ ဒကာ,ဒကာမတွေ ဘာနှစ်ဖြာလို့ခေါ်ပါလိမ့်...။

*"မူလနှစ်ဖြာပါဘုရား"*

ဘယ်သူကဟောကြားခဲ့တာတဲ့လဲဆိုရင်

http://www.dhammadownload.com



ဘုရားရှင်နဲ့တကွ ရှေးအရိယာသူတော်ကောင်းကြီးတွေကနော်။ ဒီခန္ဓာရဲ့လမ်းစဉ်ကို သိဖို့အတွက် ဒီခန္ဓာ့လမ်းစဉ် ဘဝသံသရာက လွန်မြောက်လိုတဲ့၊ ပြတ်လိုတဲ့ဆန္ဒရှိတဲ့ ပုဂ္ဂိုလ်မှန်သမျှတို့သည် ဒီပဋ္ဌိစ္စသမုပ္ပါဒ်ကို သိရမှာလား၊ မသိရဘူးလား...။

*"သိရမှာပါဘုရား"*

ပဋ္ဌိစ္စသမုပ္ပါဒ်ကို မသိဘဲနဲ့လဲပဲ သံသရာကြီးက လွတ်မြောက်နိုင်ပါ့မလား...။

*"မလွတ်မြောက်နိုင်ပါဘုရား"*

လွန်မြောက်နိုင်ဖို့ ခက်တယ်နော်။ ဘာကြောင့်လဲဆိုတော့ ကိုယ်သွားတော့သွားတယ်။ ဘယ်ရောက်မှန်းမသိ ဖြစ်နေတတ်ကြတယ်။ နားလည်တယ်နော်။ ဥပမာ–လူနှစ်ယောက်ဆုံတော့ဆုံပါရဲ့။ နှလုံးမသွင်းတဲ့အခါကျတော့ ယောက်ျားလား၊ မိန်းမလား မသိလိုက်ကြဘူးနော်။ သို့သော် နှလုံးသွင်းလိုက်တဲ့အခါကျတော့ သိတယ်။ တစ်ခါတစ်ရံ ကိုယ်က အိမ်ရှေ့မှာထိုင်နေတာပဲ။ လူဝင်သွားတယ်။ လူတော့

http://www.dhammadownload.com



ဝင်သွားတာပဲ။ ဒါပေမဲ့ ဘယ်သူမှန်းမသိလိုက်ဘူး။ နှလုံးမသွင်းတဲ့အခါကျတော့ မသိပါဘူးတဲ့။ နှလုံးသွင်းလိုက်တဲ့အခါကျတော့ အမျိုးသားတစ်ယောက်ဝင်သွားတယ်။ ဒီလိုသိတယ်။ ဟုတ်လား။ အမျိုးသားက ဘယ်သူပါလိမ့်လို့ နှလုံးသွင်းတော့ နာမည်ပါသိလာတယ်။ မောင်နီ ...စသည်ဖြင့်ပေါ့။ နှလုံးသွင်းလို့ သိတာနော်။ အဲဒီတော့ မနသိကာရဆိုတဲ့ နှလုံးသွင်းမှုဆိုတာလည်း ရှိမှဖြစ်မယ်နော်။ ဒီနှလုံးသွင်းမှုတရားလေးတွေရှိမှလည်း ခန္ဓာဖြစ်စဉ်ကို နားလည်နိုင်တယ်။ ခန္ဓာရဲ့လမ်းစဉ်ကို သဘောပေါက်နိုင်တယ်။ ကဲ...ဒါဆိုရင် ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတွေရဲ့ ဘဝအစ ခန္ဓာရဲ့အစသည် ဘာကစလာသတဲ့လဲ...။

*"မူလကပါဘုရား"*

ဟုတ်တယ်။ မူလကနော်။ မူလက ဘာနဲ့ ဘာတဲ့လဲဆိုရင် အဝိဇ္ဇာနဲ့ တဏှာတဲ့။ ဟုတ်လား။ ဒီလို နှစ်လုံးထွက်လာတယ်ပေါ့။ လောကမှာနော်။ ဒီဘုန်းကြီးတို့ သံသရာလောကမှာ

http://www.dhammadownload.com



ဒီပဋိစ္စသမုပ္ပါဒ်တရားကိုရွေးပြီး ထုတ်လိုက်တဲ့ အခါကျတော့ ဒီခန္ဓာ၏အစသည် ဘယ်သူနဲ့ ဘယ်သူတဲ့လဲ...။

*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

စာလုံးနှစ်လုံးထွက်လာတယ်နော်။ အကြီးမားဆုံး စာလုံးနှစ်လုံးပေါ့နော်။ အဲဒီအကြီးမားဆုံးစာလုံးနှစ်လုံးဟာ ဘုန်းကြီးတို့ဘဝ ဒကာ, ဒကာမတွေဘဝကို ဘာလုပ်စေတတ်တာလဲ။ ချမ်းသာစေတတ်သလား၊ ဆင်းရဲစေတတ်သလားဆိုရင် ဆင်းရဲစေတတ်တယ်နော်။ ဘုံဘဝတွေအထပ်ထပ်၊ ခန္ဓာတွေအထပ်ထပ် ရစေတတ်တာ ဘယ်သူနဲ့ ဘယ်သူတုံး...။

*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

သူကအစကိုး။ ဟုတ်လား။ ဘုန်းကြီးတို့ ခန္ဓာရော၊ ဒကာ,ဒကာမတွေခန္ဓာ အိုလာအောင်၊ နာလာအောင်၊ သေရမယ့်ခန္ဓာဖြစ်အောင်၊ သားကွဲ၊ မယားကွဲ၊ ဆွေကွဲ၊ မျိုးကွဲနဲ့ နောက်ဆုံး သုသာန်တစ သင်္ချိုင်းဝကိုပို့အောင်ထိ ဆောင်ရွက်ပေးတတ်တဲ့ ပုဂ္ဂိုလ်ကြီး၊ ရန်သူကြီးကို

http://www.dhammadownload.com



ကြည့်လိုက်မယ်ဆိုရင်၊ သုံးဆယ့်တစ်ဘုံကို အဖန် ဖန် အထပ်ထပ် ပို့ပေးစေတတ်တဲ့တရားကို ကြည့်လိုက်မယ်ဆိုရင် ဒကာ,ဒကာမတွေ ဘယ် သူနဲ့ဘယ်သူတဲ့လဲ...။

*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

ဩော်...အဝိဇ္ဇာနဲ့ တဏှာဆိုပါလား။ အဝိဇ္ဇာ နဲ့ တဏှာတဲ့နော်။ ဘာအစတုံး...။

*"ခန္ဓာရဲ့အစပါဘုရား"*

ခန္ဓာ၏အစ။ ဟုတ်တယ်။ ခန္ဓာဆိုတာလည်း ဒကာ,ဒကာမတွေ ဘာခန္ဓာလဲ။ ဒီနေ့ရရှိနေ တာ ဘာခန္ဓာလဲဆိုလို့ရှိရင် သမုတိနယ်ထဲမှာ ဘာခေါ်လဲ။ လူဆိုရင် လူ့ခန္ဓာ၊ နတ်ဆိုရင် နတ်ခန္ဓာ၊ ပညတ်နယ်ထဲကပဲ ပြောတာနော်။ ပြီးတော့လည်း ဗြဟ္မာဆိုရင် ဗြဟ္မာ့ခန္ဓာ၊ ငရဲ တိရစ္ဆာန်ကျတော့လည်း ငရဲခန္ဓာ၊ တိရစ္ဆာန် ခန္ဓာ၊ ပြိတ္တာခန္ဓာ မဆိုကြဘူးလား...။

*"ဆိုကြပါတယ်ဘုရား"*

ခန္ဓာကတော့ ခန္ဓာပါပဲ။ သမုတိနယ်ထဲ မယ် ခွဲခွဲခြားခြားပြောကြတယ်ပေါ့။ ဒီခန္ဓာတွေ

http://www.dhammadownload.com



ရအောင်လုပ်တာက ဘယ်သူနဲ့ဘယ်သူတဲ့လဲ။

*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

လူဖြစ်အောင်လည်း သူလုပ်တာပဲ။ နတ်ဖြစ်အောင်လည်း သူလုပ်တာပဲ။ ဗြဟ္မာဖြစ်အောင်လုပ်တာလည်း သူပဲ။ ငရဲပြည်ရောက်အောင်လည်း သူလုပ်တာပဲ။ သူက ကြမ်းလည်းကြမ်းတယ်။ ကြမ်းကြမ်းတမ်းတမ်းဘဝကိုရောက်အောင်လည်း သူပဲလုပ်တယ်။ ဒီလို သူတို့နှစ်ယောက်ကို သိလိုက်တဲ့အခါကျတော့ သူတို့နှစ်ယောက်ကလည်း ဘယ်မှာလာပြီး ဝင်နေခဲ့သလဲ၊ ဘယ်မှာလာပြီး နိုပ်စက်နေခဲ့သလဲဆိုရင် ဘယ်မှာတဲ့လဲ။ ခန္ဓာတည်းဟူသောစိတ်နော်။ စိတ်တည်းဟူသော နှလုံးသားမှာလာပြီးကိန်းတယ်။ ဘယ်မှာတဲ့လဲ...။

*"စိတ်တည်းဟူသော နှလုံးသားထဲမှာပါဘုရား"*

ဘယ်သူနဲ့ ဘယ်သူတဲ့လဲဆိုရင် အဝိဇ္ဇာဆိုတဲ့ တစ်ယောက်နဲ့ တဏှာဆိုတဲ့တစ်ယောက်နော်။ ဘုံဘဝတွေရဖို့အတွက် သူက နေ့မအား

http://www.dhammadownload.com



ညမအား ကြိုးစားခဲ့တယ်။ အဲသလိုကြိုးစားတဲ့ အခါကျတော့ တင်စားပြီးပြောရရင် သူတို့ဟာ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်လား၊ အသိဉာဏ်မရှိတာလားဆိုရင် အသိဉာဏ်မရှိဘူးတဲ့နော်။ အသိဉာဏ်ဆိုတာကလည်း လောကုတ္တရာ အသိဉာဏ်ကို ပြောတာ။ နားလည်ပြီနော်။ လောကုတ္တရာအသိဉာဏ်မရှိဆိုတာ ဒီခန္ဓာရဲ့ ဒုက္ခကိုမသိ၊ အပြစ်ကိုမမြင်၊ သမုဒယကိုမမြင်၊ မဂ္ဂကိုမပွားများ၊ နိရောဓသစ္စာကိုမသိ၊ အဲသလို သစ္စာလေးပါးကိုမသိဘဲ ဘဝသံသရာ တစ်လျှောက်လုံးမှာ ဒီခန္ဓာကိုယ်ရဲ့ နှလုံးသားထဲမှာ ဝင်ပြီးသကာလ နှောင့်ယှက်ခဲ့တဲ့ ပုဂ္ဂိုလ်နှစ်ယောက်ဟာ ဘယ်သူနဲ့ ဘယ်သူတဲ့လဲ...။

*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

အဝိဇ္ဇာက မသိတာ။ တဏှာက ခင်မင်တပ်မက်တာ။ မသိလို့ ခင်မင်တပ်မက်တယ်။ ဟုတ်လား။ ခန္ဓာ့ဒုက္ခကိုမသိလို့ ခန္ဓာကို ခင်မင်တပ်မက်တာ။ ခန္ဓာကိုလိုချင်တယ်။ တစ်ဘဝပြီး တစ်ဘဝ ဘုံဘဝတွေ အထပ်ထပ်

http://www.dhammadownload.com



ရအောင် ကြိုးစားတာဟာ အဝိဇ္ဇာခေါ်တဲ့ မသိမှုကြောင့် တဏှာခေါ်တဲ့ လိုချင်မှုဖြစ်လာတာ။ ဒီလောက်လေးပဲ သိထားလိုက်နော်။ ကဲ...ရှေ့ဆက်သွားမယ်။ မူလနှစ်ဖြာက ဘယ်သူနဲ့ ဘယ်သူ...

"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"

ပြီးတော့ ဘာနှစ်ပါးတဲ့လဲဆိုရင် သစ္စာနှစ်ပါးနော်။ သစ္စာနှစ်ပါးက နံပါတ်တစ် ဘာလဲ ပရိသတ်...။

*"သမုဒယသစ္စာပါဘုရား"*

နံပါတ်နှစ်က...

*"ဒုက္ခသစ္စာပါဘုရား"*

နံပါတ်သုံးက...

*"သမုဒယသစ္စာပါဘုရား"*

နံပါတ်လေးက...

*"ဒုက္ခသစ္စာပါဘုရား"*

ဟုတ်ပြီ။ ဒါတွေအကုန်လုံး တူရာပေါင်းလိုက်တော့ သစ္စာက ဘယ်နှစ်ပါးတဲ့လဲ။

*"နှစ်ပါးပါဘုရား"*

http://www.dhammadownload.com



ဘာသစ္စာနဲ့ ဘာသစ္စာတဲ့လဲ...။

*"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"*

ဒီနှစ်ခုပဲရှိတယ်နော်။ သမုဒယနဲ့ ဒုက္ခ ဟုတ်လား။ အပိုရှိရဲ့လား။

*"မရှိပါဘုရား"*

ဒီခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်းမှာ ဒီသမုဒယ၊ ဒုက္ခ အဲဒီနှစ်ခုပဲရှိတယ်။ ဒီခန္ဓာကိုယ်ကြီးထဲမှာ သမုဒယသစ္စာဆိုတာက ဘာဖြစ်စေတတ်သလဲဆိုရင် ခန္ဓာကိုရအောင် ဖန်တီးတတ်တယ်။ ဘာဖြစ်စေတတ်တယ်...။

*"ခန္ဓာကိုယ်ကို ရစေတတ်ပါတယ်ဘုရား"*

နော်...။ ခန္ဓာရဖို့အတွက်လည်း အမြဲမပြတ် ဖန်တီးတတ်တဲ့သဘောကို ဘာလို့ခေါ်တယ်...။

*"သမုဒယသစ္စာလို့ ခေါ်ပါတယ်ဘုရား"*

အေး...ခန္ဓာရတာကတော့...

*"ဒုက္ခသစ္စာပါဘုရား"*

တစ်နည်းပြောရရင်... ပြုလုပ်တတ်တဲ့ အကြောင်းတရားနဲ့ရရှိလာတဲ့ အကျိုးတရား

http://www.dhammadownload.com



ပေါ့နော်။ ပြုလုပ်တတ်သောတရားနဲ့ ရရှိနေသော အကျိုးတရား။ ဒီလိုဖြစ်လာတယ်။ ပြုလုပ်တာက ဘာသစ္စာတဲ့လဲဆိုရင် သမုဒယသစ္စာ။ ရရှိတာက ဒုက္ခသစ္စာ။ ဒါဆိုရင် ဘုန်းကြီးတို့ ဒီနေ့ခန္ဓာကိုယ်ကြီးထဲမှာ ဒီသူတော်ကောင်းတရား ခန္ဓာကိုယ်ထဲမှာ မကိန်းသေးတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်ထဲမှာ နံပါတ်တစ် ဘာသစ္စာကိန်းနေသလဲဆိုရင် "သမုဒယသစ္စာ"နော်။ နံပါတ်နှစ်က ဘာသစ္စာကိန်းနေသလဲ။

*"ဒုက္ခသစ္စာပါဘုရား"*

တစ်နဲ့နှစ်ကို မခွဲခြားပါဘဲနဲ့ နေလာတော့ အရှိနဲ့အသိနဲ့ မကိုက်နိုင်ကြဘူး။ အရှိနဲ့အသိနဲ့ မကိုက်ဘဲနေတဲ့အခါကျတော့ ခန္ဓာရဲ့လမ်းစဉ်ဟာ ဒကာ,ဒကာမတွေ ဘာသစ္စာနဲ့ ဘာသစ္စာ တွဲနေတယ်။

*"သမုဒယနဲ့ ဒုက္ခပါဘုရား"*

ဟုတ်ပြီ။ ဒီတရားမကိန်းသမျှကာလပတ်လုံး ခန္ဓာကိုယ်ထဲမှာ ဘာသစ္စာနဲ့ ဘာသစ္စာ တွဲနေတယ်...။

http://www.dhammadownload.com



*"သမုဒယနဲ့ ဒုက္ခပါဘုရား"*

ဩော်...တစ်ဘဝလား၊ တစ်သံသရာလုံး လား...။

*"တစ်သံသရာလုံးပါဘုရား"*

ဟို နောက်ပြန်ကြည့်လိုက်။ ဘုံဘဝတွေ ရေတွက်လို့ကုန်ရဲ့လား။

"မကုန်ပါဘုရား"

ရှေ့လည်း လှမ်းကြည့်လိုက်မယ်ဆိုရင် ဘုံဘဝတွေ ကုန်ပါ့မလား။

*"မကုန်ပါဘုရား"*

ဆုံးပါ့မလား...

*"မဆုံးပါဘုရား"*

ဒီလိုမဆုံးလောက်အောင်ထိ၊ တွေးလို့မရ လောက်အောင်ထိ ကျယ်ပြန့်လေးနက်အောင် လုပ်တာ ဘာသစ္စာရဲ့စွမ်းအားတဲ့လဲ...။

*"သမုဒယသစ္စာရဲ့ စွမ်းအားပါဘုရား"*

ဒါဖြင့် ရရှိလာတာကကော...

*"ဒုက္ခသစ္စာပါဘုရား"*

ဘာသစ္စာရဲ့စွမ်းအားကြောင့် ဘာသစ္စာ

http://www.dhammadownload.com



ရတာတဲ့လဲ...။

*"သမုဒယရဲ့စွမ်းအားကြောင့် ဒုက္ခသစ္စာ ရတာပါဘုရား"*

ဒီခင်မင်တပ်မက် တွယ်တာတဲ့စိတ်နဲ့ ပြု လုပ်တဲ့အခါကျတော့ မရလာဘူးလား...။

*"ရလာပါတယ်ဘုရား"*

ရလာတာက ဒုက္ခသစ္စာခေါ်တဲ့ အိုခန္ဓာ၊ နာခန္ဓာ၊ သေခန္ဓာကြီးကို ရရှိနေတာပေါ့။ ဒါ လေးကို ကွင်းကွင်းကွက်ကွက်မြင်အောင်လို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟော ကြားတော်မူတဲ့ တရားတော်ကို မိုးကုတ်ဆရာ တော်ဘုရားကြီးက စက်ဝိုင်းတီထွင်ပြီး ကိုယ် စားလှယ်အဖြစ်နဲ့ ဟောပြခဲ့တာ။ လူတွေသိကြ ပါစေ၊ တပည့်,ဒကာ,ဒကာမတွေ နားလည် ကြပါစေဆိုပြီး၊ ဉာဏ်အင်အားဓာတ်နည်းတဲ့ ပုဂ္ဂိုလ်များကို ဒီလိုစက်ဝိုင်းကြီးလုပ်ပြပြီး ရှင်း ပြရင် နားလည်ကြလိမ့်မယ်ဆိုပြီး ဒီလိုတီထွင် ခဲ့တာ ပရိသတ်။ မူက ဘယ်သူ့မူလဲ...။

*"ဘုရားရှင်ရဲ့မူပါဘုရား"*

http://www.dhammadownload.com



ဟုတ်တယ်။ ဘုရားရှင်ရဲ့မူနော်။ မြတ်စွာဘုရားရှင်က ဟောတယ်။ ဟော့…မူလနှစ်ပါးရှိတဲ့ ပုဂ္ဂိုလ်သန္တာန်ထဲမှာကွာ သစ္စာက နှစ်ပါးထပ်ရှိဦးမယ်တဲ့။ သစ္စာက ဘယ်နှစ်ပါးရှိမယ်။

*"နှစ်ပါးပါဘုရား"*

ဘာသစ္စာနဲ့ ဘာသစ္စာတဲ့လဲ…။

*"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"*

အဲဒီ သမုဒယနဲ့ ဒုက္ခဆိုတဲ့ သစ္စာနှစ်ပါး ထပ်ပြီးတော့ လာ,မလာ…။

*"လာပါတယ်ဘုရား"*

အဲဒီသစ္စာနှစ်ပါးပြီးရင် ဘာလာဦးမလဲ။ ထပ်ကြည့်လိုက်ပါဦး။ ဘာတဲ့လဲ…။

*"လေးခုအလွှာပါဘုရား"*

ဒီသစ္စာနှစ်ပါးရှိတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်ထဲမှာ ထပ်ဆင့်ပြီး ဘာလေးပါးရှိမယ်…။

*"အလွှာလေးပါးပါဘုရား"*

အလွှာလေးပါးရှိပါတယ်တဲ့။ တခြားမှာရှိတာလား။ ခန္ဓာမှာရှိတာလား…။

*"ခန္ဓာမှာရှိတာပါဘုရား"*

http://www.dhammadownload.com



ကဲ...အလွှာလေးပါးရှိတယ်ဆိုတော့ ဒကာ, ဒကာမတွေ နံပါတ်တစ်မှာ ဘာအလွှာတဲ့လဲ။ လှမ်းကြည့်ပါဦး...။

*"အတိတ်အကြောင်းတစ်လွှာပါဘုရား"*

နံပါတ်နှစ်ကော...

*"ပစ္စုပ္ပန်အကျိုးတစ်လွှာပါဘုရား"*

နံပါတ်သုံးက...

*"ပစ္စုပ္ပန်အကြောင်းတစ်လွှာပါဘုရား"*

နံပါတ်လေးက...

*"အနာဂတ်အကျိုးတစ်လွှာပါဘုရား"*

ပေါင်းလိုက်တော့ လေးခုအလွှာ ဟုတ်လား။ အလွှာဆိုတာ ဘာသဘောကိုခေါ်တာတဲ့လဲဆိုရင် ဖုံးလွှမ်းတတ်တဲ့သဘောနော်။ ဖုံးလွှမ်းတတ်တဲ့သဘောကို အလွှာလို့ခေါ်ပါတယ်တဲ့။ ဘာတွေကိုဖုံးလွှမ်းတတ်သလဲဆိုရင် အသိဉာဏ်မှန်သမျှတွေကို အကုန်လုံးဖုံးလွှမ်းထားတာ။ ဒီခန္ဓာရဲ့ဖြစ်စဉ်ကို မသိဘူး။ ဟုတ်လား။ ခန္ဓာရဲ့ ဖြစ်ခြင်း,ပျက်ခြင်း၊ အစ,အလယ်,အဆုံး သုံးပါးလုံးကို မသိဘူး။ ဒီခန္ဓာကိုယ်ကြီး တို့

http://www.dhammadownload.com



ရထားတဲ့ ဒီခန္ဓာကိုယ်ကြီးဟာ အိုရမယ့်ခန္ဓာ၊ နာရမယ့်ခန္ဓာ၊ သေရမယ့်ခန္ဓာကြီးပဲလို့ မသိအောင် ဖုံးလွှမ်းထားတဲ့သဘောကိုပင်လျှင် ဘာလို့ခေါ်သလဲဆိုရင် အလွှာလို့ခေါ်တယ်နော်။ ဘာတဲ့လဲ...။

*"အလွှာပါဘုရား"*

ဪ...အလွှာတရားတွေက ဖုံးလွှမ်းထားတော့ အရှိကိုအရှိအတိုင်း သိနိုင်ပါ့မလား။

*"မသိနိုင်ပါဘုရား"*

မသိတော့ဘူးနော်။ ဘယ်တုန်းကတည်းက ဖုံးလွှမ်းထားခဲ့တဲ့အလွှာလဲဆိုရင် ဘာတဲ့လဲ။ အတိတ်က ဖုံးလွှမ်းထားခဲ့တဲ့အလွှာက တစ်မျိုး။ ပြီးတော့ ပစ္စုပ္ပန်မှာဖုံးလွှမ်းနေခြင်းအလွှာက တစ်မျိုး။ ပြီးတော့ ပစ္စုပ္ပန်အကြောင်းမှာလာပြီးတော့ ဖုံးလွှမ်းတဲ့အလွှာကတစ်မျိုး၊ အနာဂတ်မှာဖုံးလွှမ်းခြင်းတစ်မျိုးဆိုပြီး ဖုံးလွှမ်းခြင်းတရားလေးမျိုးရှိပါတယ်တဲ့။ ဘယ်နှစ်ပါးတဲ့လဲ။

*"လေးပါးပါဘုရား"*

အတိတ်ရယ်၊ ပစ္စုပ္ပန်အကျိုးရယ်၊ ပစ္စုပ္ပန်

http://www.dhammadownload.com



အကြောင်းရယ်၊ အနာဂတ်အကျိုးရယ်ဆိုပြီး တော့ ဘယ်နှစ်ပါးတဲ့လဲ။

*"လေးပါးပါဘုရား"*

အဲဒီလေးပါးတို့သည် ဒကာ,ဒကာမတွေ တခြားမှာဖြစ်ပေါ်နေတာလား၊ ခန္ဓာမှာဖြစ်ပေါ် နေတာလား...။

*"ခန္ဓာမှာဖြစ်ပေါ်နေတာပါဘုရား"*

စာထဲမှာဖြစ်ပေါ်နေတာမဟုတ်ဘူးနော်။ အတိတ်အကြောင်းလို့ ဆိုပင်ဆိုငြားသော်လည်း သေချာစဉ်းစားကြည့်ရင် ဘယ်ထဲမှာဖြစ်နေ တာတဲ့လဲ...။

*"ခန္ဓာထဲမှာ ဖြစ်နေတာပါဘုရား"*

အတိတ်ခန္ဓာထဲမှာဖြစ်ခဲ့တာဟုတ်လား။ ဒါဆိုရင် ပစ္စုပ္ပန်အကျိုးဆိုပြန်တော့လဲပဲ ခန္ဓာ ပါပဲတဲ့။ ပစ္စုပ္ပန်အကြောင်းဆိုပြန်တော့လဲပဲ ခန္ဓာပါပဲတဲ့။ အနာဂတ်အကျိုးဆိုပြန်တော့လဲ ပဲ ခန္ဓာမှာဖြစ်နေတာပါပဲတဲ့။ ခန္ဓာရတဲ့ပုဂ္ဂိုလ် သန္တာန်တွေထဲမှာ ဒီအလွှာဓာရားတွေ ဖုံးလွှမ်း ပြီး ရှိနေသလား၊ ရှိမနေဘူးလား...။

http://www.dhammadownload.com



*"ရှိနေပါတယ်ဘုရား"*

ထိုအလွှာတရားတွေ ဖုံးလွှမ်းထားခြင်းကြောင့် ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတွေ ဘဝဟာ သံသရာကြီးထဲမှာ မျောပြီးတော့ လူခေါင်းပြောင်းလိုက်၊ နတ်ခေါင်းပြောင်းလိုက်၊ ဗြဟ္မာခေါင်းပြောင်းလိုက်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝ၊ အပါယ်လေးဘုံရောက်ရပြီး သုံးဆယ့်တစ်ဘုံ လည်ပတ်နေရတာဟာ ဒီတရားတွေ ဖုံးလွှမ်းထားလို့ဆိုတာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချ။ ဟုတ်လား။ နားလည်ပြီနော်။

ဒီနေ့ ဒီအလွှာတရားတွေကို ရှုးစိုက်ပြီးတော့ ရှုမှတ်လိုက်တဲ့အခါကျတော့ ပစ္စုပ္ပန် အလွှာကို ဘာနဲ့ခွါနေသလဲဆိုရင် ဉာဏ်နဲ့ခွါနေတာလို့ ခေါ်တယ်။ ဘာနဲ့တဲ့လဲ...။

*"ဉာဏ်နဲ့ပါဘုရား"*

ဟော...ရှုးစိုက်ကြည့်နေတယ်လေ။ ရှုးစိုက်ကြည့်နေတဲ့အခါကျတော့ အကြည့်ခံခန္ဓာရဲ့သဘောတွေကို ဒကာ,ဒကာမတွေ တွေ့လာပါလိမ့်မယ်။ ပူလာတယ်၊ အေးလာတယ်၊ တောင့်

http://www.dhammadownload.com



တင်းလာတယ်၊ ကိုက်ခဲလာတယ်၊ ညောင်းညာလာတယ်၊ မတွေ့ဘူးလား…။

*"တွေ့ပါတယ်ဘုရား"*

တွေ့တော့ ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်သတ္တဝါက ပူတာလား၊ ရုပ်ကဖြစ်တာလား။

*"ရုပ်ကဖြစ်တာပါဘုရား"*

ရုပ်တရားလို့ သိတာကလဲပဲ နှလုံးသွင်းလို့မှ သိတာနော်။ နှလုံးမသွင်းလို့ရှိရင် သိနိုင်ရဲ့လား…။

*"မသိနိုင်ပါဘုရား"*

သို့သော်…ဒကာ,ဒကာမတွေ နှလုံးသွင်းမှားယွင်းတဲ့အခါကျတော့ ပူတာလည်းငါပဲ၊ အေးတာလည်းငါပဲ၊ နာတာလည်းငါပဲ၊ တောင့်တင်းတာလည်းငါပဲဆိုပြီး ပုဂ္ဂိုလ်သတ္တဝါပဲ ထင်နေတာနော်။ ငါညောင်းတာ၊ ငါကိုက်တာ၊ ငါတောင့်တာ၊ ငါတင်းတာပဲဆိုပြီးတော့ ငါပဲလို့ စွဲလမ်းနေတဲ့သဘောကို ဘာလို့ခေါ်ပါလိမ့်…။

*"အလွှာလို့ခေါ်ပါတယ်ဘုရား"*

http://www.dhammadownload.com



ဖုံးလွှမ်းထားတယ်မဟုတ်လား။ မိမိသန္တာန်ထဲမှာ တကယ့်ကို အရှိကိုအရှိအတိုင်း ဒါ ရုပ်တရားပဲ၊ ဒါ နာမ်တရားပဲလို့ ပိုင်းခြားပြီး မသိတဲ့သဘောလေးကို ပြောတယ်မဟုတ်လား။ ကဲ...ခုတော့ ဒကာ,ဒကာမတွေက ဉာဏ်နဲ့ အကဲခတ်ကြည့်တဲ့အခါကျတော့ အကြည့်ခံ သဘောလေးတွေဟာ စက္ကန့်တိုင်း...စက္ကန့် တိုင်း ကြည့်တိုင်း,ကြည့်တိုင်းမှာဖြင့် တခြား တွေက ပြတာလား၊ ရုပ်တရားက ပြတာ လား...။

*"ရုပ်တရားက ပြတာပါဘုရား"*

ရုပ်တရားက ဟိုနားကတစ်မျိုး၊ ဒီနားက တစ်မျိုးပြတဲ့သဘောကို ဘာလို့ခေါ်တယ်...။

*"ရုပ်တရားလို့ ခေါ်ပါတယ်ဘုရား"*

အဲဒီရုပ်တရားကပြတဲ့သဘောကို ထိုးထိုး ထွင်းထွင်းသိနေတဲ့ အသိစိတ်ကလေးက နာမ် တရားဆိုတော့ ဘာနဲ့ဘာပဲရှိတယ်...

*"ရုပ်နဲ့နာမ်ပါဘုရား"*

ယောကျ်ားရှိသလား...

http://www.dhammadownload.com



*"မရှိပါဘုရား"*

မိန်းမရှိသလား...

*"မရှိပါဘုရား"*

ပုဂ္ဂိုလ်တွေ့သလား...

*"မတွေ့ပါဘုရား"*

သတ္တဝါတွေ့သလား...

*"မတွေ့ပါဘုရား"*

အသက်ဇီဝကော...မတွေ့ပါဘူးနော်။ ဘာသဘောနဲ့ ဘာသဘောတဲ့လဲ...။

*"ရုပ်သဘောနဲ့ နာမ်သဘောပါဘုရား"*

ဟုတ်တယ်။ ရုပ်သဘောနဲ့ နာမ်သဘောလေးနှစ်ခုပဲတွေ့တော့ အတွေ့ခံရုပ်တရားဟာလည်း ဖြစ်ပြီး ချုပ်ပျောက်နေတယ်။ အတွေ့ဉာဏ် နာမ်တရားကလည်း ဖြစ်ပြီး ချုပ်ပျောက်နေတယ်။ ဒါဆိုရင် ဖြစ်ခြင်းပျက်ခြင်းကလွဲပြီး အပိုရှိရဲ့လား...။

*"မရှိပါဘုရား"*

မရှိတာ တွေ့,တွေ့နေတဲ့အခါမှာ အလွှာတွေ ကွာနေတာ။ တစ်လွှာချင်း တစ်လွှာချင်း

http://www.dhammadownload.com



ကွာနေတာ။ လုံးဝမရှိတာတွေ့တဲ့နေ့မှ အလွှာဆုံးတဲ့နေ့နော်။ မဂ်ဉာဏ်ကိန်းရင် အလွှာကုန်ပြီနော်။ မဂ်ဉာဏ်ကိန်းရင် ဘာကုန်...

*"အလွှာကုန်တာပါဘုရား"*

အလွှာတွေကွာလို့ကုန်ရင် အဲဒါ မဂ်ကိန်းပြီမှတ်။ ရှင်းပြီနော်။ အလွှာက ဘယ်နှစ်ပါးတဲ့လဲ...။

*"လေးပါးပါဘုရား"*

လေးပါးမှာ အတိတ်ကတော့ ထားပါတော့။ ပစ္စုပ္ပန်ခန္ဓာ၏ အလွှာတွေ ထပ်မဖုံးအောင်ကြိုးစားဖို့တော့လိုတယ်။ ဟုတ်လား။ နားလည်တယ်နော်။ ပစ္စုပ္ပန်မှာ ထပ်မဖုံးအောင် ကြိုးစားဖို့ သင့်ပါတယ်။ ဟာ...ဒါဆိုရင် ပစ္စုပ္ပန်မှာ ထပ်,ထပ်ဖုံးနေမယ်ဆိုရင် ပစ္စုပ္ပန်အကျိုးက ဘယ်ကိုဆက်မယ်။ ပစ္စုပ္ပန်အကြောင်းကိုဆက်မယ် ဟုတ်လား။ အဲဒီပစ္စုပ္ပန်အကြောင်းရောက်လာတော့ ခန္ဓာကိုယ်ထဲမှာဖြစ်ဖြစ်နေတဲ့အလွှာကို ပစ္စုပ္ပန်မှာ မခွါနိုင်ဘဲ လက်ခံလိုက်တဲ့အခါကျတော့ နံပါတ်သုံးက နံပါတ်လေး

http://www.dhammadownload.com



ဖြစ်တဲ့ ဘယ်အလွှာကိုရောက်မယ်။

*"အနာဂတ်အကျိုးအလွှာကိုပါဘုရား"*

အနာဂတ်အကျိုးဖြစ်တာပေါ့။ ဒါဆိုရင် အလိုလိုဖြစ်လာတာလား။ လက်ခံလို့ဖြစ်တာလား...။

*"လက်ခံလို့ဖြစ်တာပါဘုရား"*

နံပါတ်သုံးက လက်ခံခြင်း၏ အကြောင်းတရား။ နံပါတ်လေးက လက်ခံခြင်း၏ အကျိုးတရား။ နားလည်ပြီမဟုတ်လား။ ဒါကြောင့် နံပါတ်တစ်က ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက သဒ္ဓါတရားရှိတယ်ဆိုတော့ လာတာမှန်သမျှ အကုန်လုံး လက်ခံတတ်တယ်လေ။ ဘာတွေကို လက်ခံသလဲဆိုရင် ကောင်းတာလည်းလက်ခံတယ်၊ မကောင်းတာလည်းလက်ခံတယ်။ ဟုတ်လား။ အဲဒီလိုအလွှာတရား လက်ခံတဲ့ခါကျတော့ လက်ခံလို့ရရှိလာတာက အလွှာတရားအကျိုးတရား ဘာသစ္စာကြီးတုံး...။

*"ဒုက္ခသစ္စာပါဘုရား"*

ဒါဆိုရင် သစ္စာကြီး ပွင့်သွားပြီနော်။ အသိ

http://www.dhammadownload.com



ဉာဏ်ပွင့်သွားတဲ့ပုဂ္ဂိုလ်များ၊ ဝိပဿနာတရားနဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်များကျတော့ အလွှာတရားကို လက်စသတ်တော့ တို့အရှိနဲ့ အသိမကိုက်အောင် ဖုံးလွှမ်းထားတာ ဒီအလွှာတရားပဲလို့ ဆုံးဖြတ်ချက်ချ။ နားလည်ပြီနော်။ ဒီ သိလာတဲ့ပုဂ္ဂိုလ်များကျတော့ အရှိသဘောလေးကို နားလည်လာတယ်။ အသိဉာဏ်လေးဝင်လာတယ်။ ခန္ဓာငါးပါး အရှိပေါ်မှာ အသိဉာဏ်လေးနဲ့ ဆင့်ကဲဆင့်ကဲ ရှုနေတော့ ဒါ ငါ့သဘောမှ မဟုတ်ဘဲ၊ သူ့သဘောသူဆောင်နေတာပါ လားလို့ မမြင်လာဘူးလား…။

*"မြင်လာပါတယ်ဘုရား"*

ဘာသဘောတဲ့လဲ…

*"သူ့သဘောပါဘုရား"*

သူ့သဘောသူဆောင်နေတာ။ ခန္ဓာ့လမ်းစဉ်က သူ့သဘောသူဆောင်နေပါပေါ့လားလို့ ဆောင်နေတာကို ဆောင်နေမှန် ဉာဏ်ကလေးနဲ့ ထိုးထွင်းလို့သိရင် အဲဒါ မဂ္ဂင်လို့ခေါ်တယ်။ အဲဒါ အလွှာတွေဖြတ်နေတာ၊ ခွါနေတာ ဟုတ်

http://www.dhammadownload.com



လား။ ရှင်းတယ်နော်။ ကဲ…ရှေ့ဆက်သွား လိုက်ပါဦး။ လေးခုအလွှာပြီးရင် ဘာတဲ့လဲ…။

*"အင်္ဂါတစ်ဆယ့်နှစ်ပါးပါဘုရား"*

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အင်္ဂါ တစ်ဆယ့်နှစ်ပါးလည်း ရှိပါသေးတယ်တဲ့။ ဘုရားရှင်ဟောတဲ့တရားတွေ သိပ်သိမ်မွေ့ တယ်နော်။ တစ်လုံးချင်း၊ တစ်လုံးချင်း လှမ်း ကြည့်လို့ရှိရင် ဘုန်းကြီးတို့ဉာဏ်နဲ့ မမီဘူး။ ပရိသတ်တွေဉာဏ်နဲ့ မီနိုင်ပါ့မလား…။

*"မမီနိုင်ပါဘုရား"*

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဉာဏ် တော်က သိပ်ကျယ်ပြန့်တယ်။ ဉာဏ်ကြီးပိုင် ရှင်ကိုးနော်။ မြတ်စွာဘုရားကိုယ်စားလှယ်အဖြစ် နဲ့ ဟောတော်မူတဲ့ မိုးကုတ်ဆရာတော်ဘုရား ကြီးရဲ့ ဉာဏ်ကလည်း သိပ်ပြီး ကြီးမားတယ် နော်။ ဘုန်းကြီးတို့က ဒီစက်ဝိုင်းကြီးကို ပထမ ကြားဖူးတာက မိုးကုတ်စက်ဝိုင်း…မိုးကုတ်စက် ဝိုင်းဆိုတော့ ဟာ…မိုးကုတ်စက်ဝိုင်းဆိုတာ ဘာ ကိုဆိုထားပါလိမ့်…။ ဘာကို စက်ဝိုင်းလို့ခေါ်

http://www.dhammadownload.com



ပါလိမ့်။ စက်ဝိုင်းဆိုတာ ဘာလဲ။ ဘယ်လို ဖြစ်တာလဲ။ စာတွေရေးထားတာကလည်း အဝိဇ္ဇာတဲ့၊ တဏှာတဲ့။ ဘာတွေမှန်းလဲမသိဘူး။ ဒါ တွေက ဘာတွေကိုပြောထားပါလိမ့်။ အစတုန်း က ဒီလိုတွေးနေတာ လက်စသတ်တော့ ခု သဘောပေါက်နားလည်လာတော့မှ အို...ပဋိစ္စ သမုပ္ပါဒ်စက်ဝိုင်းဆိုတာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း တစ်ခုလုံးဟာ တခြားတွေလား၊ တရားတွေလား ဒကာ,ဒကာမတွေ...။

*"တရားတွေပါဘုရား"*

တရားတွေပဲကိုး။ ခန္ဓာကိုယ်ထဲမှာရှိတာ အကုန်လုံးကို တစ်လုံးချင်းတစ်လုံးချင်း ရှင်းထားတာ။ ဒါကြောင့် ဘုန်းကြီးတို့ ခဏခဏ ပြောပါတယ်။ ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်ကို သွားတဲ့ မြေပုံတဲ့လဲ။

*"နိဗ္ဗာန်ကိုသွားတဲ့မြေပုံပါဘုရား"*

နိဗ္ဗာန်ကိုသွားတဲ့မြေပုံကြီးလို့ ဆုံးဖြတ်ချက် ချထား။ ဟုတ်လား။ ဘယ်ကိုသွားတဲ့မြေပုံ...။

*"နိဗ္ဗာန်ကိုသွားတဲ့မြေပုံပါဘုရား"*

http://www.dhammadownload.com



ဒါကြည့်ပြီးသွားရတယ်။ မှားတာကို မှားမှန်းသိ။ မှားတဲ့လမ်းကို မလိုက်နဲ့။ ရှင်းပြီလား။ မှန်တဲ့လမ်းကိုလိုက်။ လမ်းစပျောက်ရင် နိဗ္ဗာန်တံခါးကွယ်နေတယ်။ ရှင်းတယ်နော်။ ဒါကြောင့် ဒီပဋိစ္စသမုပ္ပါဒ်ဟာ ဒကာ,ဒကာမတွေ ဘယ်ကိုသွားတဲ့မြေပုံဆိုတာ ပြန်ပြောပါဦး။

*"နိဗ္ဗာန်ကိုသွားတဲ့မြေပုံပါဘုရား"*

မြေပုံမပျောက်စေနဲ့။ အိတ်ထဲမှာ အမြဲတမ်းထည့်ထား။ ဟုတ်ပြီလား။ ထည့်ထားဖို့တရားဟောနေတာ။ ရှင်းပြီမှုဟုတ်လား။ ကဲ...အင်္ဂါတစ်ဆယ့်နှစ်ပါးထဲမှာ နံပါတ်တစ်ထဲမှာ ဘာတွေတဲ့လဲ။ ပြောပါဦး...။

*"အဝိဇ္ဇာနဲ့ သင်္ခါရပါဘုရား"*

အဝိဇ္ဇာနဲ့ သင်္ခါရသည် နံပါတ်တစ်ထဲမှာ နှစ်ခုပါနေတယ်နော်။ ကဲ...နံပါတ်နှစ်ထဲကို လှမ်းကြည့်လိုက်ပါဦး။ ဘာတွေတဲ့လဲ...။

*"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား"*

ဟုတ်ပြီ၊ နံပါတ်နှစ်ထဲမှာ အင်္ဂါဘယ်နှစ်ပါး

http://www.dhammadownload.com



ပါနေတယ်...

*"ငါးပါးပါဘုရား"*

ကဲ...နံပါတ်သုံးထဲလှမ်းကြည့်လိုက်ပါဦး။ ဘာတွေတဲ့လဲ...။

*"တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါဘုရား"*

နံပါတ်သုံးထဲမှာ အင်္ဂါဘယ်နှစ်ပါးပါနေ တယ်။

*"သုံးပါးပါဘုရား"*

နံပါတ်လေး လှမ်းကြည့်ပါဦး။ ဘာတွေ လဲ...။

*"ဇာတိ၊ ဇရာ မရဏပါဘုရား"*

အေး...ဇာတိ၊ ဇရာ မရဏဆိုပြီး ဘယ် နှစ်ပါး ပါနေတယ်။

*"နှစ်ပါးပါဘုရား"*

နှစ်ပါးနော်။ နံပါတ်တစ်မှာ ဘယ်နှစ်ပါး...

*"နှစ်ပါးပါဘုရား"*

နံပါတ်နှစ်မှာကော...

*"ငါးပါးပါဘုရား"*

နံပါတ်သုံးမှာ...

http://www.dhammadownload.com



*"သုံးပါးပါဘုရား"*

နံပါတ်လေးမှာ...

*"နှစ်ပါးပါဘုရား"*

ပေါင်းလိုက်တော့ အင်္ဂါတစ်ဆယ့်နှစ်ပါး ရတယ်နော်။ ဒါက နံပါတ်နဲ့ဟောတာ။ နောက် ...တရားဟောလို့ရှိရင် နံပါတ်နဲ့လှမ်းလှမ်းမေး လို့ရှိရင်လည်း ဒကာ,ဒကာမတွေ ဖြေတတ်ရ မယ်နော်။ သိစေချင်တဲ့ဆန္ဒနဲ့ ပြောတာနော်။ ကဲ...အဝိဇ္ဇာဆိုတာ ဘာလေးပါးကို မသိတာ တဲ့လဲ...။

*"သစ္စာလေးပါးကိုပါဘုရား"*

ဟုတ်တယ်။ သစ္စာလေးပါး၊ ကံ,ကံ၏ အကျိုး၊ ပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာ,ရုပ်,နာမ်...ဒါ တွေ အကုန်လုံးကို မသိတာ 'အဝိဇ္ဇာ'တဲ့။ ဟုတ်လား။ မသိသင့်တာဟူသမျှ အကုန်လုံး သိပြီး၊ သိသင့်တာဟူသမျှ ဘာမှကို မသိတာ က အဝိဇ္ဇာတဲ့။ ဟုတ်ပြီလား။ 'မသိတဲ့သဘော' ကို 'အဝိဇ္ဇာ'လို့ခေါ်တယ်နော်။

သင်္ခါရဆိုတာက ဘာကိုခေါ်တာလဲဆိုရင်

http://www.dhammadownload.com



ပြုလုပ်တာ။ ဟုတ်လား။ ဘာတွေကို ပြုလုပ်သလဲဆိုရင် ကာယကံနဲ့ပြုလုပ်တယ်၊ ဝစီကံနဲ့ပြုလုပ်တယ်၊ မနောကံနဲ့ပြုလုပ်တာ အကုန်လုံး သင်္ခါရလို့ခေါ်တယ်နော်။ အဝိဇ္ဇာပစ္စယာသင်္ခါရတဲ့။ အဝိဇ္ဇာတည်းဟူသော မသိမှုသဘောကြောင့် သင်္ခါရတည်းဟူသော ပြုပြင်စေ့ဆော်မှုတွေ ဖြစ်ရပါတယ်တဲ့။ ဟုတ်ပြီလား။ ပြီးတော့ သင်္ခါရပစ္စယာဝိညာဏံလို့ဆိုတယ်။ သင်္ခါရတည်းဟူသော အကြောင်းကြောင့် ဝိညာဏ်တည်းဟူသော အကျိုးဖြစ်ရပါတယ်တဲ့။ ဘယ်သူ့ကြောင့် ဘယ်သူဖြစ်တာတဲ့လဲ။

*"သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တာပါဘုရား"*

သင်္ခါရကကော ဘယ်သူ့ကြောင့်ဖြစ်တာလဲ...။

*"အဝိဇ္ဇာကြောင့်ပါဘုရား"*

ဟုတ်တယ်။ ဒါလေးတော့ နားရှင်းထားနော်။ ပဋိစ္စသမုပ္ပါဒ်နဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်တွေ၊ ဝိပဿနာတရားနဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်တွေဟာ အရိပ်ပြရင် ဘာကိုမြင်ရမယ်...။

http://www.dhammadownload.com



*"အကောင်မြင်ရပါမယ်ဘုရား"*

အကောင်မြင်ပါစေ။ ဟုတ်ကဲ့လား။ မြင်ပြီမဟုတ်လား။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရတည်းဟူသောအကြောင်းကြောင့် ဝိညာဏ်တည်းဟူသော အကျိုးဖြစ်တယ်။ ဟုတ်ပြီ။ အဲဒီဝိညာဏ်ဆိုတာက ဘာကိုပြောတာတဲ့လဲဆိုရင် "ပဋိသန္ဓေဝိညာဏ်"ကိုပြောတာနော်။ ဘာဝိညာဏ်...။

*"ပဋိသန္ဓေဝိညာဏ်ပါဘုရား"*

နားလည်ပြီနော်။ အဲဒီပဋိသန္ဓေဝိညာဏ်ထဲမှာ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်လို့ မလာဘူးလား။

"လာပါတယ်ဘုရား"

ဘယ်နှစ်ပါးရှိလဲ...

*"ခြောက်ပါးပါဘုရား"*

အဲဒီခြောက်ပါးကို အဓိပ္ပာယ်ဖွင့်ဆိုရရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုပြီး မပေါ်လာဘူးလား...။

http://www.dhammadownload.com



*"ပေါ်လာပါတယ်ဘုရား"*

ပေါ်လာခဲ့တယ်နော်။ အဲဒါတွေဟာ သဘောလေးကိုခေါ်တာ။ ပဋိသန္ဓေစိတ် ဖျတ်ခနဲဆိုရင် ဝိညာဏက္ခန္ဓာ အသိစိတ်ကလေးလာဖြစ်တာ။ အဲဒီဝိညာဏက္ခန္ဓာက ခန္ဓာပဋိသန္ဓေဖြစ်ပြီး ကတည်းကိုက ဘယ်သူနဲ့ ဘယ်သူ ထပ်ဆင့်ရှိနေသလဲဆိုရင် နာမ်နဲ့ ရုပ်နော်။ ပေါ်မနေဘူးလား...။

*"ပေါ်နေပါတယ်ဘုရား"*

ခန္ဓာကိုယ်ထဲမှာ ထပ်ဆင့် ဘာနဲ့ဘာပေါ်နေတယ်...။

*"နာမ်နဲ့ ရုပ်ပါဘုရား"*

နာမ်နဲ့ရုပ်ဆိုတာ ဒကာ,ဒကာမတွေ နားလည်တယ်နော်။ နာမ်ဆိုတာက သိတတ်တဲ့ သဘောတရားလေးနဲ့ ရုပ်ဆိုတာ ခုနကပြောခဲ့တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ရုပ်တရား။ အဲဒီပဋိသန္ဓေဝိညာဏ်နဲ့တွဲပြီးတော့ ပဋိသန္ဓေ နာမ်,ရုပ် ပေါ်လာနေတာ။

အကြောင်းရှိလို့ အကျိုးဖြစ်နေတာနော်။

http://www.dhammadownload.com



အကြောင်းမရှိဘဲ အကျိုးဖြစ်ပါ့မလား...။

*"မဖြစ်ပါဘုရား"*

အကြောင်းကြောင့် အကျိုးဖြစ်တာလေး တော့ သိထားလိုက်။ ဟုတ်ပြီလား။ အင်္ဂါ တစ်ဆယ့်နှစ်ပါးလုံးဟာ မိုးပေါ်ကကျလာတာ လား၊ အကြောင်းကြောင့် အကျိုးဖြစ်တာလား။

*"အကြောင်းကြောင့် အကျိုးဖြစ်တာပါ ဘုရား"*

ဘုရားရှင်က ဖန်တီးတာလား၊ အကြောင်း ကြောင့် အကျိုးဖြစ်တာလား...။

*"အကြောင်းကြောင့် အကျိုးဖြစ်တာပါ ဘုရား"*

ဟုတ်ပါပြီ။ အကြောင်းကြောင့် အကျိုးဖြစ် တာကလွဲလို့ တခြားအပိုရှိရဲ့လား။

*"မရှိပါဘုရား"*

ဒါဆိုရင် ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်, ရုပ် ပေါ်လာနေတာ သေချာနေပြီပေါ့။ ဝိညာဏ် ကိုလည်း ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ် ဆိုပြီး နှစ်ခုခွဲရတယ်နော်။ ဘုန်းကြီးတို့က

http://www.dhammadownload.com



ဒီနေရာမှာ ပဋိသန္ဓေဝိညာဏ်ကိုပဲ ကောက်လိုက်တာ။ ပဝတ္တိဝိညာဏ်ကို ကောက်လို့မရဘူးနော်။ သဠာယတနပိုင်းဆိုင်ရာကိုရောက်မှ ပဝတ္တိပိုင်းလေးတွေကိုပါ ကောက်လို့ရလာတာနော်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အကြည်ဓာတ်လေးတွေ ဖြစ်လာတော့မှ ပဝတ္တိပိုင်းလေးတွေ ဖြစ်လာတာဟုတ်လား။ ကဲ...ဆက်လိုက်ပါဦး၊ နာမ်,ရုပ်တည်းဟူသော အကြောင်းကြောင့် ဘာတွေပေါ်လာနေသလဲတဲ့...။

"သဠာယတနပါဘုရား"

သဠာယတနတည်းဟူသော အကြည်ခြောက်ပါးဆိုတာကလဲပဲ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ စိတ်ဆိုတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အကြည်ခြောက်ပါးကို ပြောတာနော်။ ဆက်လိုက်ပါဦး။ သဠာယတနပစ္စယာ...ဘာတဲ့လဲ...။

*"ဖဿပါဘုရား"*

ဖဿဆိုတာက တွေ့ထိမှုသဘော။ သဠာ

http://www.dhammadownload.com



ယတနတည်းဟူသော အကြည်ခြောက်ပါးကြောင့် တွေ့ထိမှုဆိုတဲ့ ဖဿဖြစ်ရပါတယ်တဲ့။ ဟုတ်လား။

ဘာကြောင့် ဘာသဘောဖြစ်တယ်...။

*“သဠာယတနကြောင့် ဖဿဖြစ်ပါတယ်ဘုရား”*

တွေ့ထိတယ်ဆိုတာ ဥပမာ–ခြေထောက်နဲ့ မြေကြီးနဲ့ထိတဲ့အခါကျတော့ ပူတာလည်းသိတယ်၊ အေးတာလည်းသိတယ်ပေါ့။ ခြေထောက်တည်းဟူသောကိုယ်မှာ အကြည်ဓာတ်ရှိလို့ သိတာနော်။ သဠာယတနတည်းဟူသော အကြည်ဓာတ်မရှိရင် တွေ့ထိတဲ့သဘော သိပါ့မလား။

*“မသိနိုင်ပါဘုရား”*

အဲဒီ တွေ့ထိတဲ့သဘောကို ဘာလို့ခေါ်တယ်...။

*“ဖဿပါဘုရား”*

ကဲ...ဆက်လိုက်ပါဦး။ ဖဿ ပစ္စယာ ဘာတဲ့လဲ...။

http://www.dhammadownload.com



*"ဝေဒနာပါဘုရား"*

ဖဿတည်းဟူသော အကြောင်းကြောင့် ဝေဒနာတည်းဟူသော အကျိုးဖြစ်ပါတယ်တဲ့။ တွေ့ထိမှုအကြောင်းကြောင့် ခံစားမှုဆိုတဲ့ဝေဒနာ ဖြစ်ရပါတယ်တဲ့။ ဝေဒနာဆိုတာက ခံစားတဲ့ သဘောကိုခေါ်တာနော်။ ခံစားတာကိုပြောတာ။ ဒီနေ့ ဒကာ,ဒကာမတွေ အာရုံနဲ့ ဒွါရ တိုက်ဆိုင်လို့ သဘောတွေကျနေတာဆိုရင် အဲဒါ ဝမ်းမြောက်မှုဆိုတဲ့ သောမနဿဝေဒနာပေါ့။ ကိုယ်ချမ်းသာနေတယ်ဆိုရင် သုခဝေဒနာ။ သဘောမကျဘူး၊ တရားမှတ်ရတာ မှတ်လို့ မကောင်းဘူး၊ တစ်မျိုးကြီးဖြစ်နေတယ်ဆိုရင်၊ အလိုမကျဘူးဆိုရင် ဒေါမနဿဝေဒနာ၊ မှတ်ရတာ နာကျင်ကိုက်ခဲလိုက်တာဆိုရင် ဒုက္ခဝေဒနာ။ ဟုတ်ကဲ့လား။ တစ်ခါတစ်ရံ မှတ်လို့မကောင်းတာလည်းမဟုတ်၊ ကောင်းတာလည်းမဟုတ်၊ ဖွာကြဲကြဲနဲ့ ဘာမှန်းကိုမသိဘူးဆိုရင် အဲဒါ ဥပေက္ခာဝေဒနာ။ နားလည်ပြီနော်။ သုခလည်းမဟုတ်။ ဒုက္ခလည်းမဟုတ်။

http://www.dhammadownload.com



ဘယ်လိုမှန်းကို မသိဘူး။ ပေါ့ချွတ်ချွတ်ကြီးနဲ့ ဆိုရင် အဲဒါ ဥပေက္ခာဝေဒနာလို့ ခေါ်တယ်။ ဝေဒနာကတော့ ဝေဒနာပါပဲတဲ့။ ခံစားတတ်တဲ့သဘောဟူသမျှကို ဝေဒနာလို့ခေါ်တယ်။ ဒါတွေဟာ ဘယ်မှာဖြစ်နေသလဲဆိုရင် ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတာနော်။ ဟုတ်လား...။ ဒီပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးတစ်ခုလုံးဟာ ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတာတွေနော်။ ခန္ဓာဖြစ်စဉ်တွေချည်းပဲ။ အပိုမရှိဘူးနော်။ ခန္ဓာကိုယ်ထဲမှာ ပေါ်လာနေတဲ့ သဘောလေးတွေ ရေးထားတာ။ ကဲ...ဒါဆိုရင် အဲဒီဝေဒနာပေါ်မှာ သာယာမယ်၊ တွယ်တာမယ်၊ တပ်မက်မယ်ဆိုရင် အဲဒီဝေဒနာပစ္စယာ ဘာဖြစ်မှာတဲ့လဲ။ လှမ်းကြည့်လိုက်ပါဦး...။

***"တဏှာပါဘုရား"***

တဏှာဆိုတာ ဘာသဘောတဲ့လဲဆိုရင် တပ်မက်တတ်တဲ့သဘောနော်။ ဟုတ်လား။ လိုချင်တပ်မက်တတ်တဲ့ သဘောလေးကို ဘာလို့ခေါ်လဲဆိုလို့ရှိရင် တဏှာလို့ခေါ်တယ်နော်။

http://www.dhammadownload.com



လိုချင်တပ်မက်တတ်တဲ့သဘောကို ဘယ်လို ခေါ်တယ်။

*"တဏှာလို့ခေါ်ပါတယ်ဘုရား"*

တဏှာဆိုတာ လိုချင်တယ်၊ တပ်မက်တယ်နော်။ ဟုတ်လား။ လိုချင်တပ်မက်တဲ့ စိတ်ကလေးရောက်ပြီဆိုရင် ဘယ်သူရောက်ပြီတဲ့လဲ...။

*"တဏှာရောက်တာပါဘုရား"*

တဏှာဝင်ရောက်တယ်။ ဘယ်မှာဝင်နေတာတဲ့လဲ...။

*"ခန္ဓာကိုယ်ထဲမှာပါဘုရား"*

စိတ်တည်းဟူသော မနောဝိညာဏ်မှာ လာဝင်နေတယ် ဟုတ်လား။ ကဲ...အဲဒီ တဏှာဆိုတဲ့ လိုချင်တပ်မက်တဲ့စိတ်ကလေး ဖျတ်ခနဲ ပေါ်ပြီးတာနဲ့ ဘာဖြစ်သလဲဆိုရင် စိတ်ကလေးက သိပ်မြန်တယ်နော်။ ဖျတ်ခနဲပဲ။ ဖျတ်ခနဲနဲ့ လိုချင်တဲ့စိတ်ကလေး ပေါ်ပြီးတာနဲ့ အဲဒီစိတ်ကလေးဟာ ဘယ်ကိုကူးသွားသလဲဆိုရင်... "တဏှာပစ္စယာ ဥပါဒါန်တဲ့"။ ဥပါဒါန်ဆိုတဲ့

http://www.dhammadownload.com



စွဲလမ်းတဲ့နေရာကို ဒိုင်းခနဲရောက်သွားတာ။ ဥပါဒါန်ဆိုတာက စွဲလမ်းတာနော်။ စွဲလမ်းတတ်တဲ့သဘောကို ဥပါဒါန်လို့ခေါ်တယ်။ ဘာခေါ်တယ်...။

*"ဥပါဒါန်လို့ ခေါ်ပါတယ်ဘုရား"*

အဲဒီလိုစွဲလမ်းပြီးတာနဲ့ ထပ်ဆင့်ထပ်ဆင့် ကြိုးစားအားထုတ်တော့တာပဲ။ အဲသလို အာရုံတရားကို မပြုတ်ရအောင် ထပ်ဆင့်ထပ်ဆင့် ကြိုးစားအားထုတ်နေတဲ့သဘောကို"ကမ္မဘဝ" လို့ခေါ်တယ်။ စွဲလမ်းတာက ဥပါဒါန်ပေါ့။ တဏှာပစ္စယာဥပါဒါန်ပြီးရင် ဥပါဒါနပစ္စယာ ဘဝေါတဲ့။ ဥပါဒါန်တည်းဟူသောအကြောင်းကြောင့် ထပ်ဆင့်ထပ်ဆင့် ကြိုးစားအားထုတ်တဲ့ ကမ္မဘဝဖြစ်ရပါတယ်တဲ့။ ဟုတ်ပြီလား။ စွဲလမ်းခြင်းတည်းဟူသော အကြောင်းကြောင့် အားထုတ်ခြင်းတည်းဟူသော အကျိုးဖြစ်ရပါတယ်။ အဲဒီ စွဲလမ်းနေတဲ့သဘောလေးကို မပျောက်ပျက်ရလေအောင် ဘယ်လိုအားထုတ်သလဲဆိုရင် ကာယကံအားဖြင့် အားထုတ်နေ

http://www.dhammadownload.com



တယ်။ ဝစီကံအားဖြင့် အားထုတ်နေတယ်။ မနောကံနဲ့အားထုတ်နေတယ်။ အဲဒီလို အားထုတ်တာကို ဘာလို့ခေါ်တယ်...။

*"ကမ္မဘဝပါဘုရား"*

ကမ္မဘဝနော်။ ဒါ တခြားမှာပေါ်တာလား၊ ခန္ဓာမှာပေါ်တာလား...။

*"ခန္ဓာမှာပေါ်တာပါဘုရား"*

ဟုတ်ပြီ။ ဒီခန္ဓာကပေါ်တဲ့သဘောလေးတွေကို ရှင်းပေးထားတာနော်။ ကဲ...ကမ္မဘဝကြိုးစားအားထုတ်ရင်းနဲ့ ဖျတ်ခနဲ စုတိစိတ်ကျတော့ ကမ္မဘဝပစ္စယာ ဘာတဲ့လဲ...။

*"ဇာတိပါဘုရား"*

ကမ္မဘဝတည်းဟူသော အကြောင်းတရားကြောင့် ဘာဖြစ်တာတဲ့လဲ...။

*"ဇာတိဖြစ်ပါတယ်ဘုရား"*

ဇာတိဆိုတဲ့ အကျိုးတရားဖြစ်တယ်နော်။ အဲဒီဇာတိဖြစ်တာ အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့်ဖြစ်တာလား။

*"အကြောင်းကြောင့်ဖြစ်တာပါဘုရား"*

http://www.dhammadownload.com



အကြောင်းက ကမ္မဘဝ။ အကျိုးက ဇာတိ တည်းဟူသော ပဋိသန္ဓေဇာတိကိုခေါ်တာနော်။ လူ့ဇာတိလည်း ရချင်ရမယ်၊ နတ်ဇာတိလည်း ရချင်ရမယ်၊ ဗြဟ္မာဇာတိလည်း ရချင်ရမယ်။ လူ့ဇာတိ၊ နတ်ဇာတိ၊ ဗြဟ္မာဇာတိပဲရရ ဇာတိ ရတဲ့ပုဂ္ဂိုလ်တိုင်းတို့သည် သုခရတာလား၊ အို, နာ,သေ ရတာလား။

*"အို,နာ,သေ ရတာပါဘုရား"*

တစ်နည်းအားဖြင့် သုခလား၊ ဒုက္ခလား။

*"ဒုက္ခပါဘုရား"*

ဩော်...ဘာကြောင့် ဒုက္ခလို့ဆိုသလဲဆို ရင် ဇာတိဆိုတာ ရကတည်းက အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတဲ့ ဇရာမရဏ ရှိမနေ ဘူးလား။

*"ရှိပါတယ်ဘုရား"*

ဒါကြောင့် လူ့ခန္ဓာရတာပဲကွာ၊ နတ်ခန္ဓာ ရတာပဲကွာ၊ ဗြဟ္မာခန္ဓာရတာပဲကွာ...ကောင်း တာပေါ့လို့ သွားမလုပ်နဲ့ ဒကာ,ဒကာမတွေ။ လူချမ်းသာလည်း အထင်မကြီးနဲ့၊ နတ်ချမ်း

http://www.dhammadownload.com



သာလည်း အထင်မကြီးနဲ့။ ဗြဟ္မာချမ်းသာလဲ အထင်မကြီးနဲ့ ဟုတ်လား။ ဇာတိရတယ် ဆိုကတည်းက ဇာတိပစ္စယာ ဘာတွဲလဲ...။

"ဇရာ မရဏပါဘုရား"

ဇာတိတည်းဟူသော ပဋိသန္ဓေဇာတိရပြီဆိုတာနဲ့ ဘာနဲ့ဘာ တန်းပြီး အစဉ်လိုက်ပါပြီး သားလဲဆိုရင် ဇရာ မရဏဆိုတဲ့ အို၊ သေ ဟုတ်လား။ ဇရာဆိုတာ အိုတာ၊ မရဏဆိုတာ သေတာနော်။ သူငယ်ချင်း...မင်းက ရှေ့က သွားရင် တို့က နောက်ကလိုက်ခဲ့မယ်တဲ့။ ဇရာ မရဏကလေ။ ဟုတ်လား။ သူတို့တွေက ခွဲလို့ မရတဲ့ သူငယ်ချင်းတွေ။ ဇာတိရတာနဲ့ အို၊သေ က တွဲပြီးသားလား၊ ခွဲပြီးသားလား...။

"တွဲပြီးသားပါဘုရား"

ဒါကြောင့် ဇာတိရပြီးကတည်းကိုက မင်း ဘယ်လောက်ပြေးနိုင်မလဲ၊ ပြေးစမ်းပါဦးကွာ ဆိုပြီး ဇရာကနိုပ်စက်။ မနှိပ်စက်ဘူးလား...။

"နှိပ်စက်ပါတယ်ဘုရား"

ဗျာဓိကနှိပ်စက်။ ဗျာဓိဆိုတာက နာတာ။

http://www.dhammadownload.com



သူက မနိပ်စက်ဘူးလား...။

*"နှိပ်စက်ပါတယ်ဘုရား"*

နာပြတာလေ။ အိုပြီးတော့နာ။ နာပြပြီးတော့ ဘယ်သူက ထပ်နှိပ်စက်သလဲဆိုရင် မရဏာဆိုတဲ့တရားက နှိပ်စက်လိုက်တာနဲ့ ဒကာ, ဒကာမတွေဘဝ၊ ဘုန်းကြီးတို့ဘဝဟာ သုံးဆယ့်တစ်ဘုံထဲမှာ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး သကာလ ချမ်းသာတဲ့ဘဝတွေလား၊ ဆင်းရဲတဲ့ဘဝတွေလား...။

*"ဆင်းရဲတဲ့ဘဝတွေပါဘုရား"*

ဒါတွေကိုပင်လျှင် အသိဉာဏ်မကြွယ်ဝတဲ့ပုဂ္ဂိုလ်များကျတော့ ဒီဘဝကိုပင်လျှင် ဘယ်လိုထင်ကြသလဲဆိုရင် ချမ်းသာလိုက်တာ၊ ကောင်းလိုက်တဲ့ဘဝကြီးလို့ အထင်မကြီးဘူးလား။ အထင်ကြီးတယ်နော်။ ဒါဆို ပေါင်းလိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဘာတွေရှိတာတဲ့လဲဆိုရင် အင်္ဂါတစ်ဆယ့်နှစ်ပါးရှိတယ်နော်။ အင်္ဂါဘယ်နှစ်ပါးရှိတယ်...။

*"တစ်ဆယ့်နှစ်ပါးပါဘုရား"*

http://www.dhammadownload.com



တစ်ဆယ့်နှစ်ပါးရှိတယ်နော်။ အဲဒီ တစ်ဆယ့်နှစ်ပါးလုံးကို ဘုန်းကြီးတို့ နံပါတ်တစ်–အဝိဇ္ဇာ,သင်္ခါရဆိုတာလည်း ချမ်းသာတာ ရှိသလား...။

*"မရှိပါဘုရား"*

နံပါတ်နှစ်–ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ထဲမှာကော ချမ်းသာတာတွေ့သလား...။

*"မတွေ့ပါဘုရား"*

မတွေ့ဘူးနော်။ နံပါတ်သုံးကြည့်ပြန်တော့လည်း တဏှာ, ဥပါဒါန်, ကမ္မဘဝဆိုတဲ့ အာရုံတွေနဲ့ ပေါင်းသင်းနေပြန်တော့လည်းပဲ ချမ်းသာခြင်းတရားနဲ့ တွေ့သလား...။

*"မတွေ့ပါဘုရား"*

ဇာတိ, ဇရာမရဏ နံပါတ်လေး လှမ်းကြည့်လိုက်ပြန်တော့ ချမ်းသာတာတွေ့သလား...။

*"မတွေ့ပါဘုရား"*

တစ်ကိုယ်လုံးမှာ ဒီအင်္ဂါတစ်ဆယ့်နှစ်ပါးလုံးထဲက တစ်လုံးပဲရောက်ရောက်၊ အားလုံးပဲ

http://www.dhammadownload.com



ရောက်ရောက် တစ်ခုရောက်ရင် ဒကာ,ဒကာမ တွေ ဆင်းရဲတော့မှာပဲ။ မဆင်းရဲဘူးလား...။

*"ဆင်းရဲပါတယ်ဘုရား"*

ဆင်းရဲတော့မှာပဲနော်။ သေချာဆန်းစစ်ကြည့် ရင် ဆင်းရဲမယ့်အကြောင်းတရားနဲ့ ဆင်းရဲမယ့် အကျိုးတရားပဲရှိတယ်။ ဟုတ်တယ်နော်။ ဒါ ကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို နားလည်ဖို့ အရေးကြီးပါတယ်။ ဒါလေး သဘောပေါက်ထား လိုက်...ဟုတ်လား။ ပဋိစ္စသမုပ္ပါဒ်ကို နားလည် ရမယ်။ တစ်နည်းပြောရရင် ခန္ဓာအကြောင်းကို နားလည်ရမယ်။ ဒီလိုဆိုတယ်။ ဘာအကြောင်း ကို နားလည်ရမယ်တဲ့လဲ...။

*"ခန္ဓာအကြောင်းပါဘုရား"*

တကယ့်ကို ခန္ဓာရဲ့ဖြစ်စဉ် ဘဝရဲ့ဖြစ်စဉ် ပေါ်မှာ ဉာဏ်ကလေးနဲ့ဝင်ပြီးကြည့်မှ သြော် ...ပဋိစ္စသမုပ္ပါဒ်တရားတော်ဟာ လက်စသတ် တော့ ခန္ဓာထဲမှာ ပေါ်လာတာ ဟောထားတာ ပါလားဆိုပြီး သိလာရတယ်နော်။ ဘယ်မှာပေါ် လာတာကို...။

http://www.dhammadownload.com



*"ခန္ဓာမှာပေါ်လာတာပါဘုရား"*

ခန္ဓာမှာပေါ်လာနေတာကို ဟုတ်ပြီနော်။ ကဲ...ဒါဆိုရင် ရှေ့ဆက်ပြီး သွားလိုက်ကြပါဦး။ အင်္ဂါတစ်ဆယ့်နှစ်ပါးပြီးရင် ဘာတဲ့လဲ...။

*"တရားကိုယ်များနဲ့ပါဘုရား"*

တရားကိုယ်များဆိုတာက နားလည်တယ် မဟုတ်လား။ အဝိဇ္ဇာရဲ့တရားကိုယ်က မောဟ ဟုတ်လား။ သင်္ခါရရဲ့တရားကိုယ်က စေတနာ ကို ကောက်ရတယ်နော်။ သင်္ခါရရဲ့တရားကိုယ် က ဘာတဲ့လဲ...။

*"စေတနာပါဘုရား"*

ဝိညာဏ်ရဲ့တရားကိုယ်ကလည်း ပဋိသန္ဓေ ဝိညာဏ်၊ နာမ်ရုပ်ရဲ့တရားကိုယ်ကလည်း ပဋိ သန္ဓေနာမ်ရုပ်၊ သဠာယတနရဲ့ တရားကိုယ်က မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟုတ်ပြီ လား။ ဖဿရဲ့တရားကိုယ်က တွေ့ထိမှု သဘော။ ဝေဒနာရဲ့တရားကိုယ်ကလဲပဲ ခံစား မှုသဘော။ တဏှာရဲ့တရားကိုယ်က လောဘ နော်။ ဥပါဒါန်ရဲ့တရားကိုယ်ကလဲပဲ လောဘ

http://www.dhammadownload.com



ပဲ။ သို့သော်...ဥပါဒါန်ရဲ့တရားကိုယ်က လောဘ လို့ဆိုပင်ဆိုငြားလဲ ဒိဋ္ဌိနဲ့ဆက်ဆံ နေတာဟုတ် လား။ ဒိဋ္ဌိ, ဥပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ် သောကံ လို့ဆိုထားတော့ တရားကိုယ်က လောဘလို့ ဆိုပင်ဆိုငြားလဲ အဲဒီလောဘမှာ ဘယ်သူက အမြဲတမ်းဆက်စပ်နေသလဲဆိုရင် ဒိဋ္ဌိနဲ့ ဆက် စပ်ထားတာ။ ကဲ...ကမ္မဘဝရဲ့ တရားကိုယ် က ဘာလဲဆိုရင် သူလဲ လောဘပါပဲတဲ့။ လောဘနဲ့အကျုံးဝင်နေလို့၊ တဏှာရယ်၊ ဥပါဒါန် ရယ်၊ ကမ္မဘဝရယ်ကို သစ္စာဖွဲ့လိုက်ရင် ဘာ ဖြစ်လာသလဲ...။

*"သမုဒယသစ္စာပါဘုရား"*

သမုဒယဖြစ်တယ်။ တရားကိုယ်ပြောလိုက် ရင် လောဘတစ်ခုတည်းဖြစ်တယ်။ အဲဒီကနေ ပိုပြီးကြမ်းတမ်းလာတဲ့အခါ ဒိဋ္ဌိဝင်လာတတ် တယ်။ လောဘထဲမှာလေ ဒိဋ္ဌိဝင်လာတာ။ ပေါင်းဖန်များလာတဲ့အခါ သူတို့က ရန်သူတွေ အများကြီးကိုး။ လောဘရှိလာတဲ့အခါ သူ့ရဲ့ နောက်မှာ ဒေါသကလဲ မပါလာဘူးလား...။

http://www.dhammadownload.com



*"ပါလာပါတယ်ဘုရား"*

တန်းစီလာတာပေါ့။ ဒေါသပေါ်ရင် မသိ မိုက်မဲတဲ့ မောဟလဲပေါ်တာပဲ။ မပေါ်ဘူးလား။

*"ပေါ်ပါတယ်ဘုရား"*

တစ်ယောက်ဝင်ရင် ဒီရန်သူတွေကလဲ အကုန် လုံး ဝိုင်းပြီးတော့လာတော့တာပဲ။ နားလည်ပြီ နော်။ ကဲ...ဓာတ်ရဲ့တရားကိုယ်က ဘာတဲ့လဲ ဆိုရင် ပဋိသန္ဓေနေရတာ ပဋိသန္ဓေဓာတ်ပေါ့။ ဇရာ,မရဏရဲ့တရားကိုယ်က အိုမှုနဲ့ သေမှု တရားတွေပေါ့။ ဒါတွေအကုန်လုံး သိလာပြီ ဆိုရင် ဒါတွေဟာ အင်္ဂါတစ်ဆယ့်နှစ်ပါးရဲ့ တရားကိုယ်တွေပါပဲ။ ကဲ...ရှေ့ဆက်လိုက်ပါ ဦး။ အင်္ဂါတစ်ဆယ့်နှစ်ပါး တရားကိုယ်များနဲ့ ပြီးရင် ဘာတဲ့လဲ...။

*"သုံးပါးအစပ်ပါဘုရား"*

ဟုတ်တယ် ပရိသတ်ကြီး။ လောကမှာ ဘဝမှာ ဆက်စပ်မှုဆိုတာ မရှိကြဘူးလား...။

*"ရှိကြပါတယ်ဘုရား"*

သားနဲ့အမိ၊ ညီနဲ့အစ်ကို၊ မောင်နဲ့နှမ၊

http://www.dhammadownload.com



လင်နဲ့မယား၊ ဘုန်းကြီးနဲ့ ဒကာ,သား,မြေး ...စသည်ဖြင့်ပေါ့။ အမျိုးမျိုးသောနည်းတွေနဲ့ ဆက်စပ်မှုတွေရှိကြပါတယ်။ တစ်ဦးနဲ့တစ်ဦး လောကီနယ်ထဲမှာ ဆက်စပ်မှုရှိသလို လောကုတ္တရာနယ်ထဲမှာလဲပဲ ဆက်စပ်မှုတွေရှိကြပါတယ်တဲ့။ အဲဒီဆက်စပ်မှုအသွယ် မှန်သမျှတွေဟာ ဒကာ,ဒကာမတွေ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ ဆက်စပ်မှုတွေကို လှမ်းကြည့်မယ်ဆိုရင် နံပါတ်တစ်ဘာနဲ့၊ နံပါတ်နှစ် ဘာကစပ်တာတဲ့လဲ ပြောပါဦး...။

*"သင်္ခါရနဲ့ ဝိညာဏ်နဲ့ပါဘုရား"*

နံပါတ်တစ်–သင်္ခါရနဲ့ နံပါတ်နှစ် ဝိညာဏ်က တစ်စပ်၊ ဟုတ်တယ်နော်။ အဲဒါ ပိုပြီးတော့နားရှင်းအောင်ပြောမယ်ဆိုရင် လွန်လေပြီးသောအတိတ်ကာလနဲ့ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလက တစ်စပ်ဖြစ်တယ်တဲ့။ လွန်လေပြီးသော အတိတ်ကလုပ်လာခဲ့တဲ့ သင်္ခါရနဲ့ ယခုဖြစ်ဆဲ ပစ္စုပ္ပန်မှာဖြစ်တဲ့ ဝိညာဏ်က တစ်စပ်လို့ပြောတာ

http://www.dhammadownload.com



ဟုတ်လား။ လွန်လေပြီးသောအတိတ်ကာလတွေက လုပ်လာတဲ့ သင်္ခါရရဲ့စွမ်းအားကြောင့် ဒီနေ့ပစ္စုပ္ပန်ရရှိနေတဲ့ ဝိညာဏ်က ဆက်စပ်မှု ရှိပါတယ်တဲ့။ ဆက်စပ်မှုမရှိဘဲနဲ့ ရစရာ အကြောင်းမရှိပါဘူး။ ဆက်စပ်မှုရှိလို့သာလျှင် ရလာခြင်းဖြစ်ပါတယ်တဲ့။ သို့သော် ဘယ်လို ဆက်စပ်လိုက်သလဲဆိုလို့ရှိရင် သေပြီးတော့မှ ဆက်စပ်လိုက်တယ်နော်။ ဘယ်လိုဆက်စပ် လိုက်တယ်...။

*"သေပြီးတော့မှ ဆက်စပ်ပါတယ်ဘုရား"*

ဟုတ်တယ်။ အတိတ်ဘဝက စုတိစိတ်ကျ လိုက်တယ်။ လောက်လန်းသဖွယ် ဝိညာဏ် တွယ်ဆိုတာနဲ့ ပြောရမယ်ဆိုရင်တော့ တချို့က ပြောတယ်။ ဝိညာဏ်ကောင်လေးဟာ ဒီဝိညာဏ် ဆိုတဲ့ အသက်ကောင်လေးဟာ နောက်ထပ် ပဋိသန္ဓေနေဖို့ ခန္ဓာကိုယ်ကို ရှာနေတယ်တဲ့။ နောက်ခန္ဓာကိုတွေ့တဲ့အခါကျတော့ ဒီခန္ဓာကို စွန့်ပြီးတော့ နောက်ခန္ဓာကို သွားပြီးတော့ယူ တယ်။ လောက်လန်းကောင်တွေကို ဒကာ,

http://www.dhammadownload.com



ဒကာမတွေ တွေ့ဖူးတယ်မဟုတ်လား။ သူက ခြေ ထောက်နှစ်ချောင်းချပြီး နောက်နေရာကို ခြေ တစ်လှမ်းထောက်တယ်။ ထောက်တဲ့နေရာ မြဲပြီဆိုရင် ဟိုဘက်ကခြေထောက်ကို ဖြုတ် လိုက်တယ်။ ပြီးတော့မှ ရှေ့မှာလာရပ်တယ်။ ဒီလိုလောက်လန်းသဖွယ် ဝိညာဏ်တွယ်လို့ ဆို ကြတယ်နော်။ ဘုန်းကြီးတို့အဘိဓမ္မာ သဘော အရတော့ တရားအရတော့ ဒီလိုမဟုတ်ပါဘူး တဲ့။ ဒီစကားလုံးလေးတွေဟာ မှားတယ်လို့ အဘိဓမ္မာက ရှင်းပြထားတယ်။ နော်...။ ဘယ်လိုရှင်းပြထားသလဲဆိုရင်... ခန္ဓာကိုယ် ပစ္စုပ္ပန် ဒီခန္ဓာသည် (ဝါ) ရုပ်နာမ်ဓမ္မ သင်္ခါရ တရားတို့သည် ပစ္စုပ္ပန်နဲ့သာဆိုင်ပါတယ်တဲ့။ အတိတ်နဲ့မဆိုင်ပါဘူးတဲ့။ ဒါ ပရမတ်အစစ်နဲ့ ပြောနေတာနော်။ ဒါဆိုရင် အတိတ်ခန္ဓာသည် ပစ္စုပ္ပန်နဲ့ဆိုင်သလား...။

*"မဆိုင်ပါဘုရား"*

သို့သော် ပဋိသန္ဓေအကျိုးပေးတော့မယ့်၊ ခန္ဓာရတော့မယ့် ပုဂ္ဂိုလ်သည် အတိတ်ကခန္ဓာ

http://www.dhammadownload.com



သေခါနီးဆဲဆဲမှာ မိမိစိတ်အစဉ်တွေဟာ ညွတ်ကိုင်းနေတယ်ပေါ့။ ဘယ်ကိုညွတ်ကိုင်းနေသလဲဆိုရင် ကိုယ်ဖြစ်ရမယ့် ဘုံဘဝဆီကို ညွတ်ကိုင်းနေတာ။ ညွတ်ကိုင်းပင်ငြားသော်လည်း ဒကာ, ဒကာမတွေ ဖျတ်ခနဲ စုတိစိတ်ကျလိုက်တာနဲ့ ရုပ်ရော၊ နာမ်ရော အကုန်လုံးချုပ်သွားရတယ်။ မချုပ်သွားဘူးလား။

*"ချုပ်သွားပါတယ်ဘုရား"*

ချုပ်သွားပြီးတော့မှ ဖျတ်ခနဲ ပဋိသန္ဓေနေရမယ့်ဘဝမှာ သွားဖြစ်တယ်။ နားလည်ပြီနော်။ ဒါဆိုရင် ဟိုနေရာက ဒီနေရာကိုပြေးသလိုမျိုး မဟုတ်ဘူး။ သိမ်မွေ့တယ်နော်။ တရားဆိုတာ အလွန်သိမ်မွေ့တယ်။ တစ်ခုချုပ်ပြီးမှ နောက်တစ်ခုဖြစ်တာ။ သို့သော် မဆိုင်ပေမယ့် ဆက်စပ်မှုတော့ရှိနေတယ်။ စုတိစိတ်ကိုအကြောင်းပြုပြီးတော့ ပဋိသန္ဓေဝိညာဏ်အကျိုးဖြစ်တာ။ ဥပမာ–ကံအကျိုးပေးတော့မယ့်၊ လူဖြစ်တော့မယ့် ပုဂ္ဂိုလ်များဟာ လူ့ဘဝမှာပင်လျှင် လူ့ပဋိသန္ဓေရမယ့်ပုဂ္ဂိုလ်များဟာ စုတိစိတ်ကျခါ

http://www.dhammadownload.com



နီးမှာ ဖျတ်ခနဲ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တွေပေါ်လာပြီး ချုပ်ပျောက်သွားတာနဲ့ ဒုတိယ ဘဝမှာ လူပဋိသန္ဓေသွားပြီးတော့ဖြစ်တယ်။ နတ်ဖြစ်မယ့်ပုဂ္ဂိုလ်များကျတော့ ဒီဘဝမှာ ဖျတ် ခနဲ စုတိစိတ်ကျတာနဲ့ နတ်ပြည်မှာ ဘွားခနဲ ဆယ့်လေး,ငါး,ခြောက်နှစ်သားအရွယ် သွားပြီး တော့ဖြစ်တယ်။ ဥပပတ္တိဘဝခေါ်တယ်ပေါ့။ ဘွားခနဲဖြစ်တာနော်။ ဒါဆို ဒီဘဝရဲ့ခန္ဓာဟာ ဟိုဘဝရဲ့ခန္ဓာ ဟုတ်ကဲ့လား...။

*"မဟုတ်ပါဘုရား"*

အတိတ်ဘဝကခန္ဓာသည် ဒီဘဝရဲ့ခန္ဓာ ဟုတ်ကဲ့လား...။

*"မဟုတ်ပါဘုရား"*

မဟုတ်ပါဘူးနော်။ အတိတက ရုပ်,နာမ် သည် အတိတ်မှာပင်လျှင် ချုပ်ပျောက်သွားပါ တယ်တဲ့။ ဒါ သိရမယ်နော်။ သေချာစိုက်ပြီး နှလုံးသွင်းပါ။ သိပ်သိမ်မွေ့တယ်။ အတိတ်က ရုပ်နာမ်တွေချုပ်ပျောက်သွားသော်လည်း အလား တူ ခန္ဓာငါးပါးတော့ ရပါတယ်တဲ့။ ဘယ်သူ

http://www.dhammadownload.com



က အကျိုးပေးလိုက်သလဲဆိုရင် ဟော...မိမိတို့ပြုလုပ်ထားတဲ့ သင်္ခါရ (ဝါ) ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရခေါ်တဲ့ ကုသိုက်ကံနဲ့ အကုသိုလ်ကံ ဟုတ်လား။ တစ်သက်လုံးကလုပ်လာတဲ့ ကုသိုလ်ကံရဲ့စွမ်းအားတွေ၊ အကုသိုလ်ကံရဲ့စွမ်းအားတွေ မရှိဘူးလား...။

"*ရှိပါတယ်ဘုရား*"

ကာယကံစွမ်းအားတွေ၊ ဝစီကံစွမ်းအားတွေ၊ မနောကံစွမ်းအားတွေ ဒီပြုလုပ်လာခဲ့တဲ့ ကာယကံ, ဝစီကံ, မနောကံ ကုသိုလ်,အကုသိုလ် စွမ်းအားတွေရဲ့ ဓော၊ ကမ္မသတ္တိကတော့ ဒကာ, ဒကာမတွေ လူသေပင်သေကြားသောလည်း ကံတရားကတော့ ရှိတယ်ဗျာ။ ဒီကံတရားကတော့ စုတိစိတ်ကျလိုက်တာနဲ့ နောက်ဘဝမှာ ခန္ဓာသွားပြီး အကျိုးပေးတယ်။ နားလည်ပြီနော်။ အကျိုးပေးတယ်ဆိုကတည်းကိုက ဒကာ,ဒကာမတွေ ဘာကြောင့်အကျိုးပေးသလဲဆိုရင် အကျိုးပေးနိုင်တဲ့အကြောင်းတရား အစွမ်းသတ္တိတွေ ရှိလို့ အကျိုးပေးနိုင်တာ။ အာသဝေါကုန်ခန်း

http://www.dhammadownload.com



တော်မူကြတဲ့ ရဟန္တာအရှင်မြတ်များကျတော့ အကျိုးပေးစရာ အကြောင်းရှိသေးရဲ့လား...။

*"မရှိတော့ပါဘုရား"*

မရှိတော့ဘူးနော်။ အကြောင်းမရှိတော့ အကျိုးလဲမရှိတော့ဘူး။ ဟုတ်လား။ အကြောင်းတရားရှိတဲ့ပုဂ္ဂိုလ်မှန်သမျှတို့သည် အကျိုးကတော့ ပြေးလို့လွတ်ပါ့မလား...။

*"မလွတ်ပါဘုရား"*

မလွတ်သေးဘူး။ ဒီတော့ ဒုတိယဘဝမှာ ရရှိတဲ့ သင်္ခါရတည်းဟူသော အကြောင်းကြောင့် ပဋိသန္ဓေဝိညာဏ်တည်းဟူသော အကျိုးဆက် စပ်မှုဖြစ်တယ်။ သေပြီးတော့မှဖြစ်တာနော်။

*"တင်ပါ့ဘုရား"*

ဟုတ်တယ်။ ပထမဘဝက စုတိစိတ်ကျလိုက်တာနဲ့ ဒုတိယဘဝမှာ ဘာဖြစ်ပါလိမ့်...။

*"ပဋိသန္ဓေဝိညာဏ်ဖြစ်ပါတယ်ဘုရား"*

ပဋိသန္ဓေဝိညာဏ်လာဖြစ်တယ်။ အမျိုးသမီးက စုတိစိတ်ကျရင် အမျိုးသားလဲ ဖြစ်ချင်ဖြစ်မယ်၊ အမျိုးသမီးလဲ ဖြစ်ချင်ဖြစ်မယ်၊ အပါယ်

http://www.dhammadownload.com



လေးဘုံသားလဲ ဖြစ်ချင်ဖြစ်မယ်၊ နတ်ဗြဟ္မာ ဖြစ်ချင်လဲဖြစ်မယ်၊ မဆန်းကြယ်ဘူးလား…။

*"ဆန်းကြယ်ပါတယ်ဘုရား"*

ဘယ်သူက ဆောင်ပေးသလဲလို့မေးတော့ မိမိတို့ပြုလုပ်အပ်သော ကံကနော်။ ဒီကံက ဖန်တီးပေးလိုက်တာ။ သူတစ်ပါးတွေ မပါဘူး။ တစ်ပါးသောပုဂ္ဂိုလ်နဲ့ မဆိုင်ဘူးနော်။ မိမိပြု လုပ်အပ်သော ကာယကံ၏စွမ်းအား၊ ဝစီကံ၏ စွမ်းအား၊ မနောကံတို့၏ စွမ်းအားကြောင့် ဒီဘဝမှာ အကျိုးရတာ။ သို့သော် သေပြီးမှ ရတာ၊ သေပြီးမှစပ်တာ။ ဒီသဘောကို "သင်္ခါရ" နဲ့ "ဝိညာဏ်"တစ်စပ်လို့ခေါ်တယ်။ အသေစပ် လို့ခေါ်တယ်နော်။ ဘာလို့ခေါ်တယ်…။

*"အသေစပ်လို့ ခေါ်ပါတယ်ဘုရား"*

သေပြီးတော့မှ စပ်တာကိုးနော်။ အတိတ် ဘဝမှာ စုတိစိတ်ကျပြီးတော့မှ ဒီဘဝမှာ အလား တူ ခန္ဓာငါးပါး၊ အခုလဲ ခန္ဓာငါးပါး လာဖြစ် တယ်။ အတိတ်ကလဲ ခန္ဓာငါးပါးပါပဲ။ သို့ သော် ဥပမာ အတိတ်က အဘိုးကြီးအဘွားကြီး

http://www.dhammadownload.com



ဖြစ်ပေမယ့် ဒီဘဝမှာတော့ ကလလရေကြည် ကြည်ကနေ လာဖြစ်ရတယ်ဆိုတော့ တူသလား။

*"မတူပါဘုရား"*

သို့သော် ခန္ဓာငါးပါးချင်းတော့တူတယ်။ ပုံသဏ္ဌာန်ချင်း မတူပါဘူးတဲ့။ ဒါကြောင့် အတိတ်ဘဝနဲ့ ဒီဘဝ တူတယ်ဆိုရင် သဿတ ဒိဋ္ဌိဖြစ်တယ်။ တစ်စပ်တည်းဆိုရင် သဿတ ဒိဋ္ဌိနော်။ တစ်နေရာတည်းဆိုရင် သဿတဒိဋ္ဌိ ဖြစ်တယ်။ နော်။ တစ်စပ်တည်းလို့ မယူရဘူး။ သို့သော် ဆက်စပ်မှုအစပ်ကတော့ရှိတယ်လို့ ဆိုလိုပါတယ်။ သိပ်သိမ်မွေ့တယ်နော်။ ကဲ... ဒါဆိုရင် သင်္ခါရနဲ့ ဝိညာဏ်နဲ့ တစ်စပ်ပြီးလို့ ရှိရင် ဘာနဲ့ဘာတဲ့လဲ...။

*"ဝေဒနာနဲ့ တဏှာနဲ့ တစ်စပ်ပါဘုရား"*

ဟုတ်တယ်။ နံပါတ်နှစ် ဝေဒနာနဲ့ နံပါတ် သုံး တဏှာက တစ်စပ်။ ဟုတ်လား။ ဝေဒနာ ဆိုတာက ခံစားတယ်။ ခံစားဆဲခဏလေးမှာ ဖြစ်တဲ့စိတ်။ နားလည်ပြီနော်။ ခံစားဆဲ ခဏ လေးမှာ ဖြစ်ပေါ်နေတဲ့ စိတ်အစဉ်လေးနဲ့ အဲဒီ

http://www.dhammadownload.com



စိတ်ကလေးထဲမှာ ဒုတိယ ထပ်ဆင့်,ထပ်ဆင့် ဒီခံစားတဲ့စိတ်ကို လိုလိုလားလားပြင်းထန်စေတဲ့စိတ်က တဏှာလောဘ။ ဒုတိယစိတ်ကလေ ခံစားနေတာက ဝေဒနာ။ ဒုတိယစိတ်က ထပ်ဆင့်ခံစားလိုတဲ့ဆန္ဒနဲ့ ဖြစ်ပေါ်နေတဲ့အာရုံက တဏှာ။ လိုချင်တပ်မက်မှုအာရုံကို ပြောတာနော်။ ဒီတော့ ဝေဒနာပစ္စယာ ဘာလို့ဟောသလဲ...။

*"တဏှာပါဘုရား"*

တဏှာဖြစ်တယ်။ အဲဒီဝေဒနာနဲ့ တဏှာစပ်တာကို အရှင်စပ်လို့ခေါ်တယ်။ ဟုတ်ပြီလား။ ဘာအစပ်လို့ခေါ်တယ်...။

*"အရှင်စပ်ပါဘုရား"*

အရှင်စပ်နော်။ ပစ္စုပ္ပန်မှာ အချင်းချင်းဆက်စပ်မှုဖြစ်တယ်။ ပစ္စုပ္ပန်အကျိုးတစ်လွှာနဲ့ ပစ္စုပ္ပန်အကြောင်းတစ်လွှာ ဆက်စပ်မှုလို့လဲခေါ်တယ်။ တစ်နည်း သစ္စာနဲ့ပြောရင် ဒုက္ခသစ္စာအကြောင်းကြောင့် သမုဒယသစ္စာ ထပ်ဆင့်ရနေတာ။ ဆက်စပ်နေတာ။ ဒီလိုဆိုတယ်

http://www.dhammadownload.com



နော်။ ဒီဝိပဿနာရှုတဲ့အခါကျတော့ ဒကာ,ဒကာမ တွေ အတိတ်ကအကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး ဟာလဲ မဆိုင်တော့ဘူး။ ရှင်းတယ်နော်။ အစပ် သုံးပါးမှာလေ။ အနာဂတ်ဆိုပြန်တော့လဲပဲ နံပါတ် သုံးနဲ့ နံပါတ်လေးဟာ မဆိုင်ဘူး။ နံပါတ်သုံး ကမ္မဘဝနဲ့ နံပါတ်လေး ဇာတိအစပ်ကိုပြော တာနော်။ ဒီ နံပါတ်သုံး ကမ္မဘဝနဲ့ နံပါတ် လေး ဇာတိအစပ်ဟာ ဒကာ,ဒကာမတွေ ရှု စရာလိုသလား...။

*"မလိုပါဘုရား"*

မလိုသေးပါဘူးတဲ့။ ဘာဖြစ်လို့လဲဆိုရင် အနာဂတ်မို့လို့ ဟုတ်လား။ အနာဂတ်ဆိုတာ ကိုယ်နဲ့ဆိုင်သလားဆိုရင် ကိုယ်နဲ့မဆိုင်ဘူး။ ကိုယ့်ဆီမရောက်သေးလို့... နားလည်ပြီနော်။ ဒါဆို ဘယ်နေရာမှာ အလုပ်လုပ်ရမှာလဲလို့ မေးလိုက်တဲ့အခါကျတော့"ဝေဒနာနဲ့ တဏှာ" ကြားမှာ ကိလေသာမဝင်ဖို့၊ ဝေဒနာအပေါ်မှာ တဏှာမဝင်ဖို့ ကြိုးစားရှုမှတ်ရမယ်။ ဒီလိုဆိုပါ တယ်။ ဝေဒနာမှာ ဘာမဝင်ရအောင်...

http://www.dhammadownload.com



*"တဏှာမဝင်ရအောင်ပါဘုရား"*

တဏှာမဝင်ရအောင် ဟုတ်လား။ တဏှာဆိုတာ လိုချင်တပ်မက်မှု၊ ခံစားတဲ့အာရုံလေးပေါ်မှာ ကောင်းလိုက်တာ ကောင်းလိုက်တာဆိုပြီး ထပ်ဆင့်စပ်တဲ့အာရုံနဲ့ ခံစားတာ။ ခံစားတယ်ဆိုတာကို အမျိုးမျိုးရှိတာကိုး။ အမျိုးမျိုးသော အာရုံမျိုးစုံတွေနဲ့ ခံစားလို့ သဘောကျတဲ့ခံစားမှုက တစ်မျိုး။ သဘောမကျလို့ ခံစားတာက တစ်မျိုး။ သဘောကျတာလဲမဟုတ်၊ မကျတာလဲမဟုတ် ခံစားတာကတစ်မျိုး။ အမျိုးမျိုးရှိတာပေါ့နော်။ အဲဒီခံစားတဲ့အာရုံလေးတွေအပေါ် ထပ်ဆင့်ထပ်ဆင့် နှစ်သက်တွယ်တာကပ်ငြိတဲ့စိတ်ကလေးကို ဘာလို့ခေါ်တယ်...။

*"တဏှာလို့ခေါ်ပါတယ်ဘုရား"*

တဏှာနော်။ ဒါဆိုရင် ဝေဒနာပစ္စယာ ဘာတဲ့လဲ...။

*"တဏှာပါဘုရား"*

မစပ်ဘူးလား။ ဆက်စပ်တယ်နော်။ ဆက်စပ်မှုရှိနေတယ်။ ဝေဒနာပေါ်ပြီးတော့မှ ဒုတိယ

http://www.dhammadownload.com



ဘာစိတ်ပေါ်တယ်...။

*"တဏှာစိတ်ပေါ်ပါတယ်ဘုရား"*

တဏှာစိတ်ပေါ်တယ်။ အဲဒါဆိုရင် တဏှာ အာရုံသည် ဝေဒနာအာရုံ ဟုတ်ကဲ့လား။

*"မဟုတ်ပါဘုရား"*

ဝေဒနာသည် တဏှာဟုတ်ကဲ့လား...။

*"မဟုတ်ပါဘုရား"*

သို့သော် အကြောင်းကင်းရဲ့လား...။

*"မကင်းပါဘုရား"*

မကင်းဘူးနော်။ အကြောင်းမမွှတော့ မကင်းပါဘူး။ အကြောင်းမမွှ၏ကျေးဇူးပြုခြင်းကြောင့် အကျိုးမမွှ ဝေဒနာပစ္စယာ တဏှာဖြစ်တာပေါ့။ အကြောင်း၏စွမ်းအားကြောင့် အကျိုးစွမ်းအား ဖြစ်တာ။ နားလည်ပြီနော်။ အဲသလိုပဲ ကမ္မဘဝ ပစ္စယာ ဘာဖြစ်တယ်...။

*"ဇာတိပါဘုရား"*

ဇာတိဖြစ်တယ်။ ကမ္မဘဝက ဒီဘဝမှာ ဒကာ,ဒကာမတွေ ကာယကံ၊ ဝစီကံ၊ မနောကံ တွေနဲ့ ပြုလုပ်အားထုတ်ပြီး အဲဒီအာရုံတွေနဲ့

http://www.dhammadownload.com



သေတဲ့အခါကျတော့ မိမိသန္တာန်မှာက ကိလေသာတရားတွေက ရှိနေသေးတာကိုး။ ဟုတ်လား။ သူတော်ကောင်းတရားလဲမရှိ၊ သူတော်ကောင်းတရားတွေ မိမိသန္တာန်မှာ မကိန်းသေးတဲ့အခါကျတော့ ကာယကံကလဲ မကောင်းမှုနေရာမှာရှိပြန်တယ်။ ဝစီကံကလဲ ရှိတယ်။ မနောကံကလဲရှိနေတယ်။ ကာယကံ, ဝစီကံ, မနောကံတွေ မိမိသန္တာန်မှာ ဒီကိလေသာတရားတွေက ရောယှက်နေတော့ စုတိစိတ်ကျတဲ့အခါ အဲဒီကိလေသာအာရုံတွေနဲ့ စုတိစိတ်ကျတယ်။ စုတိ စိတ်ကျခါနီးမှာလဲပဲ ဘာစိတ်ပေါ်သလဲဆိုရင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဆိုပြီး ပေါ်တယ်နော်။ ပေါ်လဲပေါ်လာရော ဖျတ်ခနဲ စုတိစိတ်ကျလိုက်တာနဲ့ ကိုယ်ကျရောက်မယ့်ဘဝကို ဒိုင်းခနဲ ပဋိသန္ဓေသွားဖြစ်တယ်။ ဇာတိသွားရတာဟုတ်လား။ ဘာဖြစ်လို့ ဇာတိသွားရသလဲဆိုရင် ကမ္မဘဝတည်းဟူသောအကြောင်းကြောင့် ဇာတိတည်းဟူသော အကျိုးရတယ်။ နားလည်ပြီနော်။ ဘယ်သူ့အကြောင်းကြောင့်

http://www.dhammadownload.com



ဘယ်သူရတယ်...။

*“ကမ္မဘဝတည်းဟူသောအကြောင်းကြောင့် ဇာတိရတာပါဘုရား”*

ကဲ...ဒါဆိုရင် ဒကာ,ဒကာမတွေ လိုရင်းဆိုကြပါစို့။ ဆွမ်းလှူတယ်ဆိုကြပါစို့။ ဆွမ်းလှူတဲ့အခါ ဆွမ်း၏အကျိုးတရားက ငါးပါးရတယ်။ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာဏ မဟုတ်လား။ ဒီတော့ သံဃာတော်အရှင်မြတ်ကြီးက ဤကဲ့သို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှုစေတနာကံကြောင့် အာယု–အသက်ရှည်ပါစေ။ ဝဏ္ဏ–အဆင်းလှကြပါစေ။ သုခ–ချမ်းသာသုခတွေလဲ တိုးတက်ကြပါစေ။ ဗလ–ခွန်အားဗလတွေနဲ့လဲ ပြည့်ဝကြပါစေ။ စသည်ဖြင့် ဆုပေးလိုက်တဲ့အခါကျတော့ ဒကာ,ဒကာမတွေ သဘောမကျဘူးလားဆိုရင် သဘောကျတယ်နော်။ အဲဒီလိုသဘောကျပြီးတော့ အဲဒီလိုလှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်တို့သည် ဖြစ်လေရာဘဝတိုင်း ဘဝတိုင်းမှာ ကောင်းမှုချမ်းသာတွေ ပြည့်စုံတော့မှာပဲ

http://www.dhammadownload.com



ဆိုပြီး ဝမ်းသာလိုက်တာ စိတ်ထဲမှာလေ။ ဟုတ်လား။ သို့သော် အဲဒီ သံသရာလောကတစ်လျှောက်လုံးကို မျှော်လင့်ပြီး သဘောကျနေတဲ့စိတ်ဟာ ဘာနဲ့ရောယှက်နေတဲ့စိတ်လို့ ခေါ်ရမှာလဲဆိုရင် တဏှာနဲ့ရောယှက်နေတဲ့စိတ်လို့ ခေါ်တယ်နော်။ ဘာနဲ့ရောယှက်နေတဲ့စိတ်တဲ့လဲ...။

*"တဏှာနဲ့ရောယှက်နေတဲ့စိတ်ပါဘုရား"*

ဘာကိုသဘောကျနေသလဲဆိုရင် အကျိုးအပေါ်မှာ သဘောကျနေတာ။ ရရှိမယ့်အကျိုးတရားအပေါ်မှာ သဘောကျနေတာ။ နားလည်ပြီနော်။ အဲသလိုသဘောကျနေတဲ့ အာရုံလေးကို ဘာဝင်နေသလဲဆိုရင် တဏှာဝင်နေတာလို့ခေါ်တယ်နော်။ အဲဒီအာရုံလေးကို စွဲစွဲနေတာလေးက ဥပါဒါန်၊ ဒီအာရုံလေး မပျောက်မပျက်ရအောင် ထပ်ဆင့်ထပ်ဆင့် မပျောက်မပျက်အောင် ကြိုးစားနေတာက...

*"ကမ္မဘဝပါဘုရား"*

သင်္ခါရ၊ ကမ္မဘဝနော်။ အဲဒီအာရုံနဲ့ စုတိ

http://www.dhammadownload.com



စိတ်ကျမှတော့ ခန္ဓာမရဘူးလား...။

*"ရပါတယ်ဘုရား"*

ဇာတိဆိုတာ တခြားရတာလား၊ ခန္ဓာရတာလား။

*"ခန္ဓာရတာပါဘုရား"*

ခန္ဓာရရင် ဒကာ,ဒကာမတွေ ဒီခန္ဓာသည် ကောင်းခန္ဓာလား၊ မကောင်းခန္ဓာလား...။

*"မကောင်းခန္ဓာပါဘုရား"*

ခန္ဓာရကတည်းကိုက ဇာတိပစ္စယာ ဇရာမရဏ ဒီလိုပြောတယ်နော်။ ဇာတိပိဒုက္ခာ၊ ဇာတိသည် ဒုက္ခသစ္စာတဲ့။ ဟုတ်လား။ ဟာ... ဒါဆို အရှင်ဘုရားတပည့်တော်တို့ လှူဒါန်းထားတာ အလကားဖြစ်ရောလား ဘုရားဆိုတော့ ဘုန်းကြီးတို့က စေတနာပိုင်းဆိုင်ရာနဲ့ ပိုင်းခြားပြပါတယ်။ အရင်လဲ ခဏခဏဟောခဲ့ပြီးပါပြီ။ စေတနာဒါန၊ ဝတ္ထုဒါနပိုင်းဆိုင်ရာလေးတွေ နော်...။ ဝတ္ထုဒါနကတော့ အာယု, ဝဏ္ဏ,သုခ,ဗလ,ပဋိဘာဏ အကျိုးငါးပါး ပေးသွားမှာပါပဲ။ သို့သော် ဝတ္ထုဒါနလောက်နဲ့

http://www.dhammadownload.com



ပြီးသလားဆိုရင် မပြီးပါဘူးတဲ့။ ဒါဆိုရင် ဘာဒါနက လွှမ်းမိုးနေပါလိမ့်ဆိုရင် စေတနာဒါနနော်။ ဘာဒါနတဲ့လဲ...။

*"စေတနာဒါနပါဘုရား"*

စေတနာဒါနက ဘယ်ကိုထိ အကျိုးပေးမှာတဲ့လဲဆိုရင် နိဗ္ဗာန်ထိနော်။ ဤကဲ့သို့ လှူဒါန်းရတဲ့ ကုသိုလ်စေတနာဇောတို့ကြောင့် တပည့်တော်များ အို,နာ,သေတရားတို့၏ အဆုံးဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်ကို လိုလားစွာဖြင့် လှူဒါန်းပါ၏ဘုရားလို့ဆိုတော့ ဟော...ဒကာ,ဒကာမတွေ၊ ဝတ္ထုဒါန၏အကျိုးကြောင့် အာယု,ဝဏ္ဏ,သုခ,ဗလဖြစ်မယ်။ သို့သော် အဲဒီအကျိုးပေးတရားကို ကိုယ်က မမျှော်လင့်ဘူး။ မဂ်ဖိုလ်နိဗ္ဗာန်ကိုပဲ မျှော်လင့်တာဆိုတော့ အဲဒီစေတနာက ဒုက္ခသစ္စာကိုလွန်မြောက်စေတာနော်။ တစ်နည်းအားဖြင့် ဉာဏ်ကလွန်မြောက်စေတာ။ ဝတ္ထုဒါနကြောင့် အာယု,ဝဏ္ဏ,သုခ,ဗလဆိုတာကတော့ နိဗ္ဗာန်မရောက်မချင်း အကျိုးတော့ပေးနေမှာပါပဲ။ ဒါပေမဲ့ အဲဒီ

http://www.dhammadownload.com



အကျိုးတရားတွေကို မျှော်လင့်နေရင် အကျိုးတရားတွေ ရလာမှာက ဘာသစ္စာကြီးတဲ့လဲ...။

*"ဒုက္ခသစ္စာကြီးပါဘုရား"*

ဒုက္ခသစ္စာကြီးရမယ်။ ဒါကြောင့် လှူဒါန်းတဲ့အခါမှာ ဘာလေးဝင်ရမယ်ဆိုရင် ဉာဏ်ကလေးနဲ့ ဟုတ်လား။ ဘာလေးဝင်ရမယ်...။

*"ဉာဏ်ပါဘုရား"*

ဟုတ်ကဲ့လား။ ဒီဒုက္ခသစ္စာကို နှစ်သက်မှု၊ တွယ်တာမှု မထားပါဘဲနဲ့ ဒီကုသိုလ်စေတနာရဲ့ စွမ်းအားတို့ကြောင့် တပည့်တော်များ အို, နာ, သေ တရားတို့၏ ချုပ်ငြိမ်းရပ်သိမ်းသော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို လျင်မြန်သောအသိဉာဏ်ဓာတ်ဖြင့် မျက်မှောက်ပြုရပါလို၏ဘုရားလို့ နှလုံးသွင်းတတ်ရမယ်နော်။ နားလည်ပြီမဟုတ်လား။ ဒီလှူဒါန်းထားတဲ့ ကုသိုလ်အာရုံကြောင့် ကြည်လင်မှုရနေတဲ့ စိတ်အစဉ်သည် တဏှာ အကုသိုလ်နဲ့ မရောယှက်ခြင်းကြောင့် သိပ်ပြီးတော့ ကောင်းနေတယ်။ သိပ်ပြီးတော့ ကောင်းနေတဲ့ စိတ်ဓာတ်အာရုံတို့ရဲ့ စွမ်းအား

http://www.dhammadownload.com



ကြောင့် ဒကာ,ဒကာမတွေ တရားအားထုတ်တဲ့နေရာမှာ ဒီကုသိုလ်တွေရဲ့ စွမ်းအားလေးတွေက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုပို့ဖို့အတွက် အကြောင်းအထောက်အပံ့တွေ လာဖြစ်တယ်နော်။ ဒီစွမ်းအားလေးတွေက ပို့ပေးတယ်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာအောင် ပို့ပေးတတ်တယ်။ ဘုန်းကြီးတို့ ခဏခဏပြောပါတယ်။ တစ်နေ့ကတောင် ပြောခဲ့ပါသေးတယ်။ လောကသဘာဝအားဖြင့် ပြောပြခဲ့တယ်။ ဘာလဲဆိုလို့ရှိရင် 'ဒါနရှင်'ဖြစ်မှ 'ဓနရှင်'ဖြစ်တယ်လို့လေ။ ဘာရှင်ဖြစ်ပါမှ...

*"ဒါနရှင်ပါဘုရား"*

ဟုတ်တယ်။ ဒါနရှင်ဖြစ်မှ ဓနရှင်ဖြစ်ပါတယ်တဲ့။ အဲဒီဓနရှင်ဖြစ်မှလည်းပဲ ပညာရှင်ဖြစ်မယ်။ နားလည်ပြီနော်။ ပစ္စည်းဥစ္စာအသင့်အတင့်ရှိတဲ့ပုဂ္ဂိုလ်များကျတော့ မပင်မပန်းပါဘဲနဲ့ ကုသိုလ်တရားတွေ၊ ဝိပဿနာတရားတွေအားမထုတ်နိုင်ဘူးလား...။

*"အားထုတ်နိုင်ပါတယ်ဘုရား"*

http://www.dhammadownload.com



ကျုပ်တို့ ဒကာ,ဒကာမတွေ ခုဆိုရင်ကြည့်။ ဒီတရားစခန်းပွဲမှာ ရောက်ရှိကြတဲ့ ပုဂ္ဂိုလ်များ ဟာ ဘာရှင်တွေလို့ဆိုရမလဲ...။

*"ခနရှင်ပါဘုရား"*

ခနရှင်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ပစ္စည်းဥစ္စာအသင့်အတင့်ရှိတယ်။ ဟုတ်တယ် နော်။ အသင့်အတင့်ရှိမှလဲပဲ ဒီနေရာကိုရောက် နိုင်တာ။ ဒီရှိတာသည် အလိုလိုရှိလာသလား ဆိုရင် မဟုတ်ပါဘူးတဲ့။

ဘဝသံသရာလောကမှာ ဒါနကုသိုလ်စွမ်း အားလေးတွေ ရှိခဲ့ကြလို့နော်။ အဲဒီစွမ်းအား ကြောင့် ဒကာ,ဒကာမများ ပစ္စည်းဥစ္စာအသင့် အတင့်ပြည့်စုံတဲ့ဘဝကို ဖြစ်လာစေတယ်။ ဖြစ် တဲ့အခါကျတော့ ခနရှင်လို့ပြောနိုင်တာပေါ့။ အဲဒီ ခနရှင်ကမှ ခမ္မရှင်ဖြစ်လာရမယ်။ ခမ္မရှင် ဆိုတာက တရားပိုင်ရှင်နော်။ မိမိတို့ပြုလုပ်ခဲ့တဲ့ စွမ်းအားကြောင့် ဖြစ်ပေါ်နေတဲ့ ဘဝကလေးကို ဒီဘဝမှာ မငြိုမငြင် မပင်မပန်းဘဲနဲ့ အဆင် ပြေပြေနေလာနိုင်တာ။ တချို့ပုဂ္ဂိုလ်များ ကြည့်

http://www.dhammadownload.com



လေ။ ဒါနရှင်မဟုတ်ခဲ့လို့ ဓနရှင်မဖြစ်လာဘူး။ နေ့စားရမှာကို ညရှာ၊ ညစားရမှာကို နေ့ရှာနဲ့ ကုသိုလ်တရားတွေလဲ မလုပ်နိုင်ကြ ဘဲနဲ့ မေ့လျော့ပြီးတော့ မနေကြဘူးလား။ ဘုန်းကြီးတို့ ဒီရတနာ့မာရ်အောင် တောရဓမ္မရိပ်သာကနေ လမ်းထိပ်ထွက်ရင် သိရပြီ။ ဘုန်းကြီးတို့ ဆွမ်းခံထွက်လို့ရှိရင် မြင်ရပါတယ်။ တချို့ တောင်းလေးတွေထမ်းပြီး လှုပ်ရှားနေလိုက်ကြတာ လူငယ်တွေရော၊ လူလတ်တွေရော၊ လူကြီးတွေရော လူမျိုးစုံ မြောက်မြားစွာနော်။ သွားလာလှုပ်ရှား ရုန်းကန်နေလိုက်ရတာ။ သူများတွေက စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ သီလတွေစောင့်ထိန်းပြီး တရားအားထုတ်ခွင့်တွေ့ရနေတဲ့အချိန်မှာ ဒီပုဂ္ဂိုလ်များကျတော့ ဒါနလဲမလုပ်နိုင်၊ သီလလဲမစောင့်ထိန်းနိုင်၊ ဝိပဿနာဆိုတဲ့ ဘာဝနာတရားတွေလဲ အားမထုတ်နိုင်ပါဘဲနဲ့ ဆင်းရဲနွမ်းပါးပြီးတော့ သနားစရာကောင်းလိုက်တာ။ ဘာရှင်မဟုတ်ခဲ့လို့တဲ့လဲ...။

http://www.dhammadownload.com



*"ဒါနရှင်မဟုတ်ခဲ့လို့ပါဘုရား"*

အေး...ဒါနရှင်မဟုတ်ခဲ့လို့ ဓနရှင်မဖြစ်တဲ့အတွက် ဆင်းရဲနွမ်းပါးနေရတာ။ ဘယ်သူလုပ်တဲ့ ကံတရားလဲဆိုရင် အဝိဇ္ဇာ၊ တဏှာဦးစီးပြီး သူတို့ကိုယ်တိုင်လုပ်လာခဲ့တဲ့ ကံတရားက သူတို့ဘဝကို စီစဉ်ပေးနေတာမဟုတ်လား။ ဘာမပါတဲ့ ကံတရားလဲဆိုရင် ဉာဏ်မပါတဲ့၊ သဒ္ဓါတရားမပါတဲ့ကံတရားနော်။ အဲဒီကံတရားတွေက အကျိုးပေးမသန်ဘူး။ ဒီနေ့ ကျုပ်တို့ပရိသတ်များကျတော့ အကျိုးပေးသန့်လို့ ဝိပဿနာ ဘာဝနာတရားကို အားထုတ်နိုင်တဲ့ဘဝကို ရရှိနေကြတယ်။ နားလည်တယ်နော်။ ကဲ...ရှေ့ဆက်လိုက်ပါဦး။ အစပ်သုံးပါးထဲက နံပါတ်သုံးနဲ့ နံပါတ်လေးဖြစ်တဲ့ ကမ္မဘဝနဲ့ ဇာတိက တစ်စပ်နော်။ အဲဒီနေရာမှာ ကမ္မဘဝဆိုတဲ့ အားထုတ်မှုဖြစ်အောင် စေတနာသင်္ခါရက စေ့ဆော်လိုက်မှ ဇာတိရတာနော်။ ဒါကြောင့် ကမ္မဘဝနဲ့ သင်္ခါရဟာ တွဲပြီးတော့နေတယ်။ ကမ္မဘဝ,သင်္ခါရမရှိရင်လဲ ဇာတိက

http://www.dhammadownload.com



မဖြစ်နိုင်ဘူး။ ဇာတိဆိုတာ ဒကာ,ဒကာမတွေ တောင်းလို့ရတာနော်။ ကမ္မဘဝဆိုတဲ့ ခန္ဓာရ အောင် အားထုတ်လို့ ဇာတိရတာ။ အားထုတ် တဲ့နေရာမှာလဲပဲ ဒကာ,ဒကာမတွေ ဒီတရားနဲ့ မနီးစပ်တဲ့ ပုဂ္ဂိုလ်တွေဟာ တစ်သံသရာလုံးမှာ ဘာရဖို့ပဲ တောင်းလာကြသလဲ...။

*"ခန္ဓာရဖို့ပါဘုရား"*

ခန္ဓာရဖို့၊ လူဖြစ်ဖို့နော်။ တောင်းလိုက်ကြ တာမှ အကြိမ်ကြိမ်အထပ်ထပ်ပါပဲ။ ဘယ်လို တောင်းသလဲဆိုရင် ကာယကံနဲ့တောင်းတယ်၊ ဝစီကံနဲ့တောင်းတယ်၊ မနောကံတွေနဲ့တောင်း ကြတယ်။ အဲသလိုတောင်းလာခဲ့ခြင်းကြောင့် ဘာရသလဲဆိုရင် ခန္ဓာရတယ်နော်။ မရဘူး လား...။

*"ရပါတယ်ဘုရား"*

ကဲ... ဒါဆိုရင် ဘုန်းကြီးတို့ ပရိသတ် အပေါင်း သူတော်ကောင်းတို့ ... ဆက်စပ်မှု အစပ်သုံးပါးကို ပြောရလို့ရှိရင် တောင့်တခြင်း အကြောင်းကြောင့် ရရှိခြင်းအကျိုး၊ အတိတ်

http://www.dhammadownload.com



ဘဝမှာလဲပဲ တောင်းခဲ့လို့ ယခုဘဝရတယ်။ ယခုဘဝမှာ ဝေဒနာနဲ့ တဏှာကြားကျတော့ ခံစားခြင်းကြောင့် ထပ်ဆင့်ခံစားလိုတဲ့အကျိုး မပေါ်ဘူးလား…။

*"ပေါ်ပါတယ်ဘုရား"*

ဒါဟာ ပစ္စုပ္ပန်အရှင်စပ်။ ဒါဆိုရင် ကမ္မဘဝနဲ့ ဇာတိကျတော့ အားထုတ်ခြင်းအကြောင်းကြောင့် ရရှိတဲ့အကျိုး စပ်နေတယ်နော်။

အားထုတ်တာက အကြောင်း၊ ရရှိတာက အကျိုး။

ဝေဒနာကအကြောင်း၊ တဏှာကအကျိုး။

သင်္ခါရကအကြောင်း၊ ဝိညာဏ်ကအကျိုး။

အကြောင်းရှိလို့ ဘာဖြစ်သလဲဆိုရင် အကျိုးဖြစ်တယ်နော်။ အကြောင်းမရှိရင်…

*"အကျိုးမဖြစ်ပါဘုရား"*

ကဲ…နောက်ဆုံးပြောကြပါစို့…။ ဒီတရားအားထုတ်လို့ မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်ရပြီး ရဟန္တာဖြစ်သွားတယ်ဆိုကြပါစို့။ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲမှာ သင်္ခါရ

http://www.dhammadownload.com



တရားက အကျိုးမရှိတော့ဘူးနော်။ ကာယသင်္ခါရ၊ စိတ္တသင်္ခါရ၊ ဝစီသင်္ခါရ... ဒီသင်္ခါရ တရားတွေကို ဘယ်လောက်ပင် ပြုလုပ်ပင်ပြား သော်လည်းတဲ့... အဲဒီ ပြုလုပ်တာဟူသမျှတွေ သည် ပြုကာမတ္တ၊ လုပ်ကာမတ္တ၊ ပြောကာမတ္တ လောက်ပဲရှိတယ်။ ဘဝန္တာကိုယ်ကြီး ရလိုတဲ့ စိတ်ဆန္ဒ လုံးဝမရှိတော့တဲ့အတွက်ကြောင့် ဒီ အာရုံတရားတွေရဲ့ အကျိုးရလဒ်ဟာ နောက် ထပ်တစ်ဖန် ပေါ်ပါဦးမလား...။

*"မပေါ်ပါဘုရား"*

အကျိုးကိုမျှော်လင့်ချက်ရှိလို့သာလျှင် အကျိုး ရတာဖြစ်တယ်။ ဒီအကျိုးဟာလဲ အလိုလိုဖြစ် သလား၊ အကြောင်းကို ကြိုးစားလို့လား...။

"အကြောင်းကို ကြိုးစားလို့ပါဘုရား"

အကြောင်းကို မကြိုးစားရင်...

*"အကျိုးမရပါဘုရား"*

ကဲ...ဒါကြောင့် အကျိုးမရအောင် အစပ် သုံးပါးမှာ ဘယ်အစပ်ကိုဖြတ်ရမှာတဲ့လဲ...။

"ဝေဒနာနဲ့ တဏှာအစပ်ကိုပါဘုရား"

http://www.dhammadownload.com



တစ်နည်း နံပါတ်နှစ်နှင့် နံပါတ်သုံးအစပ်ကို ဖြတ်ရမယ် ဟုတ်လား...။

*"တင်ပါ့ဘုရား"*

နံပါတ်တစ်နဲ့ နှစ်က ဖြတ်စရာလိုသလား...

*"မလိုပါဘုရား"*

ဖြတ်ရမှာက ဝေဒနာနဲ့ တဏှာကြားမှာ ဘာဝင်အောင်ကြိုးစားရမှာတဲ့လဲ...။

*"ဉာဏ်ဝင်အောင်ပါဘုရား"*

မဂ်ဝင်အောင် ကြိုးစားရမယ်နော်။ မဂ်ဝင်လို့ရှိရင်တော့ ဝေဒနာ နိရောဓ၊ တဏှာနိရောဓ မဂ္ဂေါဆိုတော့ ရှင်းပြီမဟုတ်လား...။

ကဲ...ဒါဆိုရင် ရှေ့ဆက်လိုက်ပါဦး။ သုံးပါးအစပ်ပြီးရင် ဘာတဲ့လဲ...။

*"နှစ်ရပ်မူလပါဘုရား"*

အစတုန်းကတော့ မူလနှစ်ဖြာလို့ ပြောခဲ့တယ်နော်။ ဟော...အခုတော့ နှစ်ရပ်မူလတဲ့။ ဘုရားရှင်က ပိုပြီးရှင်းအောင်လို့ ဟောပေးထားတာနော်။ ဒကာ,ဒကာမတွေက ဟာ... အရှင်ဘုရားကလဲ တပည့်တော်တို့က မူလနှစ်ဖြာ

http://www.dhammadownload.com



လို့ပဲသိတာ၊ ဒီနေရာမှာလဲ မူလနှစ်ဖြာလို့ပဲ ထပ်ဟောလိုက်လို့ရှိရင် မပြီးဘူးလားဘုရားလို့ စောဒကတက်စရာရှိတယ်။ ဒါပေမဲ့ မဟော မဖြစ်လို့ ထပ်ဟောရတာပါဆိုတာ ရှင်းပြမယ်။ ဟုတ်ပြီလား။ ဘာဖြစ်လို့...။

*"မဟောမဖြစ်လို့ပါဘုရား"*

မဟောရင် မဖြစ်ဘူးနော်။ သူတို့က အရင်တုန်းက အဝိဇ္ဇာ,တဏှာ ဖြစ်နေခဲ့ကြပေမယ့် ဒီနေရာမှာတော့ တစ်ယောက်တခြားစီဖြစ်ပြီး တဏှာနဲ့ အဝိဇ္ဇာဖြစ်နေခဲ့လို့ပါပဲတဲ့။ ရှင်းပြီလား။ ဘာနဲ့ ဘာတဲ့လဲ...။

*"တဏှာနဲ့ အဝိဇ္ဇာပါဘုရား"*

တဏှာနဲ့ အဝိဇ္ဇာနော်။ ဒီနေရာမှာက အခု ပစ္စုပ္ပန်နေရာမှာ တဏှာကို အရင်ရှေ့က ခေါ်ထားရတာက ဝေဒနာနဲ့နီးစပ်နေလို့ ဟုတ်ပြီလား။ အခု ပစ္စုပ္ပန်နေရာမှာ ဝေဒနာနဲ့ အနီးကပ်နေရာမှာ ရှိနေတာက တဏှာပဲရှိတယ်၊ ဟုတ်လား။ အဝိဇ္ဇာက ဘယ်ရောက်နေလဲဆိုရင် နံပါတ်တစ်နေရာမှာပဲရှိနေတယ်နော်။ အဲဒီ

http://www.dhammadownload.com



တော့ အဓိပ္ပာယ်ဖွင့်ဆိုရရင် လွန်လေပြီးသော အတိတ်ကာလတုန်းကတဲ့၊ ဒီခန္ဓာရဖို့ ဘယ်သူက စ,ပြီး ခေါင်းဆောင်ခဲ့သလဲဆိုရင် အဝိဇ္ဇာက ခေါင်းဆောင်ခဲ့ပါတယ်တဲ့။ ဘယ်သူက ခေါင်းဆောင်ခဲ့တယ်...။

*"အဝိဇ္ဇာကပါဘုရား"*

လွန်လေပြီးသောဘဝက ဘယ်သူခေါင်းဆောင်ခဲ့တယ်...။

*"အဝိဇ္ဇာကပါဘုရား"*

ဒီအဝိဇ္ဇာတရားတွေက ခေါင်းဆောင်လာလို့ တစ်သံသရာလုံးမှာ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းများ ဘာရတယ်...။

*"ခန္ဓာရပါတယ်ဘုရား"*

ဒါဆိုရင် ဒီခန္ဓာရဖို့အတွက် ဘယ်သူက ခေါင်းဆောင်ခဲ့ပါလိမ့်...။

*"အဝိဇ္ဇာကပါဘုရား"*

ဒါကြောင့် လွန်လေပြီးသောဘဝတွေက အဝိဇ္ဇာက ခေါင်းဆောင်ကာ မူလအဖြစ်နဲ့ ရပ်တည်ပြီး မရအရ ခန္ဓာကိုယ်ကို ကြိုးစားခဲ့

http://www.dhammadownload.com



လို့ ခန္ဓာတွေရနေပါတယ်။ ဒီလိုနှလုံးသွင်းထား။ ဒါဆိုရင် နောင်ခန္ဓာရဖို့အတွက်ကလဲ ယခု ပစ္စုပ္ပန်မှာ ဘယ်သူက ခေါင်းဆောင်ဦးမှာတဲ့လဲ ဆိုတော့ 'တဏှာ'တဲ့နော်။ ဘာဖြစ်လို့လဲဆို တော့ဒီ'တဏှာ'ဟာ အကြောင်းတရားမဟုတ်လား။ ခန္ဓာရဖို့အကြောင်းတရားမှာ ပစ္စုပ္ပန်အကြောင်း မှာ 'တဏှာ'သည် မူလအဖြစ်နဲ့ ရပ်တည်ပြီး တော့ ခေါင်းဆောင်တယ်။ နားလည်ပြီနော်။ အဝိဇ္ဇာသည် ဘယ်တုန်းက ရပ်တည်ခဲ့တာတဲ့ လဲ...။

*"လွန်လေပြီးသောအတိတ်ကပါဘုရား"*

ဟုတ်တယ်။ လွန်လေပြီးသော အတိတ် ဘဝတုန်းက 'အဝိဇ္ဇာ'သည် မူလအဖြစ်နဲ့ ရပ် တည်ပြီးတော့ ပစ္စုပ္ပန်အကြောင်းမှာ 'တဏှာ' သည် မူလအဖြစ်နဲ့ ရပ်တည်နေခြင်းကြောင့် "တဏှာ,အဝိဇ္ဇာ"ဆိုပြီးတော့ နှစ်ရပ်မူလအဖြစ် နဲ့ ရပ်တည်ပုံခြင်းမတူလို့ ထပ်ဟောရခြင်း ဖြစ်ပါတယ်တဲ့။ ဟုတ်လား။ ရပ်တည်ပုံခြင်း မတူလို့နော်။

http://www.dhammadownload.com



အတိတ်က ဘယ်သူခေါင်းဆောင်ပြီး ရပ်တည်ခဲ့သလဲ...။

*"အဝိဇ္ဇာပါဘုရား"*

နောင်ခန္ဓာရဖို့အတွက်ကတော့ ဘယ်သူက ခေါင်းဆောင်တယ်...။

*"တဏှာပါဘုရား"*

ဒီတဏှာတရားက ဒကာ,ဒကာမတွေ ရှေ့ကိုသွားတယ်မဟုတ်လား။ ရှေ့အနာဂတ်ဖြစ်မယ့် ဖြစ်စဉ်တွေလေ။ ဘာကြောင့်လဲလို့ မေးတဲ့အခါကျတော့ 'ဝေဒနာ'နဲ့ပေါင်းသင်းနေလို့။ ဝေဒနာနဲ့ ပေါင်းသင်းနေသမျှကတော့ တဏှာက လာဦးမှာကိုး။ ဟုတ်လား။ ဒါကြောင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟော့...မင်းတို့ မူလနှစ်ဖြာတုန်းကတော့ ဟုတ်ပါပြီကွာတဲ့။ စက်ဝိုင်းတည့်တည့်မှာ အဝိဇ္ဇာ,တဏှာဆိုပြီးတော့ ခေါ်လို့တော့ရပါပြီတဲ့။ ဒါပေမဲ့ နှစ်ရပ်မူလကျတော့ ဒီလိုခေါ်လို့ မရဘူးတဲ့။ ဘယ်သူက ခေါင်းဆောင်နေလို့ တဲ့လဲ...။

*"တဏှာကပါဘုရား"*

http://www.dhammadownload.com



တဏှာက ခေါင်းဆောင်ပြီးတော့ အဝိဇ္ဇာက နောက်လိုက်ဖြစ်နေပြန်ပြီ။ မူလနှစ်ဖြာတုန်းကတော့ အဝိဇ္ဇာက ခေါင်းဆောင်၊ တဏှာက နောက်လိုက်။ ဟော...နှစ်ရပ်မူလကျပြန်တော့ တဏှာကခေါင်းဆောင်၊ အဝိဇ္ဇာကနောက်လိုက်။ သူတို့နှစ်ယောက် ခွဲနေတယ်ကွာ။ ဒီတစ်ခါ မင်းကရှေ့ကသွား၊ ငါကနောက်ကလိုက်ခဲ့မယ် ဆိုပြီး ဖြစ်နေပြန်ရော။ သို့သော် သူတို့ဟာ သဘောချင်းတော့တူတယ်။ သေတူရှင်ဖက် တွေကိုး။ ဟုတ်ပြီလား။ ဘုန်းကြီးတို့၊ ဒကာ, ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ သူတို့နှစ်ယောက် က အမြဲမွေနှောက်နေတာနော်။ အဝိဇ္ဇာက ခိုင်း လိုက်၊ တဏှာကခိုင်းလိုက်နဲ့။ သူတို့နှစ်ယောက် က ရှေ့သွားနောက်လိုက်တွေပေါ့။ သစ္စာနဲ့ဖွဲ့ လိုက်တဲ့အခါကျတော့လဲ တူမနေဘူးလား...။

*"တူနေပါတယ်ဘုရား"*

သမုဒယသစ္စာ အတူတူပါပဲတဲ့။ ကဲ... ဒါဆို ဒကာ,ဒကာမတွေ မူလနှစ်ဖြာဆိုတာက 'အဝိဇ္ဇာ,တဏှာ'။ နှစ်ရပ်မူလဆိုတာက

http://www.dhammadownload.com



'တဏှာ,အဝိဇ္ဇာ'လို့ဆိုတော့ ရုပ်တည်ပုံချင်း မတူတဲ့အတွက်တာကြောင့် ခွဲပြီးဆိုရခြင်းဖြစ်ပါတယ်တဲ့။ ဆိုချင်လို့ဆိုတာလား၊ မတူလို့ဆိုရတာလား...။

*"မတူလို့ပါဘုရား"*

နားလည်ပြီနော်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် အတိတ်ဘဝတုန်းက ဘုန်းကြီးတို့၊ ဒကာ,ဒကာမတို့သည် ခန္ဓာငါးပါး ဒုက္ခသစ္စာကို ပိုင်းခြားပြီးသိသလား...။

*"မသိပါဘုရား"*

မသိတာက အဝိဇ္ဇာ။ မသိလို့ အဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာရှိခြင်းကြောင့်ပင်လျှင် သင်္ခါရတွေ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေ ရှိမနေဘူးလား။

*"ရှိနေပါတယ်ဘုရား"*

ကဲ...ဒါဆိုရင် ဒီအချိန်မှာလဲ ဘုန်းကြီးတို့ ပရိသတ်များက မသိသေးဘူးဆိုရင် ထပ်ဆင့် ထပ်ဆင့် ဘာကိုလိုချင်ဦးမှာတဲ့လဲ...။

*"ခန္ဓာကိုပါဘုရား"*

http://www.dhammadownload.com



ခန္ဓာကိုလိုချင်ဦးမယ်။ ဒီတရားနဲ့ မနီးစပ်ဘူး။ တရားထူးတရားမြတ် ခန္ဓာကိုယ်ထဲမှာ မကိန်းသေးဘူးဆိုရင် ဒီပုဂ္ဂိုလ်များဟာ ဘုံဘဝတွေ မလိုချင်ဘူးလား။

*"လိုချင်ပါတယ်ဘုရား"*

အကြိမ်ကြိမ်အထပ်ထပ်လဲ ဆုတောင်းမှာပဲ။ မရအရလဲတောင်းမယ်။ လုပ်လဲလုပ်မယ်။ ဆုတောင်းတာ လိုချင်တာက တဏှာ၊ မရအရစွဲတာက ဥပါဒါန်၊ ကာယကံ, ဝစီကံ, မနောကံတွေနဲ့ အားထုတ်တာက ကမ္မဘဝ။ ဒါဆိုရင် ကမ္မဘဝပစ္စယာ ဘာတဲ့လဲ...။

*"ဇာတိပါဘုရား"*

ဒါဆိုရင် နောင်ခန္ဓာရဖို့အတွက် ဘယ်သူခေါင်းဆောင်တယ်...။

*"တဏှာပါဘုရား"*

တဏှာနော်။ အရင်တုန်းကတော့ ခန္ဓာရဖို့အတွက် ဘယ်သူကခေါင်းဆောင်...။

*"အဝိဇ္ဇာပါဘုရား"*

ကဲ...ဒါဆိုရင် နှစ်ရပ်မူလကို နားလည်ပါ

http://www.dhammadownload.com



ပြီနော်။ ရှေ့ဆက်သွားလိုက်ပါဦး။ နှစ်ရပ်မူလ ပြီးရင် ဘာတဲ့လဲ...။

*"ဝဋ်သုံးဝနှင့်ပါဘုရား"*

ဝဋ်သုံးဝဆိုတော့ ဝဋ် ဘယ်နှစ်ပါးရှိတယ်လို့ ဆိုပါလိမ့်...။

*"ဝဋ်သုံးပါးပါဘုရား"*

ကဲ...ဒကာ,ဒကာမတွေ၊ ဘုန်းကြီးတို့ခန္ဓာ၊ ဒကာ,ဒကာမတွေခန္ဓာကိုယ်ထဲမှာ ဝဋ် ဘယ်နှစ်ပါးရှိပါလိမ့်...။

*"သုံးပါးပါဘုရား"*

သုံးပါးရှိပါတယ်တဲ့။ အဲဒီဝဋ်သုံးပါးထဲက နံပါတ်တစ်ကို ကြည့်လိုက်ပါဦး။ နံပါတ်တစ်ထဲမှာ ဘာတဲ့လဲ...။

*"ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား"*

ကိလေသာဝဋ်ရယ်၊ ကမ္မဝဋ်ရယ်လို့ နှစ်ပါးတွေ့တယ်မဟုတ်လား။ ကဲ...နံပါတ်လေးကို လှမ်း ကြည့်လိုက်ပါဦး...။

*"ဝိပါကဝဋ်ပါဘုရား"*

ဝဋ်သုံးပါးက ကိလေသာဝဋ်ရယ်၊ ကမ္မဝဋ်

http://www.dhammadownload.com



ရယ်၊ ဝိပါကဝဋ်ရယ်ဆိုပြီး သုံးပါးနော်။ ကဲ... ဒါဆိုရင် ဟုတ်ပြီ။ ကိလေသာဝဋ်က ဘယ်နှစ်ပါးရှိပါလိမ့်...။

*"သုံးပါးပါဘုရား"*

သုံးပါးနော်။ ကဲ...မြားလေးတွေ ကြည့်လိုက်ပါဦး။ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ် ဟောဒီသုံးပါးလုံးသည် ဘာလို့ခေါ်ပါလိမ့်...။

*"ကိလေသာဝဋ်ပါဘုရား"*

ကိလေသာဝဋ်သုံးပါး။ အဲဒီကိလေသာဝဋ်သုံးပါးကို သစ္စာနဲ့ ဖွဲ့လိုက်ပြန်တော့လဲ အဲဒီကိလေသာဝဋ်သုံးပါးစလုံးသည် ဘာသစ္စာတဲ့လဲ...။

*"သမုဒယသစ္စာပါဘုရား"*

သမုဒယသစ္စာနော်။ ကဲ...ဟုတ်ပြီ။ ကမ္မဝဋ်က ဘယ်နှစ်ပါးတဲ့လဲ...။

*"နှစ်ပါးပါဘုရား"*

နှစ်ပါးက ပြောပါဦး...။

*"သင်္ခါရနဲ့ ကမ္မဘဝပါဘုရား"*

http://www.dhammadownload.com



သင်္ခါရနဲ့ ကမ္မဘဝနော်။ ဘယ်သူနဲ့ ဘယ်သူတဲ့လဲ...။

*"သင်္ခါရနဲ့ ကမ္မဘဝပါဘုရား"*

သင်္ခါရဆိုတာ ဘာသဘောရှိတယ်...။

*"ပြုလုပ်တတ်တဲ့သဘောပါဘုရား"*

ကမ္မဘဝဆိုတာကရော...။

*"အားထုတ်တတ်တဲ့သဘောပါဘုရား"*

အားထုတ်တတ်တဲ့သဘောနော်။ ပုံစံချင်းတော့ တူတယ်။ မနီးမဝေးပေါ့။ ကဲ...ဟိုဘက်က ကိလေသာဝဋ်တွေကရော...။ အဝိဇ္ဇာဆိုတာ သစ္စာမသိမှုသဘော၊ တဏှာက လိုချင်မှုသဘော၊ ဥပါဒါန်က စွဲလမ်းတဲ့သဘော။ သူတို့ဟာ ကိုယ့်သဘောနဲ့ကိုယ် ရှိကြတယ် မဟုတ်လား...။

*"တင်ပါ့ဘုရား"*

သူတို့ဟာ ကိလေသာဝဋ်အကြောင်းကြောင့် ကမ္မဝဋ်ဖြစ်ရတယ်။ ဟုတ်လား။ ကိလေသာဝဋ်ကြောင့် ဘာဖြစ်တယ်...။

*"ကမ္မဝဋ်ဖြစ်ပါတယ်ဘုရား"*

http://www.dhammadownload.com



ကိလေသာဝဋ်ကသုံးပါး၊ ကမ္မဝဋ်က နှစ်ပါး ပေါင်းလိုက်တော့ ဘယ်နှစ်ပါးလဲ...။

*"ငါးပါးပါဘုရား"*

အဲဒီငါးပါးကို ကြိုးစားလာခဲ့ခြင်းကြောင့် နောက်ထပ် ဘာရှစ်ပါးရတာတဲ့လဲ...။

*"ဝိပါကဝဋ်ရှစ်ပါးပါဘုရား"*

ဝိပါကဝဋ်ရှစ်ပါးရတယ်။ နားလည်ပြီနော်။ ဝိပါကဝဋ်ရှစ်ပါးကို ဆိုလိုက်ပါဦး...။

*"ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏ, ဥပပတ္တိဘဝပါ ဘုရား"*

ဒီမှာတော့ ဥပပတ္တိဘဝကို ထည့်ဆိုရတယ် နော်။ သို့သော် အခု ဘုန်းကြီးတို့က နားလည် ထားရမယ်ဆိုရင်တော့ ဇာတိ၊ ဇရာမရဏ ဆို တဲ့နေရာမှာ ဇရာနဲ့ မရဏကို ခွဲလိုက်ရသေး တယ်နော်။ ဒီမှာတော့ ဘုန်းကြီးတို့က အကျဉ်း ချုံးပြီး ဟောပေးသွားမယ်။ နောက်ပိုင်းမှာမှ အကျယ်ချဲ့ပြီး ဟောပေးပါ့မယ်။ ကဲ...ဒီတော့ ဝိပါကဝဋ်ရှစ်ပါးဆိုတော့ ဝိပါကဆိုတာ ဝိ-

http://www.dhammadownload.com



ပါကနော်။ ဝိ–အထူးအားဖြင့်၊ ပါက–ဖြစ်ပေါ်ရတယ်။ ဒီလိုဆိုတယ်နော်။ အထူးအားဖြင့် ဖြစ်ပေါ်ရတယ်ဆိုတော့ ဘာတွေအထူးအားဖြင့် ဖြစ်ပေါ်ရပါသလဲတဲ့။ ကောင်းတာဖြစ်သလား၊ မကောင်းတာဖြစ်သလားတဲ့။ ဝိပါကဆိုတာ ကောင်းတာတွေဖြစ်သလား၊ မကောင်းတာတွေ ဖြစ်သလားဆိုရင် မကောင်းတာတွေချည်းပဲ ဖြစ်တယ်တဲ့။ အမျိုးမျိုးသော ဒုက္ခတွေနဲ့ချည်းပဲ ရင်ဆိုင်နေရတာတဲ့နော်။ သားကိစ္စ, သမီးကိစ္စ အတွက်နဲ့ ရင်ဆိုင်ရ၊ မိမိခန္ဓာအတွက် ရင်ဆိုင်ရ၊ ပစ္စည်းဥစ္စာ အိမ်ထောင်ပရိဘောဂတွေ ...အဲသလို မြောက်မြားလှစွာသော အာရုံတွေနဲ့ ဆက်ဆံနေရခြင်းကြောင့် အလွန်ပင်ပန်းပါတယ်တဲ့။ မပင်ပန်းဘူးလား။

*"ပင်ပန်းပါတယ်ဘုရား"*

ပင်ပန်းပြီးသကာလ နောက်ဆုံးမှာ ဒီဆင်းရဲခြင်းတရားတွေ နှိပ်စက်လို့လဲပဲ ဘယ်သူ့နောက်ထိ လိုက်ရသလဲဆိုရင် သေမင်းနောက်ထိ လိုက်ရတယ်နော်။ ဘယ်သူ့နောက်ထိ လိုက်ရ

http://www.dhammadownload.com



တယ်...။

"သေမင်းနောက်ထိလိုက်ရပါတယ်ဘုရား"

အဲဒါတွေဟာ ဘယ်သူ့ရဲ့လက်ချက်လဲဆို ရင် ဝိပါကဝဋ်ရဲ့လက်ချက်ပါပဲတဲ့။ ဒါဆိုရင် သေပြန်တော့လဲပဲ ဝိပါကဝဋ်ဟာ သူတစ်ခု တည်းလားဆိုရင် တရားမကိန်းသေးတဲ့ပုဂ္ဂိုလ် ရဲ့ သန္တာန်ထဲမှာ ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ကလဲ လိုက်ပါအကျိုးပေးပြီးသားဖြစ်တယ်တဲ့။ အကျိုးပေးသလား၊ မပေးဘူးလား...။

*"ပေးပါတယ်ဘုရား"*

အေး...အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ ငါးပါးကလဲ ဒကာ,ဒကာမတွေ ထပ် ဆင့် ထပ်ဆင့် သူက အကျိုးပေးရန်အတွက် အဆင်သင့်ဖြစ်နေတယ်။ တရားမရှိတဲ့ပုဂ္ဂိုလ် ရဲ့သန္တာန်တဲမှာ ဒီငါးပါးကလဲ တကောက် ကောက် မလိုက်နေဘူးလား...။

*"လိုက်နေပါတယ်ဘုရား"*

လိုက်နေလို့သာလျှင် ဘာဖြစ်ရသလဲဆို ရင် ဆင်းရဲရတယ်နော်။ ဒီအာရုံတွေကို လက်ခံ

http://www.dhammadownload.com



နေလို့ ဘာဖြစ်ရတယ်...။

*"ဆင်းရဲရပါတယ်ဘုရား"*

ဆင်းရဲတယ်နော်။ ဆင်းရဲတာထဲမှာ ဆင်းရဲ ထပ်နေတယ်မဟုတ်လား။ ကဲ...ဝိပါကဝဋ်က သူ့သဘောတစ်ခုတည်းဆိုရင်တော့ တော်ပါသေးတယ် ပရိသတ်။ သို့သော် ဝိပါကဝဋ်ရှစ်ပါးတို့သည် ဘယ်သူနဲ့တွဲနေရင် ပိုပြီး ဆင်းရဲရသလဲ...။

*"ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား"*

ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ဆိုတဲ့ ဝဋ်နှစ်မျိုးကို လက်သပ်မွေးတဲ့အခါကျတော့ လက်ဝဲလက်ယာရှိနေခြင်းကြောင့် ပိုပြီးတော့ မပင်ပန်းဘူးလား။

*"ပင်ပန်းပါတယ်ဘုရား"*

အခုရရှိနေတဲ့ ခန္ဓာငါးပါးကတော့ ဆင်းရဲတော့ ဆင်းရဲနေတာပဲ။ မဆင်းရဲဘူးလား...။

*"ဆင်းရဲပါတယ်ဘုရား"*

ဆင်းရဲတယ်။ ခဏခဏရောဂါတွေဖြစ်ရ၊ နေမကောင်းဖြစ်ရ၊ ဆေးရုံတွေတက်ရနဲ့ အမျိုး

http://www.dhammadownload.com



မျိုး ဖောက်ပြန်ပြီး မဆင်းရဲနေဘူးလား။

*"ဆင်းရဲပါတယ်ဘုရား"*

အဲဒီတော့ အဲဒီလိုမျိုးဆင်းရဲနေရုံနဲ့ ပြီးပလားဆိုရင် မပြီးသေးပါဘူးတဲ့။ ဟုတ်လား။ ဒီဆင်းရဲခြင်းသဘောတွေနဲ့ နောက်ထပ်ဆင်းရဲတွေ ထပ်ဆင့်ထပ်ဆင့် ရဖို့အတွက်က ဘာဝဋ်နဲ့ ဘာဝဋ်ရှိနေတယ်...။

*"ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား"*

ကိလေသာဝဋ်နဲ့ ကမ္မဝဋ် နှစ်ပါးရှိတယ်။ ဒီဝဋ်နှစ်ပါးက သစ္စာနဲ့ဖွဲ့လိုက်ရင်ကော...။

*"သမုဒယသစ္စာပါဘုရား"*

ယခုရရှိနေတဲ့ ဝိပါကဝဋ်ကို သစ္စာနဲ့ဖွဲ့လိုက်ရင်...။

*"ဒုက္ခသစ္စာပါဘုရား"*

ဘာသစ္စာနဲ့ ဘာသစ္စာကြီးတဲ့လဲ...။

"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာကြီးပါဘုရား"

တစ်နည်းအားဖြင့် ဝဋ်သုံးပါးစလုံးဟာ ဘာသစ္စာတွေတဲ့လဲ...။

*"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"*

http://www.dhammadownload.com



အေး...ဟုတ်ပြီ။ အဝိဇ္ဇာကို သစ္စာဖွဲ့ရင်လဲ သမုဒယသစ္စာ။ တဏှာ,ဥပါဒါန်ကို သစ္စာဖွဲ့ရင်လဲ သမုဒယသစ္စာ။ သင်္ခါရနဲ့ ကမ္မဘဝကို သစ္စာဖွဲ့ရင်လဲ သမုဒယသစ္စာ။ ဒီငါးပါးစလုံးကို သစ္စာဖွဲ့ရင် သမုဒယသစ္စာကလွဲလို့ အပိုရှိရဲ့လား။

*"မရှိပါဘုရား"*

ဘယ်လိုပဲပြောပြော၊ တစ်ခုချင်းပဲပြောပြော၊ ခြုံပြီးတော့ပဲပြောပြော သမုဒယသစ္စာချည်းပါပဲတဲ့။ ဒီသမုဒယသစ္စာကြောင့်ပင်လျှင် ဘာသစ္စာကြီးကို ရပါလိမ့်...။

*"ဒုက္ခသစ္စာပါဘုရား"*

ဩော်...ဒုက္ခသစ္စာဆိုတာ အကျိုးတရား၊ သမုဒယသစ္စာက အကြောင်းတရားဆိုတာ သိလာရတယ်နော်။ ဒါဆိုရင် အကြောင်းရှိလို့ ဘာဖြစ်ရတယ်...။

*"အကျိုးဖြစ်ရပါတယ်ဘုရား"*

ဒါဆိုရင် ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးဟာဖြင့် အကြောင်းနဲ့အကျိုးကလွဲလို့ အပိုရှိရဲ့

http://www.dhammadownload.com



လား...။

*"မရှိပါဘုရား"*

အကြောင်းရှိလို့ အကျိုးဖြစ်တာချည်ပါပဲ တဲ့။ အကြောင်းမမှု၊ အကျိုးမမှုချည်းပဲ ဒီလို ဆိုတယ်နော်။ အကြောင်းကင်းပြီးတော့ အကျိုး ဖြစ်နိုင်ပါ့မလား...။

*"မဖြစ်နိုင်ပါဘုရား"*

ဒါဆိုရင် ဝဋ်သုံးဝဋ်မှာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ကြိုးစားလာခဲ့လို့ ဝိပါကဝဋ်ဖြစ်တယ်။ ဝိပါက ဝဋ် ဖြစ်တုန်းဆဲဆဲမှာလဲပဲ တရားမရသေးတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဘာဝဋ်နဲ့ ဘာဝဋ် ထပ် ဆင့်ပြီးလာဦးမယ်...။

*"ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား"*

ကိလေသာဝဋ်နဲ့ ကမ္မဝဋ်လာကိန်းတော့ နောက်ထပ်ခန္ဓာ မရဘူးလား...။

*"ရပါတယ်ဘုရား"*

ဒါဆိုရင် အဲဒါ ရပ်တာလား၊ လည်တာ လား...။

http://www.dhammadownload.com



*"လည်ပါတယ်ဘုရား"*

ခန္ဓာဝဋ်ဒုက္ခကြီး လည်တာနော။ လည်တယ်ဆိုတာ အလိုလိုလည်တာလား၊ ဒကာ, ဒကာမတွေ ခန္ဓာမှာ ဘာမရောက်လို့တဲ့လဲ...။

*"ဉာဏ်မရောက်လို့ပါဘုရား"*

ဟုတ်တယ်။ ဉာဏ်မရောက်လို့။ ဒီပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတွေကို မဖြတ်ပါဘဲနဲ့ လက်ခံနေလို့၊ ပြတ်အောင်မကြိုးစားလို့ ဘဝခန္ဓာကိုယ်ကြီး အိုပြီးရင်းအို၊ နာပြီးရင်းနာ၊ သေပြီးရင်းသေ၊ ကွဲပြီးရင်းကွဲ၊ ခဏခဏ ကွဲကွာ မျက်ရည်ပေါက် ကြီး,ငယ်ကျပြီး သောကတွေ ရင်ဝယ်ပိုက်လို့ တစ်ဘဝနဲ့တစ်ဘဝ ပြေးလွှားနေကြရတာဟာ တခြားကြောင့်လား... အကြောင်းကြောင့် အကျိုးဖြစ်တာလားတဲ့...။

*"အကြောင်းကြောင့် အကျိုးဖြစ်တာပါဘုရား"*

အကြောင်းရဲ့ သစ္စာက ဘာသစ္စာ...။

*"သမုဒယသစ္စာပါဘုရား"*

အကျိုးရဲ့သစ္စာက ဘာသစ္စာ...။

http://www.dhammadownload.com



*"ဒုက္ခသစ္စာပါဘုရား"*

ဪ...ဆင်းရဲခြင်းတရားနဲ့ ဆင်းရဲကြောင်းတရားပဲ ရှိပါပေါ့လားလို့ မသိရဘူးလား...။

*"သိရပါတယ်ဘုရား"*

ကဲ...ဒါဆိုရင် ဝဋ်သုံးဝဋ်ပြီးရင် ဘာတဲ့လဲ...။

*"ကာလသုံးဖြာပါဘုရား"*

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း တစ်နည်း ခန္ဓာထဲမှာ ကာလသုံးပါး ရှိပါတယ်တဲ့။ ဒါဆိုရင် ကာလသုံးပါးကို ဒကာ,ဒကာမတွေ လှမ်းကြည့်လိုက်။ နံပါတ်တစ်ထဲမှာ ဘာကာလတဲ့လဲ...။

*"လွန်လေပြီးသော အတိတ်ကာလပါဘုရား"*

ဆက်ကြည့်လိုက်ပါဦး...။ နံပါတ်နှစ်နဲ့သုံးက...။

*"ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလပါဘုရား"*

နံပါတ်လေး လှမ်းကြည့်လိုက်ပါဦး...။

*"နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါဘုရား"*

http://www.dhammadownload.com



စုစုပေါင်းကာလ ဘယ်နှစ်ပါးတဲ့လဲ...။

*"သုံးပါးပါဘုရား"*

အဲဒီမှာ အတိုချုံးပြီးပြောရရင် အတိတ်ရယ်၊ ပစ္စုပ္ပန်ရယ်၊ အနာဂတ်ရယ် ဟုတ်ပြီလား။ အတိတ်ဆိုတာဟာ ယခုရောက်နေဆဲလား၊ ပြီးခဲ့တာလား...။

*"ပြီးခဲ့တာပါဘုရား"*

ဘာကိုအတိတ်လို့ခေါ်သလဲဆိုရင် ပြီးခဲ့ပြီးသောအာရုံ၊ ပြီးခဲ့ပြီးသောဘုံဘဝ၊ ပြီးခဲ့တာလေးတွေ အာရုံမှန်သမျှတွေဟာ ဘာပါလိမ့်။

*"အတိတ်ပါဘုရား"*

အတိတ်ဟာ ကိုယ်နဲ့ဆိုင်သလား...။

*"မဆိုင်ပါဘုရား"*

အတိတ်ကဖြစ်ခဲ့ပြီးတာတွေဟာ အတိတ်မှာပဲ ကျန်ရစ်ခဲ့ပြီးလို့ ကိုယ်နဲ့မဆိုင်တော့ပါဘူးတဲ့။ ဒီလိုဆိုတယ်နော်။ ဒါပေမဲ့ ဒကာ, ဒကာမတွေ အတိတ်အာရုံမြောက်မြားစွာတို့ဟာ အရိပ်ပမာလိုက်တတ်ပါသေးတယ်တဲ့။ အတိတ်က အာရုံတွေဟာ ဘာဖြစ်တတ်တယ်။

http://www.dhammadownload.com



*"အရိပ်လိုလိုက်တတ်ပါတယ်ဘုရား"*

အရိပ်လိုလိုက်တတ်တယ်ဆိုတာက လက်ခံရင် လိုက်တယ်။ လက်မခံရင် မလိုက်ပါဘူးတဲ့။ ဘယ်လိုပုဂ္ဂိုလ်က မလိုက်တာလဲလို့ မေးရင် ဝိပဿနာတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များ၊ ပစ္စုပ္ပန်တည့်တည့် ရှုမှတ်နေနိုင်တဲ့ ပုဂ္ဂိုလ်များမှာ မလိုက်ပါဘူးတဲ့။ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်များကျတော့ အရိပ်လိုလိုက်နေတယ်တဲ့။ အေး...အတိတ်အာရုံတွေ ခဏခဏပေါ်နေတတ်တယ်။ မြင်ယောင်နေတတ်တယ်။ ကြားယောင်နေတတ်တယ်။ ဖြတ်နေတဲ့အခါကျတော့ အတိတ်အာရုံက မပေါ်နိုင်ပါဘူး။ မဖြတ်တဲ့အခါကျတော့ ပေါ်နေတတ်တယ်နော်။ ကဲ... ဒါဆိုရင် အတိတ်ဆိုတာ အခုမနက်ပိုင်းကဟာလဲပဲ ဘာတဲ့လဲ...။

*"အတိတ်ပါဘုရား"*

အဲဒီအတိတ်ဆိုတာဟာ ပစ္စုပ္ပန်အကြောင်းတရားတို့ရဲ့ အတိတ်လို့ခေါ်ရမှာပေါ့။ ဟုတ်လား...။ ဒီဘဝမဟုတ်ခင် ကုန်ခဲ့တဲ့ဘဝတွေ

http://www.dhammadownload.com



ဟာလဲ ဘာတွေတဲ့လဲ...။

*"အတိတ်တွေပါဘုရား"*

အတိတ်ကတော့ ဒကာ,ဒကာမတွေ ရေတွက်လို့ရရဲ့လား...။

*"မရပါဘုရား"*

ရေတွက်လို့မရလောက်အောင်ထိ မြောက်မြားလှစွာတဲ့ ဘုံဘဝတွေ၊ ခန္ဓာတွေဟူသမျှတွေကလဲ ဘာလို့ခေါ်တယ်...။

*"အတိတ်ပါဘုရား"*

ပြီးခဲ့တာတွေမှန်သမျှတွေဟာ အားလုံး အတိတ်ပါပဲတဲ့။ အဲဒီအတိတ်တွေကို ပြန်စဉ်းစားလိုက်ပြန်တော့လဲပဲ အခု ကိုယ်နဲ့ ဆိုင်သလားဆိုရင် မဆိုင်ဘူးနော်။ အတိတ်အာရုံတွေကိုတွေးနေရင် ဘာမှအကျိုးထူးမလာဘဲနဲ့ ဆွေးသာဆွေးလာတတ်ပါတယ်တဲ့။ နားလည်ပြီနော်။ အတိတ်မှာပြုလုပ်ခဲ့သမျှတွေဟာ အဲဒီအတိတ်မှာပဲ ကုန်ဆုံးခဲ့ပြီးပြီလို့ဆိုလိုတာနော်။ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက...

"အတီတံ-အတိတ်အာရုံကိုလဲ ဘယ်တော့မှ

http://www.dhammadownload.com



မစဉ်းစားပါနဲ့”တဲ့။ “အနာဂတံ–အနာဂတ် အာရုံကိုလဲပဲ မစဉ်းစားပါနဲ့”တဲ့။ ကိုယ်နဲ့မဆိုင် ကိုယ့်ဆီမရောက်လာသေးလို့ ဒီအာရုံတွေကို လဲပဲ လက်မခံ မတွေးပါနဲ့တဲ့။ အတိတ်ကိုလဲ မစဉ်းစားနဲ့၊ အနာဂတ်ကိုလဲ မတွေးတောနဲ့။ ဒီလိုဆိုတယ်နော်…ဘုရားကလေ။ ဒါဆိုရင် ဘယ်ကာလမှာ အလုပ်,လုပ်ရမလဲလို့ဆိုတော့ ပစ္စုပ္ပန်ကာလ၊ တစ်နည်းအားဖြင့် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလနော်။ ယခုလို့ ပါနေတယ် ဟုတ် လား…။ ယခုဖြစ်ဆဲ ဤအချိန်မှာတောင်မှ ဝေဒနာအာရုံက တဏှာအာရုံ မဆက်ပါစေနဲ့ တဲ့။ နားလည်တယ်နော်။ ဒါဆိုရင် ပစ္စုပ္ပန် အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုးထဲမှာ ပစ္စုပ္ပန်အကျိုး ပေါ်မှာပဲ ရှုးစိုက်ရမှာလား၊ ပစ္စုပ္ပန်အကြောင်း အာရုံမှာ ရှုးစိုက်ရမှာလား။

နည်းနည်းလေး စဉ်းစားလိုက်နော်။ ပစ္စုပ္ပန် အကျိုးသက်သက် ခန္ဓာမှာပဲ ရှုးစိုက်ရမှာလား၊ ပစ္စုပ္ပန်အကြောင်းအာရုံပေါ်မှာ ရှုးစိုက်ရမှာလား။

*“ပစ္စုပ္ပန်အကျိုးသက်သက် ခန္ဓာပေါ်မှာပါ*

http://www.dhammadownload.com



*ဘုရား"*

ဟုတ်တယ်။ ပစ္စုပ္ပန်အကျိုးသက်သက် ခန္ဓာပေါ်မှာ စူးစိုက်ထားရမှာဖြစ်တယ်။ ဟုတ်လား။ ပစ္စုပ္ပန်အကြောင်းအာရုံကို လက်ခံမိရင် ပဋ္ဌိစ္စသမုပ္ပါဒ်ကလည်ပြီနော်။ ဘုရားရှင်ကလေ ဟော့...ယခုဖြစ်ဆဲ ပေါ်နေဆဲ အာရုံမှန်သမျှတွေက ရှေ့မတိုးစေနဲ့တဲ့။ ဟုတ်လား။

အတိတ်ဆိုတာ ပြီးပြီ။ အနာဂတ်ဆိုတာ မရောက်သေးဘူး။

"ပစ္စုပ္ပန် နဉ္စ ယောဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ" ဘုရားရှင်ဟောတော်မူတဲ့အတိုင်း ပစ္စုပ္ပန်အကျိုးခန္ဓာရဲ့ဖြစ်စဉ်ပေါ်မှာ ပေါ်တုံးပေါ်တုန်း ပေါ်ဆဲအာရုံ၊ ထိုင်ဆဲခဏ၊ ပြုဆဲခဏ ခန္ဓာမှာပေါ်တဲ့ အာရုံကိုပဲကြည့်ပါတဲ့။ ပြီးသွားတဲ့အာရုံကို လှမ်းမကြည့်ပါနဲ့တဲ့။ တစ်ခါတစ်ရံမှာ ဒကာ,ဒကာမတွေက မှာ...ကုန်ခဲ့တဲ့နဝရီတုန်းကဖြင့် မှတ်လို့ကောင်းလိုက်တာ၊ အဲဒီအချိန်ကို ပြန်လိုချင်လိုက်တာ၊ အဲသလို မှတ်လို့ ကောင်းတဲ့အာရုံတွေလိုမျိုး အခုဖြစ်

http://www.dhammadownload.com



လာရင် သိပ်ကောင်းမှာပဲလို့ အတိတ်အာရုံကို လှမ်းပြီး စိတ်ကူးနေမယ်ဆိုရင် အဲဒါ ပစ္စုပ္ပန် တည့်ပါ့မလား...။

"*မတည့်ပါဘုရား*"

တရားကရော တိုးတက်နိုင်ပါ့မလား...။

"*မတက်နိုင်ပါဘုရား*"

တရားမတိုးတက်နိုင်ဘူးနော်။ ဘာလို့ မတက်တာလဲလို့ မေးလို့ရှိရင် ဘယ်ကာလမှာ မကျလို့တဲ့လဲ...။

"*ပစ္စုပ္ပန်ကာလပါဘုရား*"

"ဝိပဿနာရှုကွက်"ဟာ ဘယ်နေရာမှာ လဲ ဒကာ,ဒကာမတွေ...။

"*ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာပါဘုရား*"

ဟုတ်တယ်။ ဘုရားရှင်က မိန့်ထားတာ နော်။ အနာဂတ်လို့ ညွှန်းရဲ့လား...။

"*မညွှန်းပါဘုရား*"

အတိတ်လို့လဲ ညွှန်းသလား...။

"*မညွှန်းပါဘုရား*"

ပစ္စုပ္ပန်ပေါ်တဲ့အာရုံကို ရှုမှတ်မှလဲပဲ သမာဓိ

http://www.dhammadownload.com



ဖြစ်မယ်။ သမာဓိဖြစ်မှလဲ ဒီအရှုခံအာရုံရဲ့ သဘောလက္ခဏာလေးကို ထိုးထွင်းပြီး မသိမြင်နိုင်ဘူးလား…။

*"သိမြင်နိုင်ပါတယ်ဘုရား"*

သိမြင်နိုင်မယ်နော်။ အတိတ်ကအာရုံကိုသွားပြီး ရှုမှတ်နေလို့ရှိရင် အကြောင်းအကျိုးသဘာဝကို နားလည်နိုင်ပါ့မလား…။

*"မလည်နိုင်ပါဘုရား"*

မလည်တဲ့အပြင် ဆွေးစရာ၊ ငေးစရာတွေသာ ဖြစ်လာလိမ့်မယ်။ ဘာကြောင့်ဆို တရားရမယ့်အကြောင်းနဲ့ အတိတ်အာရုံဟာ ဘာမှမဆိုင်တော့လို့ပါပဲ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်ကာလမှာ အားထုတ်ခိုင်းတယ်။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

အေး…အလုပ်လုပ်တဲ့နေရာမှာ ပစ္စုပ္ပန်မှာလုပ်ပါတဲ့။ ပစ္စုပ္ပန်ဆိုတာ ဖြစ်ခိုက်အာရုံ၊ ပေါ်တုန်း ပေါ်ဆဲအပေါ်မှာ မှတ်ရတာနော်။ ဥပမာ– မြင်ဆဲအာရုံလေးဆိုပါစို့။ အဲဒီမြင်တုန်းမြင်ခိုက်မှာ အဲဒီမြင်စိတ်ဟာ ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,

http://www.dhammadownload.com



သတ္တဝါလား၊ မြင်သိစိတ်အာရုံလား...။

*"မြင်သိစိတ်အာရုံပါဘုရား"*

မြင်စိတ်မှာ ယောကျ်ား,မိန်းမ မပါဘူး နော်။ ကြားစိတ်မှာကော ပါရဲ့လား...။

*"မပါ,ပါဘုရား"*

စားတဲ့အခါ၊ နံတဲ့အခါလဲပဲ ယောကျ်ား, မိန်းမ ပါရဲ့လား...။

*"မပါ,ပါဘုရား"*

ဟုတ်တယ်။ စားတဲ့အခါလဲ စားဆဲအာရုံ လေးပါပဲ။ ထိဆဲမှာလဲပဲ ထိဆဲအာရုံလေးတစ် ခုပါပဲ။ ဒါတွေကိုပင်လျှင် ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ အာရုံဆိုပြီးတော့ ယူကြတယ်။ ယူတော့ ဝေဒနာပစ္စယာ ဘယ်ရောက်သလဲ။

*"တဏှာပါဘုရား"*

တဏှာဆိုတော့ တဏှာပစ္စယာ ဉပါဒါန်, ကံ ဆိုပြီးတော့ မလည်ဘူးလား...။

*"လည်ပါတယ်ဘုရား"*

လည်တော့ ပစ္စုပ္ပန်တည့်တည့် မကျလို့ လည်သွားတာ သိပြီနော်။ ပစ္စုပ္ပန်တည့်တည့်

http://www.dhammadownload.com



အာရုံလေးမှာ တစ်မှတ်ချင်း တစ်မှတ်ချင်း ဒိုင်းခနဲ ဒိုင်းခနဲ အပေါ်က ရေတစ်စက်ချင်း ကျသလို ဒီလိုတစ်စက်ချင်းကျဖန်များတော့ ကျဖန်များတဲ့နေရာမှာ ဘာဖြစ်လာသလဲဆိုရင် ချိုင့်လေးဖြစ်သွားသလိုပဲတဲ့။ ရေစက်ကလေး ကျဖန်များတော့ အခေါင်းလေးဖြစ်သွားသလို ပါပဲတဲ့။ ဘာဖြစ်လို့ အခေါင်းလေးပေါက်သွားသလဲလို့မေးရင် တည့်တည့်ကျနေလို့။ ဟိုတစ်စက် ဒီတစ်စက်ကျနေမယ်ဆိုရင် ချိုင့်ဖြစ်ပါ့မလား။

*"မဖြစ်ပါဘုရား"*

မဖြစ်လာပါဘူးတဲ့။ အခေါင်းလေးပေါ်လာခြင်းသည် ရေတည့်တည့်ကျလို့နော်။ အမြဲတမ်း ကျဖန်များလာလို့။ တရားဆိုတာလဲ ပစ္စုပ္ပန်တည့်တည့် ကျဖန်များမှ လည်လမ်းကရပ်နိုင်တာ။ ပစ္စုပ္ပန်တည့်တည့်မကျရင် စက်ဝိုင်းကြီးလည်တယ်နော်။ ပစ္စုပ္ပန်တည့်တည့်ကျနိုင်အောင် ရှုမှတ်ရတယ်။ ပစ္စုပ္ပန်တည့်တည့်ရဲ့ သဘာဝတရားကို ရှုမှတ်ရတယ်။ ဘယ်

http://www.dhammadownload.com



အာရုံရဲ့ သဘာဝတဲ့လဲ...။

*"ပစ္စုပ္ပန်အာရုံ၏ သဘာဝတရားပါဘုရား"*

ပစ္စုပ္ပန်အာရုံ၏ သဘာဝဆိုတာ ရုပ်သဘာဝ၊ နာမ်သဘာဝ နှစ်ခုလုံးနော်။ ကလာပ်စည်းနဲ့ ပြောလို့ရှိရင် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ အများကြီးပေါ့လေ။ ဒါတွေပြောလို့ရှိရင်တော့ စာပေနဲ့နီးစပ်တဲ့ ဒကာ,ဒကာမတွေကပဲ အများကြီး နားလည်ပြီး နီးစပ်မှုတွေရှိပြီး အားရပါးရဖြစ်မယ်။ စာပေကျွမ်းဂန်နဲ့ မနီးစပ်တဲ့ ပုဂ္ဂိုလ်များကျတော့ ရိုးရိုးလေးပြောရတာပဲ ကောင်းပါတယ်နော်။ မိုးကုတ်ဆရာတော်ဘုရားကြီးကလဲ ရိုးရိုးလေးပဲ အမိန့်ရှိတော်မူပါတယ်။ ကဲ...ဒါဆို ဒကာ,ဒကာမတွေ ပစ္စုပ္ပန်အာရုံဆိုတာ ဘာကို ပစ္စုပ္ပန်ခေါ်တယ်။

ပေါ်တုံးပေါ်ဆဲ အာရုံနော်။ မြင်လို့ရှိရင် မြင်တုံးမြင်ဆဲ မှတ်ရတယ်။ အဲသလိုမှတ်တော့ ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်သတ္တဝါ ပညတ်တွေ မစင်ဘူးလား...။

*"စင်ပါတယ်ဘုရား"*

http://www.dhammadownload.com



မြင်တာသည် ဘာနဲ့မြင်တာတဲ့လဲဆိုရင် မြင်စိတ်နဲ့မြင်တာနော်။ မြင်စိတ်သည် ရုပ်လား၊ နာမ်လား...။

*"နာမ်ပါဘုရား"*

နာမ်နော်။ အမြင်ခံတရားကတော့ ရုပ်တရားဖြစ်တယ်။ ဒါဆိုရင် မြင်နေတာဟာ ဘာနဲ့ ဘာလဲဆိုရင် ရုပ်နဲ့ နာမ်ပဲရှိတယ်။ ပုဂ္ဂိုလ် သတ္တဝါ ပါရဲ့လား...။

*"မပါ,ပါဘုရား"*

အေး...ကြားတဲ့ခါလဲပဲ ကြားတုန်းကြားဆဲ ကြားတယ်မှတ်။ ကြားတယ်မှတ်တော့ ပညတ်စင်၊ ပရမတ် ရုပ်နာမ်မြင်။ ဒီလိုဆိုတယ်နော်။ ကြားတာကရုပ်၊ ကြားသိစိတ်ကလေးက နာမ်၊ ပုဂ္ဂိုလ်သတ္တဝါပါရဲ့လား...။

*"မပါ,ပါဘုရား"*

ဒါကြောင့် ကြားတုန်းကြားဆဲ ကြားတယ်မှတ်။ ကြားတယ်မှတ်တော့ ပညတ်စင်၊ ပမရတ် ရုပ်နာမ်မြင်။ ရုပ်နာမ်မြင်တော့ မီးစွဲရဲ့လား...။

*"မစွဲပါဘုရား"*

http://www.dhammadownload.com



တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ မီးမငြိမ်းဘူး။ မီးမငြိမ်းတော့ ပဋိစ္စသမုပ္ပါဒ် ဖြစ်တယ်ပေါ့။ ဖြစ်တယ်ဆိုတာ ထိတဲ့အခါလဲပဲ ဒီလိုပဲ။ စားတဲ့အခါလဲ ဒီလိုပဲ။ ကြံစည်စိတ်ကူးတဲ့အခါလဲပဲ ဒီလိုပဲ။ ပေါ်ဆဲခဏမှာ ပစ္စုပ္ပန် ပေါ်ဆဲခဏမှာ မှတ်ရတာနော်။ ပေါ်ဆဲခဏမှာ မမှတ်လိုက်ဘူးဆိုရင် ဝေဒနာပစ္စယာ ဘယ်ရောက်သလဲ...။

*"တဏှာရောက်ပါတယ်ဘုရား"*

မကျေနပ်ဘူးဆိုရင် ဝေဒနာပစ္စယာ ဒေါသ၊ ဒါဆိုရင် တွေဝေမိန်းမောပြီးတော့ ဟိုစဉ်းစား ဒီစဉ်းစား ဟိုစိတ်ကူး ဒီစိတ်ကူး မျောနေမယ်ဆိုရင် ဝေဒနာပစ္စယာ မောဟနော်။ ဘာဖြစ်လို့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဝင်လာရသလဲလို့ မေးလိုက်တဲ့အခါကျတော့ ဘယ်ကာလမှာ မမှတ်လို့တဲ့လဲ...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

ပစ္စုပ္ပန်မှာ ဘာနဲ့မကြည့်လို့တဲ့လဲ...။

*"ဉာဏ်နဲ့မကြည့်လို့ပါဘုရား"*

http://www.dhammadownload.com



ဉာဏ်နဲ့မကြည့်လို့နော်။ ဒါကြောင့် ဒကာ, ဒကာမတွေ တရားမှတ်တယ်ဆိုတာ ဘယ်ကာလမှာ မှတ်ရတာတဲ့လဲ...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

ပစ္စုပ္ပန်ရဲ့ ဘာသဘောကိုတဲ့လဲ...။

*"ပေါ်ဆဲသဘောကိုပါဘုရား"*

အေး...ပစ္စုပ္ပန်ပေါ်ဆဲသဘောကိုနော်။ ပြန်ပြောပါဦး။ ပေါ်ပြီးတဲ့သဘောလား၊ ပေါ်ဆဲသဘောလား...။

*"ပေါ်ဆဲသဘောကိုပါဘုရား"*

မပေါ်သေးတဲ့အာရုံလား၊ ပေါ်ဆဲသဘောလား...။

*"ပေါ်ဆဲသဘောပါဘုရား"*

မပေါ်သေးတာက အနာဂတ်။ ပေါ်ပြီးတာက အတိတ်။ ဒါတွေဟာ ကိုယ်နဲ့မဆိုင်ဘူး။ ရှင်းပြီနော်။ ဒါကြောင့် တရားအားထုတ်တယ်ဆိုတာ ဘယ်ကာလမှာ အားထုတ်ရတာယ်...။

*"ပစ္စုပ္ပန်ကာလပါဘုရား"*

ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး

http://www.dhammadownload.com



က ဘာကြောင့် ဒီကာလသုံးပါးကို ဟောပေးသလဲဆိုတော့ အလုပ်လုပ်တတ်အောင်လို့နော်။ ဘာကြောင့်လဲဆိုတော့ တချို့ပုဂ္ဂိုလ်တွေက အတိတ်တွေကို စဉ်းစားပြီးတော့ နေတတ်တယ်လေ။ ဘာဖြစ်လို့စဉ်းစားနေသလဲဆိုတော့ ဝိပဿနာတရားဆိုတာက ခန္ဓာရဲ့ဖြစ်စဉ်ကိုပဲ ရှုမှတ်ရတယ်မဟုတ်လား...။

*"တင်ပါ့ဘုရား"*

ခန္ဓာ့ဖြစ်စဉ်ကို မရှုပါဘဲနဲ့ ခန္ဓာ့အကြောင်းလေးတွေကို လိုက်လိုက်ပြီးတော့ ကြည့်နေတဲ့ပုဂ္ဂိုလ်တွေရှိတယ်။ ဘယ်လိုကြည့်ကြသလဲဆိုရင် ပထမ သမာဓိတရားတွေယူပြီး သမာဓိတရားတွေ အားကောင်းလာပြီဆိုရင် ဈာန်တွေဖြစ်လာတယ်။ ပထမဈာန်၊ ဒုတိယဈာန်... စသည်ဖြင့်ပေါ့။ ဒီလို ဈာန်စိတ်တွေဖြစ်လာပြီဆိုရင် ငါ ဘာကြောင့် ဒီဘဝဖြစ်ရတာလဲလို့ ဒီခန္ဓာကိုယ်ကြီးကို သိချင်တော့ ဒီခန္ဓာကိုယ်ကြီးဖြစ်ရတဲ့အကြောင်းကို ဘယ်ကရပါလိမ့်လို့ အတိတ်ကိုပြန်ပြီး စဉ်းစားလိုက်တော့ ဈာန်

http://www.dhammadownload.com



အာရုံနဲ့ လှမ်းကြည့်တဲ့အခါ အတိက်က ဘဝလေးကို လှမ်းမြင်တယ်။ ဒီအတိတ်ကို လှမ်းမြင်တဲ့အခါကျတော့ အဲဒီရဲ့ ဆက်ပြီး ဒုတိယဘဝ, တတိယဘဝ, စတုတ္ထဘဝ...စသည်ဖြင့် ဘဝတွေကို နောက်ပြန်ရေတွက်ပြီး ဒီအာရုံတွေနဲ့ မွေ့ပျော်ပြီး နေသွားတတ်ကြတယ်။ အဲဒီလို အတိတ်အာရုံတွေနဲ့ မွေ့ပျော်သွားတဲ့အခါကျတော့ တရားဖြစ်ပါ့မလား...။

*"မဖြစ်ပါဘုရား"*

မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ့ပါ့မလား...။

*"မတွေ့ပါဘုရား"*

နှစ်ပေါင်းပရိစ္ဆေဒ ကြာညောင်းပြီးတော့ အချိန်တွေကို သုံးဖြုန်းနေတာကို မြတ်စွာဘုရားက သနားလွန်းလို့ မင်းတို့ကွာ... အတိတ်ဆိုတာ မဆိုင်တော့ဘူး။ ပြတ်ကဲ့လား။ ဘုံဘဝတွေကို ရေတွက်နေလို့လဲ ကိစ္စမပြီးဘူး။ ဘာမှလဲဖြစ်မလာဘူး။ အတိတ်ကဘဝတွေကို လှမ်းတွေ့လို့လဲ ဘာဖြစ်မှာလဲ။ ဆွေးစရာပဲ ဖြစ်လာမယ်။ အတိတ်ဘဝတုန်းက ဘယ်လို

http://www.dhammadownload.com



နေခဲ့တယ်၊ ဘယ်လိုစားခဲ့တယ်၊ ဘယ်လိုခန္ဓာတွေ ရခဲ့တယ်၊ လူဖြစ်စဉ်တုန်းကဘယ်လို၊ နတ်ဖြစ်စဉ်တုန်းကဘယ်လို၊ ဗြဟ္မာဖြစ်စဉ်တုန်းက တစ်နည်းအားဖြင့် အပါယ်ရောက်ခဲ့တဲ့ ဘုံဘဝတွေ၊ ကြောက်စရာကောင်းတဲ့ ဘုံဘဝတွေကို လှမ်းတွေ့မယ်ဆိုရင် ဒိုင်းခနဲ ကြောက်စိတ် (ဝါ) နှလုံးမသာယာတဲ့စိတ်ဝင်သွားရင် တရားတဲ့စိတ် မဖြစ်ပါဘဲနဲ့ မတရားတဲ့စိတ်တွေဖြစ်ပြီးတော့ တစ်ခါတစ်ရံ နှလုံးသွေးတွေ ဆူလောင်ပြီး ရူးသွားတတ်တယ်။ ဟုတ်ကဲ့လား။ ပရိသတ်များ ဘယ်ကာလမကျလို့တဲ့လဲ...။

*"ပစ္စုပ္ပန်ကာလပါဘုရား"*

ပစ္စုပ္ပန်ကာလ မကျလို့။ အဲသလိုဖြစ်မှာစိုးလို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက အချိန်မကုန်ရလေအောင် ဘယ်ကာလမှာ ရှုခိုင်းတယ်...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

"ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ တတ္ထတတ္ထ ဝိပဿ

http://www.dhammadownload.com



တိ” တဏှာတဏှာ ပေါ်တိုင်းပေါ်တိုင်း အာရုံရဲ့ သဘောလေးကို တွေ့အောင်ကြည့်၊ မြင်အောင် ကြည့်။ ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်နေတယ်။ အဲဒီဖောက်ပြန်နေတဲ့ သဘောလေးကို ဉာဏ် ကလေးနဲ့ မြင်အောင်ကြည့်။ နားလည်ပြီနော်။ နားလည်တော့ ဒကာ,ဒကာမတွေ အသင်္ခ်ရံ– မကုန်ခန်းသေးမီကြည့်ပါတဲ့။ အသက်ပွံ–မချုပ် ပျောက်သေးမီ ရှုပါတဲ့။ ပေါ်တဲ့အာရုံလေးဟာ မကွယ်ပသေးမီ၊ မပျောက်ဆုံးသေးမီ ဒီအာရုံ ရဲ့သဘောကို ကြည့်ပါတဲ့။ ဒါဆိုရင် ပျောက် သွားပြီးမှ ရှုလို့ရပါ့မလား…။

*“မရပါဘုရား”*

ပျောက်သွားပြီးရင် ဘာဖြစ်သွားပြီ။ အတိတ် ဖြစ်သွားပြီနော်။ အတိတ်ဖြစ်သွားရင် ရှုလို့ရ ပါ့ဦးမလား…။

*“မရပါဘုရား”*

မပေါ်သေးတဲ့အာရုံကိုကြည့်လိုက်ပြန်တော့ လဲ ကိုယ်နဲ့မဆိုင်တော့ပြန်ဘူး။ ဒါကြောင့် အလုပ်လုပ်တယ်ဆိုတာ ဘယ်ကာလမှာလုပ်ရ

http://www.dhammadownload.com



တာတဲ့လဲ...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

အေး...စိတ်ဆင်းရဲစရာအာရုံလေးပေါ်လာတယ်။ ဒီအာရုံလေးဟာ ပေါ်နေပါလား၊ ပေါ်နေပါလားလို့ ပေါ်ဆဲခဏကိုကြည့်။ အဲဒီ စိတ်ဆင်းရဲတဲ့အာရုံလေးဟာ တကယ်ရှိတဲ့တရားလား၊ မရှိတဲ့တရားလား ပြန်ကြည့်။ ကြည့်တော့ ဒီတရားဟာ တကယ်ရှိသလား...။

*"မရှိပါဘုရား"*

ဆင်းရဲစရာအာရုံကို လက်ခံလို့သာ ဆင်းရဲနေရတာ။ ဒီအာရုံက ပေါ်ပြီးရင် ပျောက်မသွားဘူးလား...။

*"ပျောက်သွားပါတယ်ဘုရား"*

အမှန်ကောရှိရဲ့လား...။

*"မရှိပါဘုရား"*

တစ်လုံးချင်း တစ်လုံးချင်း လှမ်းကြည့်ရင် ချုပ်ပျောက်နေတာပဲရှိတယ်။ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ အဲသလိုဖြစ်ပြီး ပျက်စီးတဲ့သဘောကို ပစ္စုပ္ပန်တည့်တည့်မှာမြင်

http://www.dhammadownload.com



ရင် ဘုရားရှင်ဟောတဲ့အတိုင်း တကယ့်ကို အမှန်ကို အမှန်အတိုင်း တွေ့နေတာပဲဆိုပြီး မချမ်းသာဘူးလား...။

*"ချမ်းသာပါတယ်ဘုရား"*

ပစ္စုပ္ပန်တည့်တည့် မမြင်ရင်တော့ အဲဒီ ဆင်းရဲတဲ့အာရုံကို လက်ခံပြီးပေါင်းသင်းနေမိ တတ်တယ်။ အဲသလိုနေတော့ နေ့လဲအိပ်လို့ မရ၊ ညလဲအိပ်လို့မရနဲ့ ဝေဒနာပစ္စယာ တဏှာ ဖြစ်ပြီးတော့ တဏှာက ဥပါဒါန်စွဲလမ်းပြီး ဥပါဒါန်က ကမ္မဘဝဖြစ်ပြီးတော့ တပိန်ပိန် တလိန်လိန် မစားနိုင်မသောက်နိုင် စုတိစိတ် ကျရင် ဘယ်ဘုံရောက်မလဲ၊ ဒေါသနဲ့သေရင် ဘယ်ရောက်မယ်...။

*"ငရဲပါဘုရား"*

ငရဲနော်။ မကျေနပ်တဲ့စိတ်ကိုး။ ဟုတ်လား။ ဒီတော့ လောဘနဲ့သေရင်ကော...။

*"ပြိတ္တာပါဘုရား"*

ဟာ...ပြိတ္တာကောင်ကြီး ဖြစ်ရပြန်ပြီ။ ချမ်း လဲချမ်းသာပါရဲ့၊ ချမ်းသာကြွယ်ဝတဲ့ အသိုင်း

http://www.dhammadownload.com



အဝိုင်းလဲ ရောက်ပါရဲ့။ ဒါပေမယ့်လို့လဲ ငါ့သား,ငါ့သမီးတွေ စိတ်မချ၊ ပစ္စည်းဥစ္စာတွေ စိတ်မချ၊ ဟိုလူ့စိတ်မချ၊ ဒီလူ့စိတ်မချ၊ ဟိုလူ့တွယ်တာ၊ ဒီလူ့တွယ်တာပြီးတော့ တွယ်တာတဲ့အာရုံသည် အဝိဇ္ဇာ,တဏှာ,ဉပါဒါန်,ကမ္မဘဝ ဘာသစ္စာကြီးဖြစ်နေတယ်...။

*"သမုဒယသစ္စာပါဘုရား"*

ဘယ်ကာလမှာတဲ့လဲ...။

*"သေခါနီးကာလမှာပါဘုရား"*

သေခါနီးကာလမှာနော်။ အဲဒီ သေခါနီးကာလမှာ ဖျတ်ခနဲ စုတိစိတ်ကျပြီး ဒုတိယဘာခန္ဓာရတာတဲ့လဲ...။

*"ပြိတ္တာခန္ဓာကြီးပါဘုရား"*

အေး...လောဘအာရုံနဲ့သေတော့ ဒကာ, ဒကာမတွေ...ပြိတ္တာဘဝရောက်ရတယ်နော်။ ဒါဆို တွေဝေမိန်းမောပြီး မောဟအာရုံနဲ့သေရင်ကော...။

*"တိရစ္ဆာန်ဘဝပါဘုရား"*

နားလည်ပြီနော်။ သီရိမ္မာသောကမင်းကြီး

http://www.dhammadownload.com



ဘာအာရုံနဲ့သေတယ်။ မောဟနဲ့သေတယ် မဟုတ်လား။ ဘုန်းကြီးတို့ငယ်တုန်းက ကြားလိုက်ပါသေးတယ်။ ဘုန်းကြီးတို့ရွာနဲ့ ခပ်လှမ်းလှမ်းလေးမှာ လူတစ်ယောက်ဟာ သူ့မှာ ရွှေသေတ္တာကြီးရှိတယ်၊ အဲဒီရွှေသေတ္တာကြီးကို သူ့မှာ သုံးလဲမသုံးရဲ ဖြစ်နေတယ်၊ ဘယ်သူ့ကိုမှလဲ မပေးနဲ့၊ အသက်ကြီးလာတော့ အဲဒီသေတ္တာနားပဲအိပ်တာ၊ သားသမီးတွေကိုလဲ ဒါ ရွှေသေတ္တာလို့လဲ မပြောထားဘူး။ နောက်တော့ အဲဒီအာရုံနဲ့ပဲ သေရော။ အဲဒီသေတ္တာပေါ်ထက်မှာ စပါးကြီးမြွေ လာဖြစ်တယ်။ မြွေလာဖြစ်တော့ ဒကာ,ဒကာမတွေ နှင်ထုတ်လို့လဲမရဘူးတဲ့။ ဒီတော့ သား,သမီးတွေက အရိပ်ကျပြီး ဆရာတော်သွားလျှောက်တယ်။ ဆရာတော်ဟာလဲ နာမည်ကြီးပါတယ်။ ထူးခြားတယ်။ ဘုန်းကြီးတို့ အဖိုးလောက်ကျတယ်ပေါ့။ ဟိုတောင်ကုတ်နယ် မအီမှာ ဇီဇန်တောင်ဆိုတာရှိတယ်။ တောင်ပေါ်ထက်ကိုတက်တော့ ရေမရှိတဲ့နေရာမှာ ဆရာတော်ကြီး လက်ညှိုးထိုး

http://www.dhammadownload.com



တော့ ထိုးတဲ့နေရာ ရေတွေ့တယ်။ မင်း ရေသောက်ချင်ရင် ဟိုအပင်ခြေရင်းမှာ ရေရှိတယ်ကွ၊ သွားသောက်ချေလို့ဆိုရင် ဟော...ကျောင်းသားတွေ သွားကြည့်တော့ အဟုတ် ရေတွင်းကြီး တွေ့ရတယ်တဲ့။ ဒီလောက်ထိ နာမည်ကြီးခဲ့တယ်။ ရဟန္တာ... ရဟန္တာနဲ့ပေါ့လေ။ ဒီဆရာတော်ကြီးဟာ တကယ်လဲ တရားတွေအားထုတ်ခဲ့တယ်။ ဒီတော့ ဒီဆရာတော်ကြီးကို ပင့်လျှောက်တဲ့အခါကျတော့ ဆရာတော်ကြီးက မင်းတို့ ဒီမြေကို ဘာမှမလုပ်နဲ့။ သူ့အချိန်ကျရင် သူသွားမှာပဲလို့ပြောတယ်တဲ့။ မင်းတို့ သူ့အတွက် ကုသိုလ်တွေလုပ်၊ အမျှအတန်းဝေဆိုတော့ နောက်ထပ်(၇)ရက်ပဲနေပြီးတော့ မရှိတော့ဘူးတဲ့လေ။ ဘုန်းကြီးက သင်ပေးတယ်။ "အဖေ့အတွက် ဒီဥစ္စာပစ္စည်းတွေထဲက တချို့တစ်ဝက်ရောင်းပြီး ကုသိုလ်လုပ်မယ်၊ အမျှအတန်းဝေမယ်၊ အဖေ သာဓုခေါ်ပါ" ဒီလိုမျိုးကတိနဲ့လုပ်။ မင်းတို့နှင်စရာမလိုဘူး။ သူ့ဟာသူ သွားလိမ့်မယ်ဆိုတော့ သားကြီးက အဲဒီ

http://www.dhammadownload.com



အတိုင်းပဲလုပ်တော့ (၇)ရက်မြောက်တဲ့နေ့မှာ မရှိတော့ဘူးတဲ့ ပရိသတ်။ ဒါကြောင့် သေတာနဲ့ စပါးကြီးမြွေဖြစ်တယ်ဆိုတာ တခြားကြောင့်လား၊ အစွဲကြောင့်လား...။

*"အစွဲကြောင့်ပါဘုရား"*

ဘာကိုစွဲတယ်...။

*"ပစ္စည်းကိုပါဘုရား"*

ဥစ္စာကိုစွဲတယ်၊ ပစ္စည်းကိုစွဲတယ်။ ဒီဌူပါဒါန်ကိုးနော်။ ဒီဌီအုပ်ချုပ်သောကံဆိုတော့ ပျော်စရာလား၊ ကြောက်စရာလား...။

*"ကြောက်စရာပါဘုရား"*

တရားရှိလို့လား၊ တရားမရှိလို့လား...။

*"တရားမရှိလို့ပါဘုရား"*

သိပ်ကြောက်စရာကောင်းတယ်နော်။ ဒါကြောင့် ဒကာ,ဒကာမတွေ အရေးကြီးတာက ဘာကိန်းဖို့လိုတယ်...။

*"တရားကိန်းဖို့ပါဘုရား"*

တရားရဖို့လိုတယ်နော်...။ တရားမရရင် လောကကြီး သိပ်ကြောက်စရာကောင်းတယ်။

http://www.dhammadownload.com



ပုထုဇဉ်ဘဝနဲ့ သေရတာ သိပ်ကြောက်စရာ ကောင်းတယ်။ ဘယ်လိုဘယ်ဘဝမျိုးနဲ့ သေရမှာလဲမသိ၊ မြစ်ထဲကို ခဲလုံးပစ်ချသလို အတိမ်ကျမလား၊ အနက်ကျမလား သိနိုင်ရဲ့လား...။

*"မသိနိုင်ပါဘုရား"*

မသိနိုင်ဘူးဗျာ။ အဲသလိုပဲ ပုထုဇဉ်များဟာ ပြောလို့မရဘူးနော်။ အပါယ်ဘုံလား၊ လူ့ဘုံလား၊ နတ်ဘုံလား အနိမ့်အမြင့် ပြောနိုင်ရဲ့လား...။

*"မပြောနိုင်ပါဘုရား"*

ဘာမပြုသေးလို့လဲဆိုရင် တရားဓာတ်ခေါ်တဲ့ ဝိပဿနာတရားနော်။ ခန္ဓာကိုယ်ထဲမှာ မကိန်းသေးဘူး၊ တစ်မဂ်တစ်ဖိုလ် မရသေးဘူးဆိုရင်တော့ ပြောလို့မရဘူး။ နားလည်ပြီနော်။ တစ်မဂ်တစ်ဖိုလ်ရထားပြီတဲ့။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်ထားတဲ့ သောတာပန်ပုဂ္ဂိုလ်များဆိုရင်တော့ အပါယ်တံခါးပိတ်ပြီးတဲ့အပြင် အိုနာသေနဲ့ အလွန်ဆုံးမှ (၇)ကြိမ်လောက်ပဲ တွေ့ရတော့မယ်။ အလွန်ဆုံးနော်။ ခြောက်ကြိမ်လွန်မြောက်

http://www.dhammadownload.com



ခုနစ်ကြိမ်ရောက်တာနဲ့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာဖြစ်ပြီးတော့ ခန္ဓာ ပရိနိဗ္ဗာန်စံမယ်ဗျာ။ အလိုလိုရသလား၊ အားထုတ်လို့ရတာလား...။

*"အားထုတ်လို့ရတာပါဘုရား"*

ဒါကြောင့် ဒီကာလသုံးပါးထဲမှာ ဘုန်းကြီးတို့ ပရိသတ်များက အတိတ်ကာလကို စဉ်းစားပြီးမနေပါနဲ့။ အနာဂတ်ကာလကိုလည်း ဝေဖန်မနေပါနဲ့။ ဘယ်ကာလမှာ အလုပ်လုပ်ရမှာတဲ့လဲ...။

*"ပစ္စုပ္ပန်ကာလပါဘုရား"*

အေး...မပေါ်စေနဲ့ပေါ့။ တရားမှတ်ရင်းနဲ့လဲ အိမ်ကိုသတိရလိုက်တာ၊ အောက်မေ့လိုက်တာ မပေါ်စေနဲ့နော်။ ပေါ်တတ်လို့ သတိပေးနေတာ။ ဟုတ်လား။ ဒီအချိန်မှာ တရားမှတ်ချိန်မှာ အပြင်အာရုံတွေ အကုန်လုံးဖျောက်ထားရတယ်။ ရှင်းတယ်မဟုတ်လား။ ဒီအာရုံတွေဟာ ကိုယ့်ဘဝကို ဘာဖြစ်စေတတ်သလဲဆိုရင် ဆင်းရဲစေတတ်တယ်နော်။ ဒီအပြင်အာရုံတွေနဲ့ ပေါင်းရင် ပေါင်းတဲ့အချိန်ဟာ ဆင်းရဲရတယ်။

http://www.dhammadownload.com



ဆယ်မိနစ်ပေါင်းရင် ဆယ်မိနစ်ဆင်းရဲတယ်။ ရင်ထဲမှာ နေလို့မကောင်းဘူးနော်။ တစ်မျိုးကြီးဖြစ်ပြီး လေးနေတယ်။ ဘာဖြစ်လို့လဲဆိုရင် ကိလေသာဝင်နေလို့။ ဘာဝင်နေလို့...။

*"ကိလေသာဝင်နေလို့ပါဘုရား"*

ကိလေသာဝင်ရင် စိတ်လေးတယ်။ စိတ်ဆင်းရဲရတယ်နော်။ စိတ်ဘာဖြစ်တယ်...။

*"ဆင်းရဲပါတယ်ဘုရား"*

ကိလေသာမရှိရင် ချမ်းသာတယ်နော်။ ကိလေသာမရှိရင်...။

*"ချမ်းသာပါတယ်ဘုရား"*

မှတ်စိတ်နဲ့ အာရုံနဲ့ ကိုက်ကိုက်နေတဲ့အခါ ခန္ဓာရဲ့ဖြစ်စဉ်သဘောကလေးတွေ ဖောက်ပြန်နေတဲ့ သဘောကလေးကို ဉာဏ်ကလေးနဲ့ ကွင်းကွင်းကွက်ကွက် ထိုးထိုးထွင်းထွင်း မြင်နေတဲ့အခါမှာ စိတ်တွေ ဘာဖြစ်နေသလဲဆိုရင် ချမ်းသာနေတယ်နော်။ ဘာဖြစ်နေတယ်...။

*"ချမ်းသာနေပါတယ်ဘုရား"*

ဘာကိုသွားတွေ့နေလို့။ ခန္ဓာဖြစ်စဉ်ကို

http://www.dhammadownload.com



ဉာဏ်နဲ့သွားသွားမြင်နေလို့ ကိလေသာ အစားထိုး မဝင်နိုင်တာ။ ဖြစ်ပျက်နဲ့ မဂ်ကြားမှာ ကိလေသာ အစားထိုးဝင်ရင်တော့ ဆင်းရဲတယ်။ ကဲ …ကိလေသာချည်းပဲ အစားထိုးဝင်နေရင် တရားစခန်းဝင်ရကျိုးနပ်ပါ့မလား …။

*"မနပ်ပါဘုရား"*

ဒကာ,ဒကာမတွေ …ကိုယ့်ကိုယ်ကို လေးလေးနက်နက်ကြီး အသုံးချပြီးတော့ ယခုလို တရားစခန်းပွဲကြီးမှာ တို့ကုသိုလ်ရှိလို့ အားထုတ်ရတာ၊ ဒီအချိန်လေးမှာ တို့ကြိုးစားမှ ဖြစ်မယ်ဆိုပြီး ဝီရိယတရားတွေ မတင်ရဘူးလား …။

*"တင်ရပါမယ်ဘုရား"*

ဝီရိယတရားတွေ ထူထောင်ရမယ်နော်။ သဒ္ဓါတရားတွေတင်ရမယ်။ သတိလေးက အမြဲမပြတ်စောင့်ကြည့်ပြီး ခန္ဓာကိုယ်ကို မသုံးသပ်ရဘူးလား …။

*"သုံးသပ်ရပါတယ်ဘုရား"*

သုံးသပ်တဲ့နေရာမှာ ဝိပဿနာဒီတိ–ဝိပဿ

http://www.dhammadownload.com



နာတရားတွေကို ပွားများပြီး။ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဥပဿတိ–မမြဲဟူ၍လည်းကောင်း၊ ဆင်းရဲဟူ၍လည်းကောင်း၊ မပိုင်ဟူ၍လည်းကောင်း ဉာဏ်နဲ့သုံးသပ်ပြီး ဆင်ခြင်ကြကုန်လို့ မမှာဘူးလား...။

*"မှာပါတယ်ဘုရား"*

ဒီတော့ မြတ်စွာဘုရားမှာတာလေးကို ဘုန်းကြီးတို့ ပရိသတ်များက လေးလေးနက်နက် မြတ်မြတ်နိုးနိုး အသုံးမပြုရဘူးလား...။

*"ပြုရပါမယ်ဘုရား"*

နက်နက်နဲနဲ ဒီဘုရားရှင်ရဲ့ အဆုံးအမတွေကို ဘုန်းကြီးတို့ ရဟန်းတွေရော၊ လူတွေရော လေးလေးနက်နက် မြတ်မြတ်နိုးနိုး ကြိုးစားပွားများသောပုဂ္ဂိုလ်သည် လောကမှာ ထူးတယ်။ ပရိသတ်...မထူးဘူးလား...။

*"ထူးပါတယ်ဘုရား"*

ထူးတယ်နော်။ ဘာဖြစ်လို့လဲဆိုရင် တရားပေါ်မှာ လေးစားတယ်။ ဘယ်ပေါ်မှာလေးစားတာတဲ့လဲ...။

http://www.dhammadownload.com



"တရားပေါ်မှာပါဘုရား"

လေးစားတယ်နော်။ အထူးဂါရဝတရား ရှိတယ်။ ဂရုဂါရဝတရားတွေကြီးမားပြီး သြော် ...ဒီတရားဟာ သာမန်တရားမဟုတ်ဘူး၊ မြတ်စွာဘုရားရှင်ဟာ ဒီတရားကိုဟောဖို့ လေ့ကျင့်လာခဲ့တဲ့ ဖြည့်ကျင့်လာခဲ့တဲ့ ပါရမီကြီးတွေဟာ အနည်းလား၊ အများကြီးလား...။

"*အများကြီးပါဘုရား*"

များလွန်းလှတယ်နော်။ အဲဒီတရားတွေကို ဟောဖော်ညွှန်ပြဖို့ ပါရမီတွေ ဖြည့်ကျင့်လာလိုက်တာ နှစ်ပေါင်း ပရိစ္ဆေဒ၊ ဘဝပေါင်း ပရိစ္ဆေဒ၊ ချွေးပေါင်းတွေ၊ သွေးပေါင်းတွေ၊ ခန္ဓာတွေ၊ အသားတွေရော၊ အသွေးတွေရော၊ အသက်တွေရော လှူဒါန်းလာခဲ့တဲ့ ဘုံဘဝတွေဟာ ရေတွက်လို့ ရပါ့မလား...။

"*မရပါဘုရား*"

ဒီလိုအမျိုးမျိုးသော ဒါနပါရမီရော၊ ဒါန ဥပပါရမီရော၊ ဒါန ပရမတ္ထပါရမီရော၊ ပါရမီဆယ်ပါး အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး

http://www.dhammadownload.com



တို့ကို အရင်းတည်ပြီးတော့မှ ဘုရားရယ်လို့ ဖြစ်လာခဲ့ပါတယ်။ အဲဒီဘုရားဖြစ်လာတော့ ဒီတရားတွေကို မဟောပေးဘူးလား…။

*"ဟောပေးပါတယ်ဘုရား"*

ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတို့ဘဝ ကံကောင်းလေတော့ ဒီဘုရားသာသနာမှာ လူလာဖြစ်ခွင့်ရတယ်။ တော်သေးတာပေါ့နော်။ သာသနာနောက်ကွယ်လေးမှာ ချိတ်မိလိုက်သေးလို့။ ဒီလို သာသနာနောက်ကွယ်လေးမှာမှ မချိတ်မိဘဲနဲ့ သာသနာတွင်းတရားနဲ့ မတွေ့လိုက်ရဘဲ ရှောင်လွဲသွားရမယ်ဆိုရင်တော့ ဒါနနဲ့ အချိန်ကုန်၊ သီလလောက်နဲ့အချိန်ကုန်ပြီးတော့ ဟော…သေခါနီးကာလမှာလဲပဲ ကျေနပ်ဖွယ် ဝိပဿနာတရားတွေ မရှိပါဘဲနဲ့ ဒါနကုသိုလ်ကံ၊ သီလကုသိုလ်ကံတရားလောက်ကပဲ အကျိုးတော့ပေးရပါရဲ့။ အကျိုးမပေးဘူးမဟုတ်ပါဘူး။ အကျိုးတော့ပေးပါတယ်။ ဘုံဘဝတွေကို တစ်နည်းအားဖြင့် ဘုံဘဝတွေဆိုတာဟာ ခန္ဓာဒုက္ခသစ္စာတွေကိုပဲ အကျိုးပေး

http://www.dhammadownload.com



တယ်လို့ ဆိုလိုတာနော်။ ဘာမျက်လုံး တပ်ကြည့်မှ မြင်နိုင်တာလဲဆိုရင် ဘုရားပွင့်မှ သိခွင့်ရတဲ့ 'ဉာဏ်မျက်လုံး'နော်။ ဘုရားက ဘာမျက်လုံးတပ်ကြည့်ခိုင်းတယ်...။

*"ဉာဏ်မျက်လုံးပါဘုရား"*

ဝိဇ္ဇာမျက်လုံး၊ အရိယာမျက်လုံးကို တပ်ကြည့်ခိုင်းပါတယ် နော်။ သစ္စာမျက်လုံးကို တပ်ကြည့်ဖို့ခိုင်းတာ။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းများ ဘုရားပေးတော်မူတဲ့ သစ္စာမျက်လုံးကို တပ်ကြည့်လိုက်တဲ့အခါကျတော့ ဩော်...ဤခန္ဓာကိုယ်ကြီးသည် လူချမ်းသာလား၊ ဒုက္ခသစ္စာလား...။

*"ဒုက္ခသစ္စာပါဘုရား"*

ဒါ မျက်လုံးပြောင်းတပ်တာနော်။ ဒီအဝိဇ္ဇာ, တဏှာ မျက်လုံးနဲ့ကြည့်တဲ့အခါကျတော့ ဘုန်းကြီးတို့ ခန္ဓာကိုယ်ကြီးကို ဘာသစ္စာလို့ သွားထင်တတ်တယ်။

*"သုခသစ္စာပါဘုရား"*

သုခသစ္စာနော်။ ချမ်းသာတဲ့ခန္ဓာကိုယ်ကြီး

http://www.dhammadownload.com



ပဲလို့ မထင်ရဘူးလား။

*"ထင်ရပါတယ်ဘုရား"*

ဒီတော့ ဘုရားပေးတော်မူတဲ့ အရိယာမျက်လုံး တပ်ကြည့်တဲ့အခါကျတော့ ဘုန်းကြီးတို့ ဘ၀၊ ဒကာ,ဒကာမတို့ဘ၀ ဘ၀ခန္ဓာရသော ပုဂ္ဂိုလ်မှန်သမျှတို့သည် ဘာသစ္စာလို့ မြင်ရမှာ တဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

ဒါပစ္စုပ္ပန်ဘ၀ကို ရှင်းတမ်းထုတ်တာနော်။ မြတ်စွာဘုရားက ပစ္စုပ္ပန်ဘ၀ကိုသိဖို့အတွက် ဘာမျက်လုံးတပ်ကြည့်ခိုင်းပါလိမ့်...။

*"အရိယာမျက်လုံးပါဘုရား"*

ဟုတ်တယ်။ အရိယာမျက်လုံး သစ္စာမျက်လုံး တပ်ကြည့်ခိုင်းတယ်။ တို့ တစ်သံသရာလုံးမှာ ဘာမျက်လုံးနဲ့ အချိန်ကုန်ခဲ့ပါလိမ့်...။

*"အဝိဇ္ဇာမျက်လုံးနဲ့ပါဘုရား"*

လောကမျက်လုံး သို့မဟုတ် အဝိဇ္ဇာမျက်လုံးနော်။ ဘာမျက်လုံးတဲ့လဲ...။

*"အဝိဇ္ဇာမျက်လုံးပါဘုရား"*

http://www.dhammadownload.com



အဲဒီမျက်လုံးနဲ့ ကြည့်တဲ့အခါကျတော့ လူချမ်းသာတွေ၊ နတ်ချမ်းသာတွေ၊ ဗြဟ္မာချမ်းသာတွေလို့ မတွေ့ရဘူးလား...။

*"တွေ့ရပါတယ်ဘုရား"*

တွေ့ပါတယ်။ လူချမ်းသာလဲ တခြားနဲ့နေသလား၊ ခန္ဓာနဲ့လား...။

*"ခန္ဓာနဲ့ပါဘုရား"*

နတ်ချမ်းသာလဲ တခြားနဲ့နေရတာလား၊ ခန္ဓာနဲ့လား...။

*"ခန္ဓာနဲ့ပါဘုရား"*

ဗြဟ္မာချမ်းသာလဲ တခြားနဲ့နေရတာလား၊ ခန္ဓာနဲ့လား...။

*"ခန္ဓာနဲ့ပါဘုရား"*

ခန္ဓာနဲ့နော်။ လူဆင်းရဲပြောပြော၊ လူချမ်းသာပြောပြော အပြောကတော့ ဘယ်လောက်ပင် ချမ်းသာပေမယ့် ရှိတာကတော့ ခန္ဓာပါပဲတဲ့။ ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဆင်းရဲမှာလား၊ ချမ်းသာမှာလား...။

http://www.dhammadownload.com



*"ဆင်းရဲမှာပါဘုရား"*

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒုက္ခံ တေဘုမ္မကံ ဝဋ္ဋံလို့ ဟောတော်မူတယ်မဟုတ်လား။ တေ ဘုမ္မကံ–ဘုံသုံးပါးမှာဖြစ်တဲ့။ ဝဋ္ဋံ–ဝဋ္ဋတရားတို့သည်။ ဒုက္ခံ–ဒုက္ခ သစ္စာမည်၏တဲ့။ ဘုံသုံးပါးမှာရှိတဲ့ ခန္ဓာမှန်သမျှတွေဟာ ဘာတဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

လူ့ဘုံပြောပြော၊ နတ်ဘုံပြောပြော၊ ဗြဟ္မာဘုံပြောပြော ဘုံသာကွဲတယ်။ သဘောကတော့ ဒုက္ခသစ္စာပါပဲ။ ဒုက္ခံ ဒေဝတံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။ အဲဒီတဏှာခေါ်တဲ့ ဘုံဘဝကို နှစ်သက်တွယ်တာတတ်တဲ့ သဘောတရားမှန်သမျှသည်၊ သမုဒယော–သမုဒယသစ္စာ၊ ဘဝေ–ဖြစ်၏တဲ့။ အဲဒီဘုံဘဝတွေမှာ နှစ်သက်တွယ်တာနေတဲ့ အာရုံမှန်သမျှတွေကို ဘာလို့ခေါ်တယ်...။

*"တဏှာပါဘုရား"*

အဲဒီတဏှာကို သစ္စာနဲ့ဖွဲ့လိုက်ရင်ကော...။

http://www.dhammadownload.com



*"သမုဒယသစ္စာပါဘုရား"*

သမုဒယသစ္စာပါပဲ။ ဒီတော့ ပရိသတ်အပေါင်း သူတော်ကောင်းများ သမုဒယသစ္စာဟာ ဘယ်ကာလမှာ လာဖြစ်ပါလိမ့်လို့ မေးလိုက်တဲ့အခါကျတော့ ပစ္စုပ္ပန်ကာလမှာ လာဖြစ်တယ်နော်။ မရှုမပွားတဲ့ ယောဂီရဲ့သန္တာန်ထဲမှာ ဘာသစ္စာလာကိန်းတယ်...။

*"သမုဒယသစ္စာပါဘုရား"*

ဘာကိုတွယ်တာနေလို့လဲဆိုရင် ခန္ဓာကိုယ်ကို တွယ်တာနေလို့နော်။ မိမိခန္ဓာကိုယ်ကိုချစ်တဲ့ပုဂ္ဂိုလ်၊ သူတစ်ပါးခန္ဓာကိုယ်ကိုချစ်တဲ့ပုဂ္ဂိုလ်၊ ကုသိုလ်တရားတွေ နည်းပါးတဲ့ပုဂ္ဂိုလ်များ နားလည်ပြီနော်။ အားကိုးရာ တရားထူးတရားမြတ်မရှိသေးတဲ့ ပုဂ္ဂိုလ်များတို့သည် ဒီခန္ဓာကိုယ်ကြီးကို ထပ်ဆင့် ထပ်ဆင့် နှစ်သက်တယ်။ ဟုတ်လား။ ဘာဖြစ်တယ်...။

*"နှစ်သက်ပါတယ်ဘုရား"*

နှစ်သက်တယ်၊ တွယ်တာတယ်၊ စုံမက်တယ်၊ လိုချင်တယ်။ အဲသလို စွဲလမ်းတဲ့သဘော

http://www.dhammadownload.com



ကိုပင်လျှင် တဏှာလို့ခေါ်တယ်မဟုတ်လား...။

*"တင်ပါ့ဘုရား"*

အဲဒီတဏှာတရားကို သစ္စာနဲ့ဖွဲ့လိုက်ရင် ဘာတဲ့လဲ...။

*"သမုဒယသစ္စာပါဘုရား"*

သမုဒယသစ္စာပါပဲ။ ဘယ်ကာလမှာ လာဖြစ်သလဲ...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာမှာနော်။ ဘယ်လိုမျက်လုံးမျိုးနဲ့ကြည့်လို့ ဒီလိုလာဖြစ်သလဲဆိုလို ရှိရင် အဝိဇ္ဇာမျက်လုံးနဲ့ကြည့်လို့နော်။ ဘာမျက်လုံးတဲ့လဲ...။

*"အဝိဇ္ဇာမျက်လုံးပါဘုရား"*

အဝိဇ္ဇာမျက်လုံး၊ လောကမျက်လုံးနဲ့ တပ်ကြည့်လိုက်တဲ့အခါကျတော့ ဒကာ,ဒကာမတွေ လောကကြီးဟာ အလွန်တရာချမ်းသာတယ်လို့ မမြင်ဘူးလား...။

*"မြင်ပါတယ်ဘုရား"*

မြင်တယ်နော်။ ဘဝသည် အလွန်တရာ

http://www.dhammadownload.com



ကောင်းတယ်။ ငါ့သား, ငါးသမီး, ငါ့ဆွေ, ငါ့မျိုးတွေနဲ့ မခွဲမခွာဘဲနဲ့ အမြဲမပြတ်နေရမယ်လို့ ထင်နေတာသည် ဘာမျက်လုံးတပ်ထားလို့...။

*"အဝိဇ္ဇာမျက်လုံးပါဘုရား"*

အဝိဇ္ဇာမျက်လုံးနဲ့တပ်ပြီးတော့ ကြည့်တဲ့အခါ အမှန်သည် အမှားဖြစ်သွားတယ်နော်။ အမှားကိုလဲ အမှန်လို့ပဲယူဆတယ်။ အမှောင်ကိုအလင်း၊ အလင်းကိုအမှောင်လို့ ယူဆတာ အဝိဇ္ဇာတရားနော်။ အဝိဇ္ဇာဆိုတာ ဒုက္ခ,ဒုက္ခမတွေ...မသိသင့်တာဟူသမျှ သူက အကုန်လုံးသိတယ်။ သိသင့်တာတွေ သူဘာမှမသိဘူးဆိုတော့ ဒီအဝိဇ္ဇာမျက်လုံးနဲ့ တပ်ကြည့်နေသမျှ ကာလပတ်လုံး ဘုန်းကြီးတို့ဘဝ၊ ဒုက္ခ,ဒုက္ခမတို့ဘဝဟာ ကောင်းကျိုးဖြစ်မှာလား၊ ဆိုးကျိုးဖြစ်မှာလား...။

*"ဆိုးကျိုးပါဘုရား"*

ဆိုးတယ်ဆိုတော့ ဘာသစ္စာကြီးပါလိမ့်...။

*"ဒုက္ခသစ္စာပါဘုရား"*

http://www.dhammadownload.com



ဒုက္ခသစ္စာရမယ်။ လက်ရှိကလဲ ဘာသစ္စာကြီးတဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

အကြောင်းတရားတွေကို ကြိုးစားလို့ရရှိမှာကလဲပဲ ဒုက္ခသစ္စာဆိုတော့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘာသစ္စာကို ပိုင်းခြားသိဖို့ အမိန့်ရှိပါလိမ့်...။

*"ဒုက္ခသစ္စာကိုပါဘုရား"*

ဘယ်ကာလမှာ သိရမှာတဲ့လဲ...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

ပစ္စုပ္ပန်ကာလမှာ သိအောင်ကြည့်ပါတဲ့။ ဘာမျက်လုံးကိုတပ်ကြည့်ခိုင်းနေတယ်...။

*"ဝိဇ္ဇာမျက်လုံးကိုပါဘုရား"*

ဟုတ်တယ်။ သစ္စာမျက်လုံးတပ်ကြည့်ခိုင်းတယ်။ အရိယာမျက်လုံးတပ်ကြည့်ခိုင်းတယ်။ အဲသလိုကြည့်ခိုင်းတဲ့အခါကျတော့ ဘုန်းကြီးတို့ ခန္ဓာ၊ ဒကာ,ဒကာမတွေ ခန္ဓာကိုယ်ထဲမှာထင် ရှားရှိနေတဲ့အရာက ရုပ်တရားတွေ၊ နာမ်တရားတွေနော်။ ဘာတရားနဲ့ ဘာတရားတွေ

http://www.dhammadownload.com



တဲ့လဲ...။

*"ရုပ်တရားတွေနဲ့ နာမ်တရားတွေပါဘုရား"*

ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့သည် စက္ကန့်တိုင်း စက္ကန့်တိုင်း ဘာဖြစ်နေပါလိမ့်...။

*"ဖောက်ပြန်ပြောင်းလဲနေပါတယ်ပါဘုရား"*

ဖောက်ပြန်ပြောင်းလဲနေတယ်။ ဖြစ်ပြီးတော့ပျက်စီးနေတယ်။ ဒါကိုသိဖို့အတွက် သစ္စာမျက်လုံးတပ်ပြီးတော့ ကြည့်ခိုင်းနေတယ်မဟုတ်လား။ ဒီတရားကိုသိဖို့အတွက် မြတ်စွာဘုရားက "စတုန္နံ၊ အရိယသစ္စာနံ၊ ယထာဘူတံ၊ အဒဿနံ၊ ပုန ပုန္နံ၊ သံသာရန္တို၊ သတ္တာ သံသာရသာဂရေ"ဒါ အဝိဇ္ဇာမျက်လုံးနဲ့တပ်ထားတဲ့ ပုဂ္ဂိုလ်များအတွက် ဟောထားတာ။ စတုန္နံ–လေးပါးကုန်သော၊ စတုန္နံ–ဒုက္ခ,သမုဒယ,နိရောဓနဲ့ မဂ္ဂ ပိုင်းခြား လေးပါးအပြားရှိသော၊ အရိယာသစ္စာနံ–ဘုရားရဟန္တာ သူတော်စွာတို့ထင်ရှားသိမြင်နိုင်တဲ့ သစ္စာတရားကို၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ အနိစ္စကို အနိစ္စအတိုင်း၊

http://www.dhammadownload.com



ဒုက္ခကို ဒုက္ခအတိုင်း၊ အနတ္တကို အနတ္တအတိုင်း အဖြစ်ကိုအဖြစ်အတိုင်း၊ အပျက်ကို အပျက် အတိုင်း ဟုတ်တိုင်းမှန်စွာ၊ အဒဿနာ–ဝိဇ္ဇာ မျက်လုံးတပ်ပြီးတော့ ကြည့်လိုက်ကြလေသော ကြောင့်၊ သံသာရ သာဂရေ–မမြင်တန်းလန်း မမှန်းနိုင်ဘဲ ကျယ်ချင်တိုင်းကျယ်လှတဲ့ သံသရာ ဝဲသြဃကြီးထဲ၌ (ဝါ) သုံးဆယ့်တစ်ဘုံတည်း ဟူသော သံသရာကြီးထဲ၌၊ ပုန ပုန္နံ–ထပ်ခါ ထပ်ခါ မမောရှာဘဲ အဖန်တလဲလဲသာလျှင်၊ သံသာရံ့တိ–ကျင်လည်ကြတယ်ကွယ်တို့။ မြတ်စွာဘုရားက မှာတယ်နော်။ အေး...မင်းတို့ အဝိဇ္ဇာမျက်လုံးတပ်ပြီး ကြည့်လိုက်တဲ့အခါကျ တော့ သစ္စာလေးပါးကို မမြင်နိုင်ပါဘူးတဲ့။ မြင်နိုင်ရဲ့လား...။

*"မမြင်ပါဘုရား"*

ခန္ဓာငါးပါး ဒုက္ခသစ္စာကိုလည်းမမြင်၊ သမုဒယသစ္စာကိုလည်း မမြင်၊ မဂ္ဂသစ္စာကိုလည်း မပွားများ၊ နိရောဓသစ္စာကိုလည်း မဆိုက်တဲ့ခါ ကျတော့ ဒကာ,ဒကာမတွေ...ဘာကြောင့်မဆိုက်

http://www.dhammadownload.com



တာလဲလို့ မေးတဲ့အခါကျတော့ မျက်လုံးအတပ်မှားနေလို့နော်။ ဒါဆိုရင် ဘုရားရှင်ပွင့်ပေါ်လာတော့မှ ဒကာ,ဒကာမတွေ ဘာမျက်လုံးတပ်ကြည့်ခွင့်ရတာတုံး…။

*"အရိယာမျက်လုံးပါဘုရား"*

သစ္စာမျက်လုံးကိုတပ်ပြီး ကြည့်ခွင့်ရတဲ့အခါ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း တို့ရရှိတဲ့ ဘဝခန္ဓာကိုယ်ကြီးသည် တရွေ့ရွေ့ တရွေ့ရွေ့နဲ့ စက္ကန့်တိုင်း စက္ကန့်တိုင်း ဘာသဘောကိုပြနေတယ်…။

*"ကုန်ခန်းပျက်စီးတဲ့သဘောကိုပြနေတယ်"*

ရုပ်ပိုင်းဆိုင်ရာ လှမ်းကြည့်လိုက်။ အစာအာဟာရတွေကလဲ အမြဲတမ်း ကုန်ဆုံးနေတယ်နော်။ ပထဝီ တေဇော အာပေါ ဝါယောဆိုတဲ့ဓာတ်ကြီးလေးပါးတို့သည် အမြဲမပြတ် ဘာဖြစ်နေလဲဆိုလို့ရှိရင် ပါစကတေဇောဓာတ်ရဲ့ချက်ပေးမှုကြောင့် အမြဲတမ်း ကုန်ခန်းပျက်စီးနေတဲ့သဘောရှိတယ်။ ဒါ ရုပ်ပရမတ်သဘောနော်။ အဲသလို ကုန်ခန်းပျက်စီးနေခြင်းကြောင့်

http://www.dhammadownload.com



အသွေးအသားတွေကလဲ ရင့်ရော်ပျက်စီးနေတယ်။ ရင့်ရော်ပျက်စီးနေတော့ မရဏသဘောတဲ့။ အမြဲတမ်း အိုခြင်းတရားကိုပဲ ဆောင်လာတယ်တဲ့။ ကုန်ခန်းဖန်များလာတော့ အစာအာဟာရတွေကလဲ ကုန်ခန်းလာတော့ အသွေးအသားတွေကလဲ ဆုတ်ယုတ်လာတယ်။ ဆုတ်ယုတ်လာတဲ့အခါကျတော့ ငယ်မူတွေပျောက်ပြီးတော့ ဇရာပုံသဏ္ဌာန်တွေ ပြောင်းလဲလာတယ်။ "ပါးကြောရေတွန့်၊ နားကြောစွန့်လျက်၊ မြင်ဝံ့နိုင်ဖွယ်၊ မျောက်အိုနှယ်သို့" ပုံသဏ္ဌာန်ဆန်းပျက်ပြီး ဖြစ်လာရတဲ့ ဘဝခန္ဓာကြီးသည် ပစ္စုပ္ပန်မှာ ဘာသစ္စာခန္ဓာကြီးမို့တဲ့လဲ ဒကာ, ဒကာမတွေ...။

*"ဒုက္ခသစ္စာခန္ဓာကြီးမို့ပါဘုရား"*

ဒီဒုက္ခသစ္စာကြီးကို မြင်စေချင်လွန်းလို့ ဘုရားရှင်ကလေ ချစ်သား,ချစ်သမီးတို့...ငါဘုရားပေးတဲ့ ဒီအရိယာမျက်လုံးကို တပ်ပြီးတော့ ကြည့်ကြစမ်းပါ။ ခန္ဓာက "ဟေ့ပဿိဏော"လို့ ပြောနေတယ်။ "သန္ဒိဋ္ဌိက"နဲ့ တွေ့

http://www.dhammadownload.com



အောင်ကြည့်။ ဒါမှ"အကာလိကော"အခါမလင့်ဘူး။ "ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ"ကြည့်တိုင်းကြည့်တိုင်းအခါကာလမှာ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ချက်ချင်းပဲတွေ့နေရလိမ့်မယ်တဲ့။ မတွေ့ရဘူးလား...။

*"တွေ့ရပါတယ်ဘုရား"*

ဒါကြောင့်မို့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ရေ...ဘုရားကိုယ်တော်မြတ်ကြီးသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးထဲမှာ အဓိကထား ဟောပေးတာက ဘာကာလကို ဟောပေးတယ်...။

*"ပစ္စုပ္ပန်ကာလပါဘုရား"*

ပစ္စုပ္ပန်ကာလခန္ဓာရဲ့ ဖြစ်စဉ်ကို ဟောပေးတယ်။ အနာဂတ်ကိုဟောသလားဆိုရင်...။

*"မဟောပါဘုရား"*

ဘာဖြစ်လို့လဲဆိုတော့ ပစ္စုပ္ပန်ကာလမှာ ခန္ဓာရဲ့ဖြစ်စဉ်ကို သိထားတဲ့ပုဂ္ဂိုလ်သည် အနာဂတ် သိပ်ပြောစရာမလိုတော့ဘူး။ ပစ္စုပ္ပန်ခန္ဓာရဲ့ သမုဒယသစ္စာကို ကြိုးစားလို့ရှိရင် ဒုက္ခ

http://www.dhammadownload.com



သစ္စာရမှာပဲ၊ အတိတ်ကလဲ ရခဲ့ပြီးပြီ။ ယခုလဲ ရနေဆဲပဲ။ နောင်လဲ ရလတ္တံ့ဆိုပြီး သိလာနေတယ်။ ဘာမျက်လုံးနဲ့ကြည့်တဲ့ပုဂ္ဂိုလ်အတွက်လဲ...။

*"အရိယာမျက်လုံးနဲ့ကြည့်တဲ့ ပုဂ္ဂိုလ်အတွက်ပါဘုရား"*

ဒီတော့ အတိတ်ကကြိုးစားလို့ ယခုပစ္စုပ္ပန်ခန္ဓာရလာတာ ဘာမှလုပ်လို့မရတော့ဘူး။ နောင်အနာဂတ် ရလတ္တံ့ခန္ဓာကိုယ်ကြီးကို မရအောင်ကြိုးစားရမယ်ဆိုတဲ့ ဉာဏ်ကလေးက အရိယာမျက်လုံးနဲ့ကြည့်တဲ့ပုဂ္ဂိုလ်မှ မြင်တာနော်။ ဒီလိုသိဖို့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီပစ္စုပ္ပန်ဘဝ ခန္ဓာ၏အပေါ်မှာ ထိုးထွင်းဉာဏ်ဖြင့်ကြည့်ရင် အပျက်မြင်ပါစေတဲ့။ ဘုရားက ဘာမြင်ဖို့လိုတာတဲ့လဲ...။

*"အပျက်မြင်ဖို့ပါဘုရား"*

အပျက်မြင်အောင်ကြည့်ရမယ်တဲ့ ပရိသတ်။ ဒီကာလသုံးပါးထဲမှာ ဒီပစ္စုပ္ပန်ခန္ဓာအပေါ်မှာ အပျက်မြင်တတ်ဖို့ သိပ်အရေးကြီးတယ်။ အပျက်

http://www.dhammadownload.com



မမြင်သေးဘူး၊ ခန္ဓာကိုယ်ကြီးဟာ အနှစ်သာရရှိတဲ့ ခန္ဓာကိုယ်ကြီးလို့ မြင်နေသေးလို့ရှိရင် အဝိဇ္ဇာကိန်းနေသေးလို့နော်။ အဝိဇ္ဇာကိန်းနေသေးလို့ရှိရင် ခန္ဓာထဲမှာ ဒကာ,ဒကာမတွေ ထပ်ဆင့်ထပ်ဆင့် ဘာကိုတွယ်တာနေဦးမယ်...။

"*ခန္ဓာကိုယ်ကိုပါဘုရား*"

ခန္ဓာကိုယ်ကို တွယ်တာနေဦးမယ်၊ ချစ်နေဦးမယ်၊ လိုချင်နေဦးမယ်။ ဒါဆိုရင် အနှစ်မပါတဲ့ ခန္ဓာကိုယ်ကြီးလို့ ဘာနဲ့ကြည့်မှမြင်မှာတဲ့လဲ...။

"ဉာဏ်နဲ့ပါဘုရား"

ဉာဏ်နဲ့ကြည့်တဲ့အခါကျတော့ ဘယ်မှာလဲအနှစ်သာရ၊ ဘယ်မှာလဲကိုယ်ပိုင်တရား၊ ဘယ်မှာလဲချမ်းသာရာ။ ဉာဏ်ကလေးနဲ့ တစ်လုံးချင်းတစ်လုံးချင်း ထောက်ကြည့်လို့ရှိရင် တစ်ကိုယ်လုံးမှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ တွေ့သလား၊ ဖောက်ပြန်ဆင်းရဲနေတာတွေ့သလား...။

http://www.dhammadownload.com



*"ဖောက်ပြန်ဆင်းရဲနေတာ တွေ့ပါတယ်ဘုရား"*

အဲသလိုတွေ့ဖန်များလာတော့ အဲဒီ ရုပ်သဘောကိုလဲ မလိုချင်တော့ဘူး၊ အရှိကို အရှိအတိုင်း ကြည့်ဖန်များလာရင် လိုချင်ပါဦးမလား...။

*"မလိုချင်ပါဘုရား"*

ဖောက်ပြန်တဲ့ခန္ဓာကိုယ်ကြီး၊ နာကျင်ကိုက်ခဲနေတဲ့ ခန္ဓာကိုယ်ကြီး၊ နေလို့မရ ထိုင်လို့မရလောက်အောင်ထိ ဟိုဘက်တွန့်လိမ်ရ၊ ဒီဘက်တွန့်လိမ်ရနဲ့ နှိပ်စက်ခံနေရတဲ့ ဒီရုပ်ကောင်ခန္ဓာကြီးကို လိုချင်ပါ့မလား...။

*"မလိုချင်ပါဘုရား"*

အမှန်ကို အမှန်အတိုင်းတွေ့ရင် မလိုချင်တော့ဘူးနော်။ ဒီရုပ်ပိုင်းဆိုင်ရာကို မလိုချင်ဘူးဆိုရင် ခဏခဏ ဟိုလိုက်သိရ ဒီလိုက်သိရနဲ့ စိတ်က ဟိုရောက်ဒီရောက် ခဏခဏ ယောက်ယက်ခတ်နေရတာ နာမ်တရားကိုရော လိုချင်ပါဦးမလား...။

http://www.dhammadownload.com



*"မလိုချင်ပါဘုရား"*

ရုပ်နာမ်ရှိရင် ဆင်းရဲရတယ်နော်။ ရုပ်နာမ် ရှိရင် ဘာဖြစ်မယ်...။

*"ဆင်းရဲပါမယ်ဘုရား"*

ရုပ်နာမ်ရှိလို့ ဆင်းရဲရတယ်။ ရုပ်နာမ်ရှိလို့ အိုနေရတယ်။ ရုပ်နာမ်ရှိလို့ နာနေရတယ်။ ရုပ်နာမ်ရှိလို့ သေနေရတယ်။ ရုပ်နာမ်သိမ်းမှ အိုနာသေလဲ ငြိမ်းမယ်။ မငြိမ်းဘူးလား...။

*"ငြိမ်းပါတယ်ဘုရား"*

ငြိမ်းတော့ ချမ်းသာတာပေါ့။ ဒါကြောင့်မို့လို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့... ဘုရားကိုယ်တော်မြတ်ကြီးက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးထဲမှာ အတိတ်နဲ့ အနာဂတ်ကို မှန်းဆသောဉာဏ်နဲ့ သိပါ။ အတိတ်ကလဲ ဒီလိုရခဲ့ပြီးပြီ။ အနာဂတ်မှာလဲ ဒီလိုရဦးမှာပဲလို့ ကိုယ့်ကိုယ်ကို စဉ်းစားလိုက်မယ်ဆိုရင် အသိဉာဏ်ဝင်သောပုဂ္ဂိုလ်ရဲ့ သန္တာန်ထဲမှာ နောက်ထပ်တစ်ဖန် ခန္ဓာကိုယ်ကြီးကို ဒါနပဲလုပ်လုပ်၊ သီလပဲဆောက်တည်ဆောက်

http://www.dhammadownload.com



တည် တောင့်တပါဦးမလား…။

*"မတောင့်တပါဘုရား"*

တောင့်တရင် ကြောင့်ကြရမယ်နော်။ ဘာနဲ့ ကြောင့်ကြရမှာလဲဆိုရင် ခန္ဓာနဲ့ကြောင့်ကြရလိမ့်မယ်။ နေ့လဲပူမယ်၊ ညလဲပူကြမယ်၊ မိမိခန္ဓာကြောင့် ပူဆွေးသောကဖြစ်တဲ့အပြင် သူတစ်ပါးခန္ဓာတွေကို အကြောင်းပြုပြီးတော့ ပူဆွေးသောကတွေဖြစ်ပြီး နှလုံးသွေးပူလောင်ရတာကတစ်မျိုး။ ဟုတ်ကဲ့လား…။ အမိ အဖ ညီအစ်ကိုမောင်နှမ မိသားစု ပတ်ဝန်းကျင်တွေကြောင့် ခဏခဏ ပြဿနာတွေဖြစ်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေဖြစ်ရ၊ ကိုယ့်ခန္ဓာက တော်တော်ကြာ နေမကောင်းဖြစ်ရပြန်ပြီ။ ဟိုကနှိပ်စက် ဒီကနှိပ်စက်နဲ့ အမျိုးမျိုးသော နှိပ်စက်ခံနေရတဲ့ခန္ဓာ၊ ပစ္စုပ္ပန်ဘဝခန္ဓာရဲ့အကြောင်းလေးကို ထိုးထွင်းပြီးတော့ မြင်ဇန်များလာတဲ့ ပုဂ္ဂိုလ်သည် ဘဝကိုလိုချင်ပါဦးမလား…။

*"မလိုချင်ပါဘုရား"*

မလိုချင်တော့ မစွဲလမ်းဘူးနော်။ လိုချင်

http://www.dhammadownload.com



ရင်ကော...။

*"စွဲလမ်းပါတယ်ဘုရား"*

မသိတော့လိုချင်၊ လိုချင်တော့စွဲလမ်း၊ စွဲလမ်းတော့ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ ရရှိတော့အိုနာသေ မထပ်နေဘူးလား...။

*"ထပ်နေပါတယ်ဘုရား"*

ဒုက္ခကိုသိတဲ့ပုဂ္ဂိုလ်များကတော့ သိတော့ မလိုချင်၊ မလိုချင် မစွဲလမ်း၊ မစွဲလမ်းတော့ မပြုလုပ်၊ မပြုလုပ်တော့ မရ၊ မရတော့ ငြိမ်း ခန္ဓာသိမ်း၏တဲ့နော်။ ပရိသတ်ကြီး...ဘာသိမ်းတာပါလိမ့်...။

*"ခန္ဓာသိမ်းပါတယ်ဘုရား"*

ဒီတော့ ခန္ဓာဇာတ်သိမ်းတယ်၊ ခန္ဓာဇာတ်သိမ်းတယ်ဆိုတာ အလိုလိုသိမ်းတာမဟုတ်ဘူးနော်။ မိမိသန္တာန်ထဲမှာ သစ္စာမျက်လုံး၊ အရိယာမျက်လုံးနဲ့ တပ်ကြည့်ပြီး အားထုတ်လို့ရရှိတဲ့အကျိုးပဲ။ ဒါကြောင့် အလိုလိုနေရမှာလား၊ အားထုတ်ရမှာလား...။

*"အားထုတ်ရမှာပါဘုရား"*

http://www.dhammadownload.com



ဘယ်ကာလမှာတဲ့လဲ...။

*"ပစ္စုပ္ပန်ကာလမှာပါဘုရား"*

ကဲ...အဲဒီတော့ ကာလသုံးပါးရှင်းသွားပြီ နော်။ ရှေ့ဆက်လိုက်ပါဦး။ ကာလသုံးပါးပြီး ရင် ဘာတဲ့လဲ...။

*"ခြင်းရာနှစ်ဆယ်ပါဘုရား"*

ခြင်းရာနှစ်ဆယ်နော်...။ ဒီခန္ဓာကိုယ်ထဲ မှာ အခြင်းအရာပေါင်း နှစ်ဆယ်ရှိပါတယ်တဲ့။ လောကမှာ ဒီခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အခြင်းအရာအာရုံ မြောက်မြားစွာပေါင်း နှစ်ဆယ်ရှိတယ်ဆိုတာကို မြတ်စွာဘုရားရှင်ကိုယ် တော်မြတ်ကြီး အဘိဓမ္မာတရားတော်မှာ ဟော တော်မူထားတဲ့ တရားလေးကို နှလုံးသွင်းပြီး တော့ ကြည့်လိုက်မယ်ဆိုရင်"အတီတေ-လွန် လေပြီးသော ရှေးအခါကာလ သမယတုန်းက (ဝါ) လွန်လေပြီးသောဘဝ ခန္ဓာတွေရစဉ်တုန်း က၊ ဟေတဝေါ-အကြောင်းတရားတို့သည်၊ ပဉ္စ-ငါးပါးတို့ပါပေတည်း"ဘုရားက စ,ဟော ပြီ။ အခြင်းအရာနှစ်ဆယ်ကို ဘုရားရှင် စ,ဟော

http://www.dhammadownload.com



တဲ့ခါမှာ အတီတေ–အတိတ်လွန်လေပြီးသော ဘဝဖြောက်မြားစွာတုန်းက သင်တို့ကြိုးစားပြီးတော့ လာခဲ့တာက အခြင်းအရာအားဖြင့် ငါးပါးရှိတယ်။ ဘယ်နှစ်ပါးတဲ့လဲ…။

*"ငါးပါးပါဘုရား"*

လှမ်းပြီးတော့ နံပါတ်တစ်ထဲကိုကြည့်လိုက်။ အတိတ်အကြောင်းအခြင်းအရာငါးပါးတဲ့။ အတိတ်ကအားထုတ်လာတဲ့ အကြောင်းအခြင်းအရာဟာ ငါးပါးရှိပါတယ်တဲ့။ ပြီးခဲ့ပြီးတဲ့ဘဝတွေတုန်းက ဘုန်းကြီးတို့၊ ဒကာ,ဒကာမတို့ ကြိုးစားလာလိုက်တာ ဘာဖြစ်လို့ ကြိုးစားလာခဲ့သလဲဆိုရင် ဒီခန္ဓာကိုယ်ကြီးကို လိုချင်ခဲ့လို့နော်။ ဘယ်လိုများလုပ်လာခဲ့သလဲလို့ လှမ်းကြည့်လိုက်တဲ့အခါကျတော့ နံပါတ်တစ်ထဲမှာ လှမ်းကြည့်လိုက်ပါဦး…"အဝိဇ္ဇာ၊ ပြီးတော့ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ"လို့ ငါးပါး မတွေ့ရဘူးလား…။

*"တွေ့ရပါတယ်ဘုရား"*

ငါးပါးနော်။ ခြင်းရာနှစ်ဆယ်ဆိုတဲ့ စာလုံး

http://www.dhammadownload.com



ရဲ့ အောက်ဖက်မှာ ဘာတဲ့လဲ…။ အဝိဇ္ဇာရယ်၊ သင်္ခါရရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ဘဝရယ်ဆိုပြီးတော့ အတိတ်အကြောင်းအခြင်းအရာ ငါးပါးတွေ့တယ်မဟုတ်လား…။

*"တင်ပါ့ဘုရား"*

လွန်လေပြီးသောဘဝတွေတုန်းက ဘာလေးပဲလုပ်လုပ်၊ ဘာလေးပဲလှူလှူ ဒကာ,ဒကာမတွေ ဘယ်သူက ဦးဆောင်ခဲ့ပါသလဲတဲ့…။

*"အဝိဇ္ဇာပါဘုရား"*

ဟုတ်ပြီ။ လွန်လေပြီးသောဘဝတွေ ဘဝတွေ အနမတဂ္ဂ ဘဝတွေကတည်းက ဒီတရားအားထုတ်တဲ့အချိန် မရောက်ခင်လေးတုန်းကအထိ ကြိုးစားအားထုတ်လာခဲ့တာဟာ ဘယ်သူက ခေါင်းဆောင်ခဲ့လို့…။

*"အဝိဇ္ဇာပါဘုရား"*

သစ္စာဉာဏ်မပွင့်လင်းသေးတဲ့အခါ ကြိုးစားလာခဲ့တဲ့ ကံတရားသည် ဘယ်သူကခေါင်းဆောင်လို့…။

*"အဝိဇ္ဇာကပါဘုရား"*

http://www.dhammadownload.com



ဒါကြောင့် ဘုန်းကြီးကို တစ်ခါတုန်းက ဒကာတစ်ယောက်က လာပြီးလျှောက်တယ်။ သူက အသက်ကခြောက်ဆယ့်သုံးနှစ်ရှိပြီ။ ပိုက်ဆံလဲရှိပါတယ်။ ပိုက်ဆံချမ်းသာတဲ့ အသိုင်းအဝိုင်းထဲက တရားစခန်းလာဝင်တဲ့အခါကျတော့ ဘယ်လိုလာလျှောက်သလဲဆိုတော့...“အရှင်ဘုရား...တပည့်တော်ဟာ ကုသိုလ်လုပ်တိုင်း လုပ်တိုင်းမှာ အခု ခြောက်ဆယ့်နှစ်,နှစ် ပြည့်ပြီးသည့်တိုင်အောင် ဘုံဘဝတွေကိုပဲ မျှော်လင့်တောင့်တပြီးတော့ တပည့်တော် လုပ်လာခဲ့ပါတယ်(တဲ့)။ ကျောင်းလဲလှူဖူးပါတယ်။ တပည့်တော် အရင် ၁၀ နှစ်လောက်က သိန်း ၃၃ သိန်းတန်ကျောင်းလဲ လှူပါတယ်။ ၁၇ သိန်းတန် သိမ်လဲလှူဖူးပါတယ်။ ဇရပ်လဲလှူဖူးပါတယ်။ လှူတဲ့အရာမှာ တပည့်တော်မလှူဖူးတာ မရှိသလောက်ပါပဲ(တဲ့)။ တပည့်တော် သိန်းတစ်ရာကျော်လောက် လှူပြီးပါပြီဘုရား(တဲ့)။ သို့သော် တပည့်တော် လှူတိုင်းလှူတိုင်းမှာ အရှင်ဘုရားတို့ဟောတော်မူတဲ့ ပဋိစ္စသမုပ္ပါဒ်တရား

http://www.dhammadownload.com



နဲ့ အံဝင်ခွင်ကျဖြစ်နေပါတယ်။ လှူတော့ လှူဒါန်းခဲ့ပါရဲ့ဘုရား။ ဒါပေမယ့်လို့လဲ တပည့်တော် လှူဒါန်းခဲ့သမျှတွေဟာ အဝိဇ္ဇာက ခေါင်းဆောင်ပြီးတော့မှ လှူဒါန်းခဲ့တဲ့အလှူတွေချည်းပဲမို့လို့ တပည့်တော်စိတ်ထဲမှာ ဝမ်းနည်းပက်လက်ဖြစ်ပြီး မျက်ရည်တွေကျမိပါတယ်။ ငိုလဲငိုမိပါတယ်ဘုရား"တဲ့။ ကြည့်နော်...အလှူမတတ်ခဲ့စဉ်တုန်းက ဘုံဘဝတွေကို တောင်းလာခဲ့တဲ့ဆုတွေနော်။ ဆက်ပြောသေးတယ်။ "အဲဒီတုန်းက တပည့်တော်တို့ ဆရာသမားတွေကလဲ ဒီကုသိုလ်နဲ့ပတ်သက်ပြီး ဘဝသံသရာမှာ ခန္ဓာရဖို့ကိုပဲ ဤကျောင်းလှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဘဝတိုင်း ဘဝတိုင်းမှာ ချမ်းချမ်းသာသာနဲ့ လူချမ်းသာ၊ နတ်ချမ်းသာနဲ့ နေရပါစေဆိုပြီး ဆုပေးတော့ တပည့်တော်တို့ကလဲ ပျော်ပျော်ရွှင်ရွှင်ပဲ လိုချင်ခဲ့ပါတယ်(တဲ့)။ သဘောတွေလဲကျခဲ့ပါတယ်(တဲ့)။ အဲသလိုသဘောတွေကျပြီး လှူဒါန်းခဲ့ပါတယ်ဘုရား။ ရေစက်ချတော့လဲ ဒီစိတ်တွေနဲ့ပဲ။ အရှင်ဘုရား

http://www.dhammadownload.com



တို့ ဟောပြတော့မှပဲ တပည့်တော်လျှာဒါန်းခဲ့တာတွေကို ဩော်...နမြောလိုက်တာလို့ အာရုံယူမိပါတယ်ဘုရား”တဲ့။ ဘုန်းကြီးက ကဲ... ဒီလိုလဲ နောင်တမပူပန်ပါနဲ့၊ အပရစေတနာလဲ မပျက်စီးစေနဲ့၊ ပြန်ပြီး နှလုံးသွင်းလိုက်ပေါ့။ သိတဲ့အချိန်မှာ ပြန်ပြီးနှလုံးသွင်းရတယ်နော် ပရိသတ်။ “တပည့်တော်တို့ လျှာဒါန်းခဲ့တာ အဝိဇ္ဇာခေါင်းဆောင်ခဲ့တယ်ဘုရား။ ပြီးတော့ (တဲ့) ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို နေ့မအား ညမအား ကြိုးစားခဲ့ပါတယ်ဘုရား။ ပြီးတော့ တောင့်တပါတယ်(တဲ့)။ ဘုံဘဝကို လိုချင်နှစ်သက်တဲ့သဘောတွေ အများကြီးပါရုံမက မရအရပဲ တပည့်တော်လုပ်ပါတယ်ဘုရား” တဲ့။ ဒကာကြီးကပြောတာ။ အံ့ဝင်ခွင်ကျပဲနော်။ ဒါဆိုရင် ဘဝရဖို့အတွက် အတိတ်အကြောင်းအခြင်းအရာငါးပါး မပြည့်စုံဘူးလား။ ဘာတွေလဲဆိုရင် အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ...တဲ့။ ဒီအာရုံငါးပါးတွေ စုံသွားပြီဆိုရင်တော့ ဘာသစ္စာပြည့်စုံသွားပြီတဲ့လဲ...။

http://www.dhammadownload.com



*"သမုဒယသစ္စာပါဘုရား"*

သမုဒယသစ္စာ။ ဟော...လှူလဲလှူရပြန်တယ် ပရိသတ်။ လှူလို့ ဘာတွေထပ်ရဦးမှာတဲ့လဲဆိုရင်...။

*"ဒုက္ခသစ္စာပါဘုရား"*

လှူတာက ဦးဆောင်နေတာ သမုဒယသစ္စာ။ လှူလို့ရရှိမယ့် အကျိုးရလဒ်ကလေးက ဒုက္ခသစ္စာ။ ဒါဟာ အခြင်းအရာငါးပါးကိုဟောတာနော်။ အခြင်းအရာငါးပါးကို ဟောတော်မူတဲ့အခါ မြတ်စွာဘုရားက တစ်ခါတစ်ရံ အတိတ်အနာဂတ် ပစ္စုပ္ပန်တရားတွေနဲ့ယှဉ်ပြီး ဟောပါတယ်။ တစ်ခါတစ်ရံကျပြန်တော့ ပစ္စုပ္ပန်တရားတွေပဲဟောပါတယ်။ မင်းတို့ ပစ္စုပ္ပန်အကြောင်းမှာ အလုပ်လုပ်တဲ့အခါမှာ တဏှာ ဥပါဒါန်ဘဝတရားတွေ မခြံရံစေနဲ့။ မခြံရံဖို့အတွက်လဲ မြတ်စွာဘုရားက ဘာသစ္စာကို နားလည်စေဖို့ အမိန့်ရှိတယ်...။

*"ဒုက္ခသစ္စာကိုပါဘုရား"*

ခန္ဓာ့ဒုက္ခသစ္စာကိုနော။ ဘာသစ္စာကိုတဲ့

http://www.dhammadownload.com



လဲ…။

*"ခန္ဓာဒုက္ခသစ္စာကိုပါဘုရား"*

မိမိရရှိနေအပ်သော ခန္ဓာဒုက္ခသစ္စာကို ပိုင်းခြားမြင်ပြီးတော့မှ ဒါနအလှူတွေလုပ်။ မိုးကုတ်ဆရာတော်ဘုရားကြီးကလဲ မင်းတို့သစ္စာတရားသိပြီ၊ သစ္စာတရားကို နားလည်ပြီဆိုရင် မင်းတို့ခန္ဓာကိုယ်ကြီးကိုပါ ရောင်းပြီးလှူကြလို့ ပြောတယ်နော်။ ဘာသိထားရင်…။

*"သစ္စာတရားကိုပါဘုရား"*

သစ္စာသိထားပြီဆိုရင် ရိုးရိုးမပြောနဲ့။ ရောင်းပြီးလှူလိုက်တဲ့။ လှူလိုက်တော့ ဒကာ,ဒကာမတွေ သစ္စာသိပြီးလှူတော့ အကျိုးပေါ်မှာ အကြောင်းထင်တယ်မဟုတ်လား။ ဒါဆို လှူဒါန်းနေတဲ့ အကျိုးအပေါ်မှာ အကြောင်းတရားက ဘာသစ္စာတဲ့လဲဆိုရင် "မဂ္ဂသစ္စာမဟုတ်လား" ဒီတော့ မဂ္ဂသစ္စာအကြောင်းဖြစ်ခွင့်ရပြီ။ နားလည်ပြီနော်။ မဂ္ဂသစ္စာဉာဏ်တွေ ဦးစီးပြီး မဂ္ဂသစ္စာရတဲ့အခါကျတော့ ဘုံဘဝတွေကို မိမိစိတ်ထဲမှာ ညွတ်ကိုင်းတဲ့အာရုံတွေ မရှိပါဘဲနဲ့

http://www.dhammadownload.com



ဤကုသိုလ်တရားတို့သည် ဘယ်ဘုံကို လိုလားသော စိတ်အစဉ်တွေဖြစ်နေတာတဲ့လဲ...။

*"နိဗ္ဗာန်ကိုပါဘုရား"*

မဂ်ဖိုလ်နိဗ္ဗာန်နော်။ ခန္ဓာတရားတို့၏ အဆုံးဖြစ်သော နိရောဓသစ္စာကို လိုလားတောင့်တသောစိတ်သည် ညွှတ်ကိုင်းပြီးတော့ ဖြစ်ပေါ်နေတယ်။ ဘာတွေရှိထားလို့လဲဆိုရင် သစ္စာမျက်လုံးတပ်ထားတယ်၊ သစ္စာတရားတွေ နာထားတယ်၊ သစ္စာတရားကို နှလုံးသွင်းပြီး ခန္ဓာကိုယ်ရဲ့ဖြစ်စဉ်တွေကို ကွင်းကွင်းကွက်ကွက် မြင်ထားလို့။ ကြိုတင်ပြီး ဝိပဿနာတရားတွေ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်များဆိုရင် ဒကာ, ဒကာမတွေ လှူရတာ သိပ်ပြီးတော့ ကျေးဇူးမများဘူးလား...။

*"များပါတယ်ဘုရား"*

ဟာ...သိပ်ကျေးဇူးများပါတယ်။ သိလို့လှူသလား၊ မသိလို့လှူသလား...။

*"သိလို့ပါဘုရား"*

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ

http://www.dhammadownload.com



လွန်လေပြီးသော အတိတ်ဘဝဖြစ်စဉ်တွေက သိလို့လှူသလား၊ မသိဘဲနဲ့လှူခဲ့သလား...။

*"မသိဘဲနဲ့ လှူခဲ့ပါတယ်ဘုရား"*

မသိမှုတရားနဲ့ လှူဒါန်းခဲ့တယ်နော်။ မသိမှုတရားနဲ့ လှူဒါန်းခဲ့လို့ ဘုရားက အတိတေ-လွန်လေပြီးသောဘဝများစွာ ဘဝများစွာတုန်းက၊ ဟေတဝေါ-ခန္ဓာကိုယ်ကြီး၏အကြောင်းတရားတို့သည်၊ ပဉ္စ-ငါးပါးတို့ပါပေတည်းတဲ့။ ဤတရားထိုင်နေဆဲခဏ၊ နာနေဆဲခဏ၊ ခန္ဓာကိုယ် ပဋိသန္ဓေနေခဲ့တဲ့ အချိန်ကစပြီး ခန္ဓာကိုယ်ကြီး သေခါနီးအချိန်ကာလအထိ ဖြစ်ပေါ်နေတဲ့ခန္ဓာက ပရိသတ်ရေ...အကြောင်းတရားလား၊ အကျိုးတရားလား...။

*"အကျိုးတရားပါဘုရား"*

ပစ္စုပ္ပန်အကျိုးတရား ငါးပါးဖြစ်ပါတယ်တဲ့။ ဟုတ်ပြီ။ ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးက ဘာတွေတဲ့လဲ...။

*"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား"*

http://www.dhammadownload.com



ဟုတ်တယ်။ ဝိညာဏ်ရယ်၊ နာမ်ရုပ်ရယ်၊ သဠာယတနရယ်၊ ဖဿရယ်၊ ဝေဒနာရယ် ဆိုပြီး ငါးပါးရတယ်မဟုတ်လား...။

*"တင်ပါ့ဘုရား"*

ဝိညာဏ်ကိုကြည့်လိုက်ပြန်တော့လဲ သစ္စာဖွဲ့ရင် ဘာသစ္စာတဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

နာမ်ရုပ်ကလဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ သဠာယတနကလဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

အာရုံတွေပေါ်မှာ ဟိုဟာထိရ, ဒါတွေထိရတဲ့ ဖဿကလဲ...

*"ဒုက္ခသစ္စာပါဘုရား"*

ဒီဟာတွေ ဟိုဟာတွေကို ကောင်းတာလဲ ခံစားရ၊ မကောင်းတာလဲခံစား၊ ကောင်းသည်လိုလို မကောင်းသည်လိုလိုတွေကိုလဲ ခံစားရတဲ့ ဝေဒနာကရော...။

http://www.dhammadownload.com



*"ဒုက္ခသစ္စာပါဘုရား"*

ဒုက္ခသစ္စာကြီးဆိုပါလား။ ဒါဆိုရင် ဟော...ဒကာ,ဒကာမတွေ ပေါ်လွင်ပြီ။ တို့ရရှိနေတဲ့ ခန္ဓာကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက သုတ္တန်နည်းအားဖြင့် ဟောလိုက်ပြီ။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ငါးပါးတို့သည် ဘာသစ္စာတဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

သစ္စာနဲ့ပြောရင် ဒုက္ခသစ္စာပဲတဲ့။ နားလည်ပြီနော်။ အဲဒီအင်္ဂါငါးပါး အကျိုးအခြင်းအရာငါးပါးရရှိခြင်းသည် အလိုလို မိုးပေါ်ကကျလာသလားတဲ့၊ အကြောင်းကြောင့် ရလာသလားတဲ့...။

*"အကြောင်းကြောင့်ရတာပါဘုရား"*

အဲဒီပစ္စုပ္ပန်အကျိုးခန္ဓာကိုယ်ကို မှတည်ပြီးတော့ လက်ကိုင်ထားလိုက်ပါ။ လက်ကိုင်ထားပြီးတော့ အတိတ်ကိုလှမ်းကြည့် ပရိသတ်။ နော်။ အတိတ်လှမ်းကြည့်တော့ အတိတ်အခြင်းအရာ ဘယ်နှစ်ပါးရှိတယ်...။

http://www.dhammadownload.com



*"ငါးပါးပါဘုရား"*

ဪ...အတိတ်အကြောင်းအခြင်းအရာ ငါးပါးကြိုးစားလာလို့ ပစ္စုပ္ပန်အကျိုးအခြင်း အရာငါးပါး ရနေပါပေါ့လားလို့ ဉာဏ်ထဲမှာ ထင်ရှားပါစေ။ ကိုယ်လုပ်လာခဲ့တဲ့ အပြစ်ကို သိဖို့လိုတယ်။ ကိုယ့်အပြစ်ကိုယ်မမြင်ဘဲနဲ့ သူ တစ်ပါးအပြစ်ကို မြင်လို့မဖြစ်ဘူး ပရိသတ်။ ကိုယ်လုပ်ထားတဲ့အပြစ်တွေဟာ မကောင်းတဲ့ အလုပ်တွေပါလားလို့ သိရမယ်။

သမုဒယသစ္စာဆိုတဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ အခြင်းအရာတွေကို ကြိုးစားလာခဲ့တဲ့အကြောင်းတရားကြောင့် တို့ ယခု အပြစ်တွေခံရပြီ။ လူ့လဲလူ့ခဲ့ရတယ်။ ခန္ဓာ ငါးပါးလဲရတယ်။ ဥပုသ်တွေလဲစောင့်ခဲ့ရတယ်။ ခန္ဓာငါးပါးတွေလဲရတယ်။ သမထ ဘာဝနာ လဲ ကြိုးစားခဲ့တယ်။ ခန္ဓာလဲရတယ်။ ဘာဖြစ် လို့ ခန္ဓာရသတုံး။ ဘာကိုနားမလည်ခဲ့လို့လဲ ပရိသတ်...။

*"သစ္စာလေးပါးကိုပါဘုရား"*

http://www.dhammadownload.com



သစ္စာလေးပါးကိုနော်။ တစ်နည်းအားဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတွေကို နားမလည်ခဲ့လို့ ခန္ဓာရအောင် ကြိုးစားခဲ့တယ် မဟုတ်လား။ ဘာတရားနားမလည်လို့...။

*"အကြောင်းအကျိုးတရားတွေကိုပါဘုရား"*

ပဋိစ္စသမုပ္ပါဒ်တရားတွေကို နားမလည်ခဲ့ခြင်းကြောင့် ဘုန်းကြီးတို့တွေရော၊ ဒကာ,ဒကာမတွေရော အကြိမ်ကြိမ်အဖန်ဖန် အထပ်ထပ်ဆုတွေတောင်းပြီးတော့ ရလာတော့ ဝိညာဏ်အစ ဝေဒနာအဆုံး သစ္စာဖွဲ့လိုက်...။

*"ဒုက္ခသစ္စာပါဘုရား"*

ဒုက္ခသစ္စာ ဟုတ်လား...။ ဒါဆိုရင် ဘုရားကိုယ်တော်မြတ်ကြီးက ဒီအတိုင်းရပ်မနေပါဘူးတဲ့။ 'အတီတေ–ဟေတဝေါ–ပဉ္စ ဣဒါနိ ဖလပဉ္စတံ ဣဒါနိဟေတဝေါ ပဉ္စ'တဲ့ ဟောတယ်။ **ဣဒါနိ**–ယခုအခါသမယဝယ်၊ ဟေတဝေါ–အကြောင်းတရားတို့သည်လည်းပဲ၊ ပဉ္စ–ငါးပါးတို့ပါပေတည်း။ ချစ်သားချစ်သမီးတို့...ဤဘဝမှာလဲပဲ အကြောင်းတရားငါးပါး ထပ်ပြီး ရှိ

http://www.dhammadownload.com



နေသေးတယ်။ အဲဒီပစ္စုပ္ပန်အကြောင်းအခြင်း အရာငါးပါးတို့ကို ဘုရားက လက်ညှိုးထိုးပြီး ပြခဲ့တယ်။ နံပါတ်သုံးမှာနော်။ ဒီတော့ နံပါတ် နှစ်ထဲမှာ ပစ္စုပ္ပန်အကျိုးတရားငါးပါး ရရှိနေသော ခန္ဓာဝယ် သစ္စာဉာဏ်မပွင့်လင်းသေးဘူး။ ဝိပဿနာဉာဏ်အင်အားတွေနဲ့ မထုံမွမ်းရသေးတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်ထဲမှာ ဘာငါးပါးကို ထပ်ဆင့်ကြိုးစားဦးမယ်...။

"ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးပါဘုရား"

ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးကို ထပ်ဆင့်ကြိုးစားပါဦးမယ်တဲ့။ ကြိုးစားတော့ ဘယ်သူက စ,ပြီးကြိုးစားမှာတဲ့လဲ...။

*"တဏှာပါဘုရား"*

တဏှာရယ်၊ ဥပါဒါန်ရယ်၊ ဘဝရယ်၊ အဝိဇ္ဇာရယ်၊ သင်္ခါရရယ် တွေ့တယ်မဟုတ်လား။ အဲဒီအကြောင်းအခြင်းအရာငါးပါးတို့သည် ဘာဖြစ်လို့ပေါ်လာရသလဲ ပြန်ကြည့်နော်။ အလိုလိုပေါ်လာရတာလား၊ ခန္ဓာအကြောင်းကို နားမလည်လို့လား...။

http://www.dhammadownload.com



*"ခန္ဓာအကြောင်းကို နားမလည်လို့ပါဘုရား"*

အေး…ဒါကြောင့် ဘုန်းကြီးတော့ပြောခဲ့ပြီးပါပြီ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးထဲမှာ ဘုန်းကြီးတို့ ဘယ်ကာလကို ပြတ်ပြတ်သားသားသိရမယ်…။

*"ပစ္စုပ္ပန်ကာလကိုပါဘုရား"*

ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ခန္ဓာ၊ ယခုရရှိနေတဲ့ ပစ္စုပ္ပန်ခန္ဓာလမ်းစဉ်ကို ထိုးထိုးထွင်းထွင်း မမြင်သေးသမျှ ကာလပတ်လုံး ဒုတိယဘဝအတွက် လမ်းစဉ်ကို မကြိုးစားဘူးလား…။

*"ကြိုးစားပါတယ်ဘုရား"*

ကြိုးစားမယ့်စိတ်တွေ ပေါ်ပေါက်လာဦးမယ်။ ကြိုးစားချင်တဲ့စိတ်တွေ ပေါ်ပေါက်လာတယ်ဆိုကတည်းကိုက ဘယ်သူက စ,ပေါ်သလဲဆိုရင် 'တဏှာ'ဆိုတဲ့ လိုချင်တပ်မက်မောတဲ့စိတ်တွေ ဘဝအတွက်နော်။ ပြီးတော့ ဒီအာရုံမှန်သမျှတွေအပေါ်မှာ အမြဲမပြတ်စွဲလမ်းတတ်တဲ့ 'ဉပါဒါန်'တရားတွေ၊ ပြီးတော့ ကာ

http://www.dhammadownload.com



ယကံ၊ ဝစီကံတွေနဲ့ 'ဘဝ'အတွက် ရည်ရွယ်ချက်တွေနဲ့ ကြိုးစားအားထုတ်ကြတယ်။ အဲဒီလို အားထုတ်တဲ့အခါလဲ အသိတရား လုံးဝမပါတဲ့ 'အဝိဇ္ဇာ'တရားတွေနဲ့။ ထပ်ဆင့် ထပ်ဆင့် 'သင်္ခါရ'ခေါ်တဲ့ ကာယကံ,ဝစီကံတွေ ကြိုးစားကြပြန်တယ်။ နော်။ အဲသလိုပဲ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝဆိုတဲ့ တရားတွေ ကြိုးစားရင်းနဲ့ စုတိစိတ်ကျကြည့်ပါလား။ တဏှာလဲရှိမယ်၊ ဥပါဒါန်လဲရှိမယ်၊ ကမ္မဘဝလဲလုပ်မယ်၊ အဝိဇ္ဇာနဲ့ သင်္ခါရလဲရှိနေမယ်။ ဒီအကြောင်းအခြင်းအရာငါးပါး ခန္ဓာကိုယ်ထဲမှာရှိနေသော ပုဂ္ဂိုလ်ရဲ့သန္တာန်ထဲမှာ"အာယတိံ ဖလ ပဉ္စကံတိ"တဲ့နော်။ အာယတေ–နောင်အခါကာလ သမယဝယ် (ဝါ) အနာဂတ်ကာလဝယ်၊ ဖလ ပဉ္စကံ–အကျိုးတရားငါးပါးရရှိပါလိမ့်ဦးမယ်တဲ့။ ဘုရားကလေ ဒါဆို ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးကို ကြိုးစားလာခဲ့ခြင်းကြောင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့ရေ…အနာဂတ်အကျိုးအခြင်းအရာငါးပါး

http://www.dhammadownload.com



ရလိမ့်ဦးမယ်။ အနာဂတ်အကျိုးအခြင်းအရာငါးပါးက ဘာတွေများလဲလို့ မေးလိုက်တဲ့အခါကျတော့ ဘာတဲ့လဲ...။

*"ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား"*

ဘယ်နှစ်ပါးပါလိမ့်...။

*"ငါးပါးပါဘုရား"*

အဲဒီငါးပါးတို့သည် အကြောင်းတရားလား၊ အကျိုးတရားလား...။

*"အကျိုးတရားပါဘုရား"*

အကျိုးတရားမှန်သမျှကို သစ္စာနဲ့ဖွဲ့ကြည့်လိုက်ရင် ဘာတဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

ဩော်...ဒုက္ခသစ္စာ။ ဒါဆိုရင် နံပါတ်တစ်မှာ လှမ်းကြည့်။ အတိတ်က ဘယ်ငါးပါးကို ကြိုးစားခဲ့သလဲဆိုရင်"အတိတ်အကြောင်းအခြင်းအရာငါးပါး"ကို ကြိုးစားလာလို့ နံပါတ်နှစ်ဖြစ်တဲ့ "ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး"ကို ရ။ အဲဒီ"ပစ္စုပ္ပန်အကျိုးအခြင်း အရာငါးပါး"

http://www.dhammadownload.com



ပေါ်မှာ ထပ်ဆင့်ဉာဏ်မဝင်သေးရင် "ပစ္စုပ္ပန် အကြောင်းအခြင်းအရာငါးပါး"က မလိုချင်လဲ ရပြီးသားနော်။ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါးကို ကြိုးစားဦးမယ်ဆိုရင် "အနာဂတ် အကျိုးအခြင်းအရာငါးပါး"ရမယ်။ အနာဂတ် အကျိုးအခြင်းအရာငါးပါးပေါ်မှာ ဉာဏ်မဝင် နိုင်သေးရင်လဲ ဒကာ,ဒကာမတွေ ထပ်ဆင့် ပြီးတော့ နံပါတ်တစ် ပြန်စမယ်ဟုတ်လား...။

*"တင်ပါ့ဘုရား"*

နံပါတ်တစ်လုပ်ရင် နံပါတ်နှစ်ရ။ နံပါတ် နှစ်ကြိုးစားရင် နံပါတ်သုံးရ။ နံပါတ်သုံးက နံပါတ်လေး။ နံပါတ်လေးပြီးတော့ နံပါတ်တစ်။ အဲသလို လုံးလည်လိုက်ပြီးသကာလ ပဋိစ္စ သမုပ္ပါဒ်ခြင်းရာပေါင်း နှစ်ဆယ်တို့သည် ရပ် နေသလား၊ လည်နေသလား...။

*"လည်နေပါတယ်ဘုရား"*

ဘယ်လိုပုဂ္ဂိုလ်ရဲ့သန္တာန်ထဲမှာ လည်သလဲ လို့မေးရင် သစ္စာဉာဏ် မပွင့်လင်းတဲ့ပုဂ္ဂိုလ်၊ သစ္စာတရားမကိန်းသေးတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာ

http://www.dhammadownload.com



တရားကို နားမလည်၊ အားထုတ်မှုမရှိ၊ ခန္ဓာကိုယ်ထဲမှာ သူတော်ကောင်းတရားတွေမရှိတဲ့ ပုဂ္ဂိုလ်၊ အရိယာမျက်လုံးတပ်ပြီး မကြည့်သေးတဲ့ ပုဂ္ဂိုလ်များရဲ့သန္တာန်ထဲမှာ ဒကာ,ဒကာမ တွေ ဘာဖြစ်နေသလဲ...။

*"လည်နေပါတယ်ဘုရား"*

ပဋိစ္စသမုပ္ပါဒ်ခြင်းရာနှစ်ဆယ်တို့သည် ရပ်နေသလား၊ လည်နေသလား...။

*"လည်နေပါတယ်ဘုရား"*

ဟော...ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ လည်လာခဲ့တဲ့ဘဝတွေ အနည်းလား၊ အများကြီးလား...။

*"အများကြီးပါဘုရား"*

ကိုယ်တို့လည်လာခဲ့တာ ကိုယ်ကြည့်ပတ်လား။ ကြည့်စမ်း...ဘုန်းကြီးတို့လဲ မသိမိုက်မဲပြီးသကာလ သူတစ်ပါးတွေကပြော ကိုယ်က မှားမှန်းလဲမသိ၊ ကိုးကွယ်တွေမှားနဲ့။ မသိတဲ့ ပုဂ္ဂိုလ်တွေကို သွားပြီးကိုးကွယ်နေတော့ ကိုးကွယ်အားထားတဲ့ပုဂ္ဂိုလ်တွေကလဲ သစ္စာလေး

http://www.dhammadownload.com



ပါးတရားကို နားမလည်။ နားမလည်တော့ သူတို့က ဟောကြားတာက ဘုံဘဝ။ ဘုံဘဝ တွေကို အားပေးပြီး သုဂတိဘဝရရုံလောက် ဒါန သီလ အလုပ်လေးတွေလုပ်။ အဲသလိုပဲလုပ် ပြီး ဆုလဲတောင်းကြတယ်။ ဒီတော့ ပရိသတ် အပေါင်း သူတော်ကောင်းများ မနစ်နာဘူးလား ဗျာ...။

*"နစ်နာပါတယ်ဘုရား"*

နစ်နာတယ်။ လူ့လဲလူ့ရပြန်တယ်။ ခန္ဓာ လဲ ရရပြန်တယ်။ အို နာ သေနဲ့လဲ တွေ့ရ ပြန်တယ်။ နစ်နာတယ်နော်။ ဒါကြောင့်မို့လဲ ဘုရားကိုယ်တော်မြတ်ကြီးက မနစ်နာစေဖို့ အတွက် ခန္ဓာကိုယ်ကြီးကို ဘာမြင်အောင်ကြည့် ရမှာတဲ့လဲ...။

*"ဒုက္ခသစ္စာမြင်အောင်ပါဘုရား"*

အေး...ဒုက္ခသစ္စာဖြစ်တာ ဘယ်သူ့ကြောင့် ဖြစ်တယ်...။

*"သမုဒယသစ္စာကြောင့်ပါဘုရား"*

သမုဒယသစ္စာကြောင့်နော်။ ကဲ...ဒါဆိုရင်

http://www.dhammadownload.com



နောက်ထပ်တစ်ဖန် သမုဒယ ထပ်ကြိုးစားလို့ ရှိရင်ကော ဘာထပ်ရဦးမယ်...။

*"ဒုက္ခသစ္စာပါဘုရား"*

ဒါဆို ဘာလေးပဲလျှလျှ ဘာမပါစေနဲ့...။

*"တဏှာမပါစေနဲ့ပါဘုရား"*

အဝိဇ္ဇာတဏှာ မပါစေနဲ့နော်...။ အဝိဇ္ဇာ တဏှာ မခြံရံစေနဲ့။ ဘုံဘဝတွေ မပါစေနဲ့။ ဟုတ်လား။ ကုသိုလ်တရားတွေ လုပ်တိုင်း လုပ်တိုင်း ဘုရားက"ကုသလံ ဘာဝေထ ကုသလံ ဘိက္ခဝေ မာဘာဟိထ"မပြောဘူးလား...။

*"ပြောပါတယ်ဘုရား"*

ကုသိုလ်တရားတွေလုပ်ရမှာကို မကြောက်ကြနဲ့တဲ့။ ဘုရားကလေ ကုသိုလ်တရားတွေ များများလုပ်ကြ။ ကုသိုလ်တရားကိုကြောက်ရင် ချမ်းသာခြင်းတရားကိုကြောက်တာနဲ့ အတူတူပဲ။ ချမ်းသာခြင်းတရားကို ကြောက်ရာရောက်တယ်။ သို့သော် ဘုရားဟောတော်မူတဲ့နေရာမှာတော့ များသောအားဖြင့် သစ္စာဉာဏ် ပွင့်လင်းတဲ့ပုဂ္ဂိုလ်များကိုပဲ တိုက်ရိုက်ဟောထား

http://www.dhammadownload.com



တာ။ ကုသိုလ်တရားပွင့်လင်းတဲ့ ပုဂ္ဂိုလ်များ ကျတော့ ကုသိုလ်အကျိုး၊ ကံအကျိုး၊ ဘုံဘဝ အကျိုး ရလဒ်တွေကို နားလည်ကြတယ်။ ကျွမ်း ကျင်လာပြီဆိုရင် ဘုံဘဝတွေကို ခံစားတတ်တဲ့ အာရုံမှန်သမျှတွေ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အာရုံငါးပါး ကာမဂုဏ် တရားတို့သည် ချမ်းသာခြင်းတရားလား၊ ဆင်းရဲ ခြင်းတရားလားဆိုတာ သိလာကြတယ်။ ဘာ တရားတဲ့လဲ...။

*"ဆင်းရဲခြင်းတရားပါဘုရား"*

ဒီအာရုံမှန်သမျှတွေဟာ အဆိပ်နဲ့တူတယ် လို့ မဟောဘူးလား...။

*"ဟောပါတယ်ဘုရား"*

အဆိပ်ကိုမျိုမိတဲ့ပုဂ္ဂိုလ်သည် အဆိပ်သင့် ပြီး မသေရဘူးလား...။

*"သေရပါတယ်ဘုရား"*

ဟုတ်ပြီ။ အဆိပ်ဆိုတဲ့သစ္စာက ဘာသစ္စာ လဲဆိုရင် သမုဒယသစ္စာနော်။ ဘာသစ္စာတဲ့ လဲ...။

http://www.dhammadownload.com



*"သမုဒယသစ္စာပါဘုရား"*

အဆိပ်လူးထားတဲ့မျှားဆိုတာလိုပေါ့နော်။ ငါးမျှားချိတ်လေးတွေမှာ အဆိပ်တွေလူးထားတာ တွေ့တယ်မဟုတ်လား။ ငါးမျှားချိတ်လေးမှာ ကြိုးတပ်ပြီး အစာတွေချိတ်ဆွဲထားပြီးတော့လေ။ ဟိုလှုပ်ဒီလှုပ် လှုပ်တော့ ငါးလေးတွေက ဘာကိုမြင်တယ်...။

*"အစာကိုပါဘုရား"*

အစာကိုသာမြင်တယ်။ အစာထဲမှာမြှုပ်ထားတဲ့ အဆိပ်လူးမျှားကို တွေ့သလား...။

*"မတွေ့ပါဘုရား"*

ဟော...ကြည့်စမ်းပါဦး။ အဲဒီငါးလေးတွေဟာ အစာအထင်နဲ့ လှမ်းစားတာနဲ့ တော်ကြာမသေရဘူးလား...။

*"သေရပါတယ်ဘုရား"*

ဘာအာရုံကြောင့် သေရတာလဲ...။

*"အစာအာရုံကြောင့်ပါဘုရား"*

အစာအာရုံ၊ ရသတဏှာတည်းဟူသော အာရုံတရားကို လိုက်စားမိခြင်းကြောင့် ငါး

http://www.dhammadownload.com



လေးခမျာ တံငါသည်တို့ရဲ့လက်ထဲမှာ ဒုက္ခခံပြီး သေပွဲဝင်ရသလို ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ အနန္တတို့ဟာလဲပဲ သမုဒယသစ္စာတည်းဟူသော အစာတစ်ခုတည်းကိုသာ မြင်တယ်နော်။ ရူပါရုံဆိုတဲ့ သမုဒယသစ္စာအာရုံ၊ သဒ္ဒါရုံဆိုတဲ့ သမုဒယ သစ္စာအာရုံ၊ ရသာရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ခေါ်တဲ့ အာရုံတွေ။ အဲဒီအာရုံတွေပေါ်မှာ နှစ်သက်တပ်မက်စေတတ်တဲ့ အာရုံမှန်သမျှတွေက သမုဒယသစ္စာမဟုတ်လား။ အဲဒီသမုဒယ သစ္စာကို လက်သပ်မွေးလာနေသမျှ ကာလပတ်လုံး တို့ဒုက္ခသစ္စာရနေမှာပဲလို့ ပိုင်ပိုင်နိုင်နိုင်မသိတဲ့အတွက်တာကြောင့် ဒကာ,ဒကာမတွေ…ဒီကနေ့ထက်တိုင်တိုင် ဘာပွဲကြီးတွေဆင်နွှဲနေရတယ်…။

*“သေပွဲကြီးတွေပါဘုရား”*

အိုပဲ၊ နာပွဲ၊ သေပွဲနော်။ ခဏခဏ မဆင်နွှဲနေရဘူးလား…။

*“ဆင်နွှဲနေရပါတယ်ဘုရား”*

အဲ…သူသေကိုယ်ပို့နဲ့ တော်ကြာ တစ်

http://www.dhammadownload.com



ယောက်ပို့နေရပြန်ပြီ။ တော်ကြာ ပို့ရပြန်ပြီနဲ့။ ပရိသတ်များ စဉ်းစားလိုက်ပါဦး။ ဒါကြောင့် သူတော်ကောင်းတို့ရေ...ရေထဲမှာရှိတဲ့ ငါးများသည် အစာကိုသာမြင်ပြီး မျှားကိုမမြင်မိသကဲ့သို့ ပုထုဇဉ်မှန်သမျှ အနန္တာတို့ဟာလဲပဲ အဝိဇ္ဇာ၊ တဏှာမျက်လုံးကိုတပ်ထားတဲ့အခါမှာ အဝိဇ္ဇာမျက်လုံးကိုတပ်ပြီးတော့ ထားတဲ့အခါကျတော့ ဟောဒီခန္ဓာကိုယ်ကြီး ဆင်းရဲတာကို မြင်ပါ့မလား...။

"မမြင်ပါဘုရား"

ဒီခန္ဓာကိုယ်ကြီး ပစ္စုပ္ပန်ခန္ဓာဆင်းရဲမှန်ကို ပိုင်ပိုင်နိုင်နိုင်မသိသေးတော့ နောင်ဘဝခန္ဓာကိုယ်ကြီး ဆင်းရဲမှာလည်း မသိဘူး။ သိပါ့မလား...။

"မသိပါဘုရား"

အဝိဇ္ဇာမျက်လုံးကိုတပ်ထားလို့နော်။ အဝိဇ္ဇာမျက်လုံးကို တပ်ထားတဲ့အခါကျတော့ အမှန်ကို အမှန်အတိုင်း မမြင်ကြဘူး။ ငါးများကဲ့သို့ပဲ။ ပြီးတော့လဲ တစ်ခါတလေကျရင် ဒကာ,

http://www.dhammadownload.com



ဒကာမတို့ရေ...ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မြင်းကို အစာကျွေးသလိုပဲတဲ့။ မြက်ခြောက်တွေကို ရေစိမ်ပြီးတော့ကျွေးတယ်။ မြင်းကလေးတွေက ဘယ်လိုထင်သလဲဆိုရင် မြက်စိမ်းတွေပဲလို့ ထင်တာ။ မျက်မှန်စိမ်းတပ်ပေးထားလို့လေ။ မြက်ခြောက်ကို ကုလားပဲရေစိမ်လေးနဲ့ဆိုတော့ သိပ်ဟုတ်တာပဲ။ နုနုဖတ်ဖတ်လေးတွေလို့ ထင်ကြတယ်နော်။ အဲသလိုပါပဲတဲ့။ ဘုန်းကြီးတို့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရေ...မိမိတို့ ခန္ဓာကိုယ်ထဲမှာ ခန္ဓာငါးပါး ဒုက္ခသစ္စာကို မသိတာ ဘယ်သူက မျက်မှန်စိမ်း တပ်ပေးထားလို့လဲဆိုရင်'အဝိဇ္ဇာ,တဏှာ' တည်းဟူသော မျက်လုံးနှစ်ဖက် တပ်ထားခြင်းကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကို မမြင်။ "အမှန်မသွား၊ အမှားသိမြင်၊ အဝိဇ္ဇာလုပ်၊ အဟုတ်မထင်"တဲ့နော်။ အမှန်မသွားပါဘဲနဲ့ အမှားတွေကို အမှန်တွေလို့ ယူဆပြီးတော့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းတို့ရေ ...သံသရာလောက တစ်လျှောက်လုံးမှာ ခဏ

http://www.dhammadownload.com



ခဏ သုသာန်ထဲမှာ ရုံးတက်နေရတာဟာ ဘာသစ္စာကို မက်မောလို့လဲ...။

*"သမုဒယသစ္စာကိုပါဘုရား"*

သမုဒယသစ္စာကိုမက်မောတယ်။ သမုဒယသစ္စာနဲ့ နေရမှကြိုက်တယ်။ သမုဒယသစ္စာ ပယ်ရမှာလဲမသိ။ မသိတော့ လည်မနေဘူးလား...။

*"လည်နေပါတယ်ဘုရား"*

မသိတော့လည်၊ လည်တော့ အိုနာသေနဲ့ ခဏခဏရင်ဆိုင်နေကြရတာ။ နားလည်ပြီမဟုတ်လား။ ဒီတော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက အတိတ်အကြောင်းအခြင်းအရာငါးပါးကို ကြိုးစားမိတဲ့အတွက်တာကြောင့် ပစ္စုပ္ပန်အကျိုးတရားငါးပါးကိုရတယ်။ ပစ္စုပ္ပန်အကျိုးတရားငါးပါးကို ကြိုးစားမယ်ဆိုရင် အနာဂတ်အကျိုးငါးပါးကို ရလိမ့်ဦးမယ်လို့ အခြင်းအရာဘယ်လောက်ကို ဟောပါလိမ့်...။

*"နှစ်ဆယ်ပါဘုရား"*

အခြင်းအရာနှစ်ဆယ်ကို သစ္စာနဲ့ဖွဲ့ရင် ဘာ

http://www.dhammadownload.com



သစ္စာတွေတဲ့လဲ...။

*"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား"*

ဟုတ်ပြီ။ နံပါတ်တစ် အတိတ်အကြောင်း အခြင်းအရာ ငါးပါးတည်းဟူသော 'အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ'က ဘာသစ္စာလဲ...။

*"သမုဒယသစ္စာပါဘုရား"*

နံပါတ်နှစ်ဖြစ်တဲ့'ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ'ဆိုတဲ့ ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါးကို သစ္စာဖွဲ့လိုက်ပါဦး...။

*"ဒုက္ခသစ္စာပါဘုရား"*

နံပါတ်သုံးဖြစ်တဲ့'တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရ'ခေါ်တဲ့ ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါးကို သစ္စာနဲ့ဖွဲ့လိုက်တော့...။

*"သမုဒယသစ္စာပါဘုရား"*

နံပါတ်လေးဖြစ်တဲ့ 'ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ'ဆိုတဲ့ အနာဂတ် အကျိုးအခြင်းအရာငါးပါးကကော ဘာသစ္စာ တဲ့လဲ...။

http://www.dhammadownload.com



*"ဒုက္ခသစ္စာပါဘုရား"*

ဪ...ဒါဆိုရင် နံပါတ်တစ်နဲ့ နံပါတ်သုံးက ဘာသစ္စာ...။

*"သမုဒယသစ္စာပါဘုရား"*

နံပါတ်နှစ်နဲ့ နံပါတ်လေးက ဘာသစ္စာ...။

*"ဒုက္ခသစ္စာပါဘုရား"*

တူရာတူရာပေါင်းလိုက်တော့ အခြင်းအရာနှစ်ဆယ်ပင်ငြားသော်လည်း သစ္စာအားဖြင့်ကတော့ ဘာနဲ့ ဘာပဲရှိပါလိမ့်...။

*"သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပဲရှိပါတယ်ဘုရား"*

နှစ်ပါးပဲရှိတယ် ပရိသတ်နော်။ ဘာဖြစ်လို့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက သစ္စာနှစ်ပါးနဲ့ ဟောသလဲဆိုတော့ ပုထုဇဉ်မှန်သမျှ အနန္တတို့သည် ဒီသစ္စာနှစ်ပါးတည်းနဲ့သာ သံသရာတစ်လျှောက်လုံးမှာ လည်နေရတဲ့အတွက်ကြောင့် ဒီသစ္စာတရားမှ လွတ်ကင်းဖို့အတွက် ဘာသစ္စာနဲ့ ပွားများဖို့အမိန့်ရှိပါလိမ့်...။

*"မဂ္ဂသစ္စာနဲ့ပါဘုရား"*

http://www.dhammadownload.com



မဂ္ဂသစ္စာဉာဏ်ရဖို့အတွက် ဤအခြင်းအရာ နှစ်ဆယ်အပါအဝင် 'မူလနှစ်ဖြာ, သစ္စာနှစ်ခု, လေးခုအလွှာ, အင်္ဂါဆယ့်နှစ်ပါး, အစပ်သုံးပါး, ဝဋ္ဋသုံးပါး, ကာလသုံးဖြာ, ခြင်းရာနှစ်ဆယ်' ဆိုတဲ့ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည်တဲ့နော်။ သိစေအပ်သည်ဆိုတာ သိအောင်ကြိုးစားရမယ်၊ ပွားများရမယ်၊ အားထုတ်ရမယ်လို့ ခန္ဓာငါးပါး ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် အမြဲမပြတ် စက္ကန့်တိုင်း စက္ကန့်တိုင်းဖြစ်ပြီးတော့ ပျက်စီးနေတဲ့တရားတွေပါလားလို့ ထိုးထွင်းဉာဏ်ဖြင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ရမယ်တဲ့ ပရိသတ်။ သိတော့မှ သံသရာမှ လွတ်ကြောင်းတည်းဆိုတော့ သံသရာမှ လွတ်မြောက်နိုင်မယ်တဲ့။ ဟုတ်လား။ သိတော့မှ လွတ်မြောက်နိုင်မှာနော်။ မသိရင် လွတ်မြောက်နိုင်ပါ့မလား...။

*"မလွတ်မြောက်နိုင်ပါဘုရား"*

မလွတ်မြောက်ဘူးနော်။ သိလို့ရှိရင်တော့ ခန္ဓာကိုယ်ကြီးကို တောင့်တပါဦးမလား...။

http://www.dhammadownload.com



"မတောင့်တပါဘုရား"

ကြည့်လေ...ဘုန်းကြီးတို့ခန္ဓာ၊ ဒကာ,ဒကာမတွေ ခန္ဓာကိုယ်ကြီးတွေဟာ တရွေ့ရွေ့ တဖြည်းဖြည်းနဲ့ ဟိုတုန်းကအချိန်တွေနဲ့ ဒီအချိန်နဲ့ တူ သေးရဲ့လား...။

"မတူပါဘုရား"

မတူဘူးနော်။ ဘာဖြစ်လာလဲဆိုရင် တဖြည်းဖြည်း ပုံပျက်ပန်းပျက်ဖြစ်လာတယ်။ အထိုင်အထတွေ လေးလာတယ်။ သွားရေပါးရေ မကောင်းတော့ဘူး။ ရောဂါတွေက များလာတယ်။ အဲသလို ရောဂါတွေကများလာ၊ ရန်သူတွေက နီးနီးပြီးလာတော့ ပရိသတ်အပေါင်းသူတော်ကောင်းတို့ ကိုယ်ခန္ဓာဟာ တစ်နေ့ကျတော့ ဘယ်ကိုသွားရမယ်။ လူသူမနီးတဲ့ တစပြင်ကြီးမှာ လွှင့်ပစ်ခံရတော့မယ်ဆိုတာလေးကို သတိထား။ အဲဒီလိုသတိထားပြီးတော့ ဝိပဿနာတရားတွေ ကျင့်ကြံပွားများအားထုတ်ရမယ်နော်။ အဲသလိုအားထုတ်မှသာလျှင် ဘုရားကိုယ်တော်မြတ်ကြီး ဟောဖော်ညွှန်ပြအပ်သော

http://www.dhammadownload.com



ခန္ဓာငါးပါး ဒုက္ခသစ္စာကို ပိုင်းခြားသိလာမယ်။ ဘာသစ္စာ ပိုင်းခြားသိမယ်...။

*"ဒုက္ခသစ္စာကိုပါဘုရား"*

ခန္ဓာ့ဖြစ်စဉ် ဒုက္ခသစ္စာကို ပိုင်းခြားသိလာ ဖန်များတော့ ဒုက္ခသစ္စာတရားတို့ရဲ့ ဖြစ်စေ အပ်တဲ့ အကြောင်းတရား ဘယ်သူသေမယ်...။

*"သမုဒယသစ္စာပါဘုရား"*

ဘာသစ္စာနဲ့ပွားပြီးတော့ ပယ်ရမှာလဲ...။

*"မဂ္ဂသစ္စာနဲ့ပါဘုရား"*

မဂ္ဂသစ္စာနဲ့ ပယ်ရမှာနော။ ပယ်တဲ့အာရုံ က မဂ္ဂသစ္စာနော်။ အပယ်ခံအာရုံက သမုဒယ သစ္စာ ဟုတ်ပြီလား။ ပယ်လို့ချုပ်ငြိမ်းသွားပြီ ဆိုတာက နိရောဓသစ္စာတဲ့ ဒကာ,ဒကာမတွေ။ သစ္စာပေါ်ပြီနော်။ ပြန်မေးမယ် ဒကာ,ဒကာမ တွေ ဉာဏ်လေးနဲ့ အကဲခတ်ကြည့်...။ ဟောဒီ ထိုင်နေတဲ့ခဏလေးမှာ ဖြစ်ပေါ်နေတဲ့ ခန္ဓာ ကိုယ်ကြီးသည် ငြိမ်နေသလား၊ ဖောက်ပြန်နေ သလား...။

*"ဖောက်ပြန်နေပါတယ်ဘုရား"*

http://www.dhammadownload.com



တရွရွ တမွမွ တလှုပ်လှုပ် တဖြုတ်ဖြုတ်နဲ့ တောင့်လိုက်တင်းလိုက် ညောင်းလိုက် ကိုက်ခဲလိုက်နဲ့ ပြောင်းလဲနေတဲ့သဘောက ဘာသစ္စာတုံး...။

*"ဒုက္ခသစ္စာပါဘုရား"*

အဲဒီဒုက္ခသစ္စာသဘောကို ဒုက္ခသစ္စာပါလား၊ ဖြစ်ပြီး ပျက်စီးတဲ့သဘောပါလားလို့ ပေါ်တဲ့နေရာလေးမှာ သတိနဲ့ထောက်ပြီးတော့ ဉာဏ်ကလေးနဲ့ကြည့်။ ဟုတ်ပြီလား။ ထင်ရှားနေတယ်နော်။ အဲဒီဖောက်ပြန်နေတဲ့ အကြည့်ခံအာရုံ၊ ဖောက်ပြန်တဲ့ အာရုံသဘောလေးတွေဟာ တစ်ခုချင်း တစ်ခုချင်း ဘာဖြစ်နေပါလိမ့်...။

*"ဖြစ်ပျက်နေပါတယ်ဘုရား"*

ဖြစ်ပြီးတော့ ပျက်စီးနေပါပေါ့လားလို့ ဉာဏ်ကလေးနဲ့မြင်နေတယ်။ အဲသလို ဉာဏ်ကလေးနဲ့ မြင်နေဆဲခဏမှာ မြင်နေတာက မဂ္ဂသစ္စာ၊ အမြင်ခံတရား ခန္ဓာက ဒုက္ခသစ္စာ။ ဖြစ်ပြီးပျက်စီးနေတာက ဘာသစ္စာပါလိမ့်...။

http://www.dhammadownload.com



*"ဒုက္ခသစ္စာပါဘုရား"*

ဒုက္ခသစ္စာ။ ဖြစ်ပြီးတော့ ပျက်စီးနေတဲ့ သဘောလေးကို လှမ်းလှမ်းတွေ့နေတဲ့ဉာဏ် ကရော...။

*"မဂ္ဂသစ္စာပါဘုရား"*

မဂ္ဂသစ္စာ။ ဒီအချိန်မှာ နံပါတ်သုံးဖြစ်တဲ့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ တရားတို့သည် ဘာဖြစ်နေပါလိမ့်...။

*"သေနေပါတယ်ဘုရား"*

သေနေတယ်။ ဒါဆို မဂ္ဂသစ္စာက ဘာ သစ္စာကို ပိုင်းခြားသိအောင် ကြိုးစားနေတယ်...

*"ဒုက္ခသစ္စာကိုပါဘုရား"*

ဒုက္ခသစ္စာ။ ဖြစ်ပျက်နေတာကို သိအောင် ကြိုးစားနေတာက မဂ္ဂသစ္စာနော်။ သိအောင် ကြိုးစားနေတယ်ဆိုရင် အဝိဇ္ဇာ တဏှာ သမု ဒယသစ္စာတရားကို ဘာဖြစ်နေတာလဲ...။

*"ပယ်ပြီးသားဖြစ်နေပါတယ်ဘုရား"*

ပယ်ပြီးသားဖြစ်နေတယ်။ မိမိသန္တာန်ထဲမှာ ရောဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တရားတို့

http://www.dhammadownload.com



သည် တဒင်္ဂ ဘာဖြစ်နေပါလိမ့်...။

*"ငြိမ်းနေပါတယ်ဘုရား"*

ငြိမ်းနေတယ်နော်။ ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဆိုတာ မရှိပါဘဲနဲ့ ဖြစ်ပြီးတော့ ပျက်စီးနေတဲ့ သဘောတရားသာ ရှိပါပေါ့လား၊ ဒီသဘောလေးတစ်ခုသာ ရှိပါပေါ့လားဆိုတော့ တဒင်္ဂ ဘာသစ္စာဖြစ်နေတာလဲ...။

*"နိရောဓသစ္စာ ဖြစ်နေပါတယ်ဘုရား"*

နိရောဓဖြစ်နေတယ်နော။ ဘာကိုမြင်နေလို့...။

*"ဖြစ်ပျက်ကိုမြင်နေလို့ပါဘုရား"*

ပစ္စုပ္ပန်ခန္ဓာ၏ ဖြစ်ပြီးတော့ပျက်စီးနေတဲ့ သဘောကို လှမ်းပြီးတော့တွေ့နေခြင်းကြောင့် 'တဏှာ ဥပါဒါန် ကံ'တရားတွေ သေနေတယ် မဟုတ်လား။ အကုသိုလ်တရားတွေ ဖြစ်ခွင့်မရဘဲ ဘာဖြစ်နေသလဲဆိုရင် ကုသိုလ်စိတ်ဖြစ်နေတယ်နော်။ ကုသိုလ်ထဲမှာ နံပါတ်တစ် ဘာကုသိုလ်စိတ်လဲဆိုရင် 'လောကီကုသိုလ်စိတ်' နော်။ အဲဒီလောကီ နိရောဓသစ္စာကနေ မဂ္ဂ

http://www.dhammadownload.com



သစ္စာကို ပွားများရင်း ပွားများရင်း ဖြစ်ပျက်တရားတို့ရဲ့ ငြိမ်းတဲ့သဘော၊ ချုပ်ပျောက်တဲ့သဘောကို တွေ့လိုက်လို့ရှိရင်တော့ အဲဒါ ဘာသစ္စာတဲ့လဲ...။

*"လောကုတ္တရာ နိရောဓသစ္စာပါဘုရား"*

လောကုတ္တရာ နိရောဓသစ္စာဆိုက်ပြီ။ အဲသလို ဖြစ်ပျက်တရားတွေရဲ့အဆုံးကိုတွေ့ပြီ။ ပထမ ဖြစ်ပျက်ကိုမြင်မယ်။ ပြီးတော့ ဖြစ်ပျက်ကိုမုန်းမယ်။ နောက်ဆုံး ဖြစ်ပျက်ဆုံးသွားလို့ သောတာပန်ဖြစ်လို့ရှိရင် နောင်ခန္ဓာရဖို့ အလွန်ဆုံး(၇)ဘဝပါပဲတဲ့။ ပထမအပါယ်ခန္ဓာ သေမယ်ပေါ့။ နံပါတ်တစ် အပါယ်လေးပါး တံခါးပိတ်ပြီး ဒုတိယဖြစ်ပျက်ဆုံးလို့ သကဒါဂါမ်ဆိုရင် ဘဝဇာတ်နည်းမယ်။ အလွန်ဆုံး နှစ်ကြိမ်ပဲ နေရတော့မယ်။ တတိယမဂ်နဲ့ ဖြစ်ပျက် သုံးကြိမ်ဆုံးတဲ့ အနာဂါမ်ဆိုရင်တော့ နောက်တစ်ဘဝပဲ နေရတော့မယ်။ နောက်ဆုံးမဂ်နဲ့ ရဟန္တာဖြစ်ရင်တော့ နောင်ခန္ဓာ လုံးဝမလာတော့ဘူးလို့ဆိုရင်"သဉပါဒိသေသနိဗ္ဗာန်"

http://www.dhammadownload.com



ကနေ "အနုပါဒိသေသနိဗ္ဗာန်"ကို ကူးသွားပြီး တော့ ခန္ဓာ့ ပရိနိဗ္ဗာန် မစံဘူးလားဗျာ...။

*"စံပါတယ်ဘုရား"*

ဒါဆိုရင် ခန္ဓာရပါဦးမလား...။

*"မရတော့ပါဘုရား"*

ခန္ဓာတွေ့ပါဦးမလား...။

*"မတွေ့တော့ပါဘုရား"*

အေး...ဒါကြောင့် ဘုန်းကြီးတို့ သူတော်ကောင်းများ...အို နာ သေတရားတို့ ချုပ်ငြိမ်းရပ်သိမ်းတဲ့ နိဗ္ဗာန်ချမ်းသာ တရားထူးတရားမြတ်ကို အားထုတ်တဲ့ ဝိပဿနာဉာဏ်သည် လျင်မြန်သောအသိဉာဏ်တို့ဖြင့် ကောင်းစွာမသွေ မျက်မှောက်ပြုလွယ်နိုင်ကြပါစေကုန်သတည်း...။

သာဓု...သာဓု...သာဓု...။

▲ ▲ ▲

http://www.dhammadownload.com



# ဒုတိယပိုင်း

ကဲ...မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်အာ "**နမောတဿ**"ဖြင့် ပူဇော်လိုက်ကြရအောင်...။

**(နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ)** [၃]

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဘာပြတ်တော်မူလို့ ဘုရားဖြစ်ခဲ့သလဲဆိုရင် ပဋိစ္စသမုပ္ပါဒ် ပြတ်တော်မူလို့ ဘုရားဖြစ်ခဲ့တာ နော်။ ဘာပြတ်ပါလိမ့်...။

*"ပဋိစ္စသမုပ္ပါဒ် ပြတ်ပါတယ်ဘုရား"*

ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ဟာ ဘယ်ကိုသွားရာလမ်းတဲ့လဲ...။

*"နိဗ္ဗာန်ကိုသွားရာလမ်းပါဘုရား"*

http://www.dhammadownload.com



နိဗ္ဗာန်သွားရာလမ်းကိုပြတဲ့ မြေပုံနဲ့လဲတူတယ်နော်။ ဘာနဲ့တူပါလိမ့်...။

*"မြေပုံနဲ့တူပါတယ်ဘုရား"*

အဲဒီမြေပုံကို ဖြန့်မကြည့်ရဘူးလား...။

*"ကြည့်ရပါမယ်ဘုရား"*

မြေပုံဖြန့်ကြည့်မယ်ဆိုလို့ရှိရင် ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ်တရားဒေသနာတော်နော်။ အားလုံးနှလုံးသွင်းပါ။ ရပြီးသားပုဂ္ဂိုလ်တွေရော၊ မရသေးတဲ့ပုဂ္ဂိုလ်တွေရော အစကသိမှသာလျှင် အဆုံးကိုရောက်နိုင်တယ်နော။ လမ်းစမသိဘဲ လမ်းဆုံးကိုရောက်နိုင်ပါ့မလား...။

*"မရောက်နိုင်ပါဘုရား"*

အေး...ဒါကြောင့် အစလေးသိပါစေ။ သောတာပန်ဖြစ်ဖို့ဆိုတာလဲ အစလေးသိရတယ်။ သကဒါဂါမ်ဖြစ်ဖို့ဆိုတာလဲ အစကသိရတယ်။ အနာဂါမ်ဖြစ်ဖို့ဆိုတာလဲ အစကသိရတယ်။ ရဟန္တာဖြစ်ဖို့ဆိုတာလဲ အစကသိရတယ်။ အစက သိရပါတယ်နော။ ဘုရားဖြစ်ဖို့ဆိုတာလဲပဲ

http://www.dhammadownload.com



အစကသိရပါတယ်။ ဘုရားရှင်ဟာ သူကိုယ်တိုင်က အစတရားနားလည်ပြီး ဒီတရားကို ပြတ်ပြီးမှ ဘာဖြစ်တော်မူပါလိမ့်...။

*"ဘုရားဖြစ်တော်မူပါတယ်ဘုရား"*

ဘုရားဖြစ်တာပေါ့။ ဘာကိုသိလို့လဲဆိုရင် ပဋိစ္စသမုပ္ပါဒ်တည်းဟူသော သစ္စာလေးပါး။ ရှင်းရဲ့မဟုတ်လား။ ကဲ...ဒါဆိုရင် ပရိသတ်ကြီး...ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောဖော် ညွှန်ပြခဲ့သော ဒေသနာတော်ကို နှလုံးသွင်းကြရအောင်။ ဒေသနာတော် ဘယ်နှစ်ပိုဒ်ရှိပါလိမ့်။

*"နှစ်ပိုဒ်ပါဘုရား"*

အဲဒီနှစ်ပိုဒ်ဝယ် ပထမလင်္ကာဖြစ်တဲ့ လင်္ကာပိုဒ်ကို ပူဇော်ကြည့်ကြရအောင်။ ရွတ်ဆိုလိုက်ကြပါ...။

"အဝိဇ္ဇာနှင့် တဏှာအရင်းခံ၊ ဥပါဒါန်ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်

http://www.dhammadownload.com



နည်းအလျော်။ ဗြဟ္မာ သိကြား...စသည်များ က၊ ထင်ရှားပြုပြင် စီရင်ဖန်ဆင်း၊ အကြောင်း ရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ် လာရမှု၊ မဟုတ်ဟု ဉာဏ်ဖြင့်ရှု၍မျှော်...”

ပရိသတ်ကြီး...ဘာနဲ့ရှုမျှော်ရမယ်...။

*“ဉာဏ်နဲ့ပါဘုရား”*

ဟုတ်ပြီ။ ပဋ္ဌိစ္စသမုပ္ပါဒ်တရား နားလည် လိုတဲ့ ပုဂ္ဂိုလ်များသည် ကံမျက်လုံးနဲ့ကြည့်ရ မှာလား၊ ဉာဏ်မျက်လုံးနဲ့ ကြည့်ရမှာလား...။

“ဉာဏ်မျက်လုံးနဲ့ ကြည့်ရမှာပါဘုရား”

ဪ...အရိယာမျက်လုံးတပ်ကြည့်မှသာ လျှင် ခန္ဓာရဲ့ အစရော၊ အလယ်ရော၊ အဆုံး ရော တွေ့နိုင်မှာပေါ့။ ဘာမျက်လုံးတပ်ကြည့် ရမယ်...။

*“အရိယာမျက်လုံးပါဘုရား”*

ရှင်းတယ်နော။ ဘာမျက်လုံးလဲဆိုရင် အရိ ယာမျက်လုံးတည်းဟူသော ဉာဏ်မျက်လုံး တပ် ကြည့်ပြီး ဟော...ဘုရားရှင်က ခန္ဓာရဲ့အစကို ဟောပြီ၊ ဘယ်သူနဲ့ဘယ်သူတဲ့လဲ...။

http://www.dhammadownload.com



*"အဝိဇ္ဇာနဲ့ တဏှာပါဘုရား"*

အဝိဇ္ဇာနဲ့ တဏှာအရင်းခံပြီးတော့ ဥပါဒါန်နဲ့ ကံတွေကြောင့်တဲ့။ စ,ဟောပြီနော်။ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်ကြောင့်တဲ့။ ရုပ်နာမ်တွေပေါ်ရပါတယ်တဲ့။ စ,ဟောပြီ။

အဝိဇ္ဇာဆိုတာ တစ်လောကလုံးမှာ ချမ်းသာခြင်းတရားကို လုံးဝမသိတာ အဝိဇ္ဇာနော်။ အမှန်ကို အမှား၊ အမှားကိုအမှန်လို့ သိနေတာ အဝိဇ္ဇာနော်။ ဘာတုံး ပရိသတ်...။

*"အဝိဇ္ဇာပါဘုရား"*

နှလုံးသွင်းလိုက်ပါဦး။ ကောင်းကျိုးချမ်းသာဟူသမျှ ဘာတစ်ခုမှမသိတာ ဘယ်သူတုံး။

*"အဝိဇ္ဇာပါဘုရား"*

လူပြိန်းလိုပဲ သိထားလိုက်နော်။ ကောင်းတာဟူသမျှ ဘာမှမသိတာ အဝိဇ္ဇာဟုတ်လား။ အဲဒီ အဝိဇ္ဇာတရားက မသိခဲ့လေသောကြောင့် အဲဒီသူရဲ့နောက်က ဘယ်သူက တကောက်ကောက်လိုက်နေတယ်...။

http://www.dhammadownload.com



*"တဏှာပါဘုရား"*

တဏှာ။ တဏှာဆိုတာက လိုချင်တပ်မက်နေတာမှန်သမျှဟာ တဏှာပါပဲတဲ့။ လိုချင်တာက ဘယ်သူတုံး...။

*"တဏှာပါဘုရား"*

လိုချင်တယ်၊ တပ်မက်တယ်၊ ကပ်ငြိတတ်တယ်၊ စွဲမက်တယ် ဟုတ်လား။ လိုချင်တပ်မက်မှုတရားဟာ သိလို့လိုချင်သလား၊ မသိလို့လိုချင်သလား...။

*"မသိလို့လိုချင်ပါတယ်ဘုရား"*

လောကကောင်းကျိုးချမ်းသာ မင်္ဂလာတရားတို့ကို လုံးဝမသိဘူး။ ဟုတ်လား။ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်ရကြောင်း ရောက်ကြောင်း အကြောင်းအကျိုးကို လုံးဝမသိတာအဝိဇ္ဇာ။ ယခုလို တရားဓမ္မတွေကိုမသိဘဲ အဲဒီမသိမှုအပေါ်မှာ ပျော်မွေ့ပြီးနေတာက ဘယ်သူတုံး...။

*"တဏှာပါဘုရား"*

တဏှာ ဟုတ်လား။ အာရုံအပေါ်မှာ ခွဲခွာ

http://www.dhammadownload.com



လို့မရလောက်အောင်ထိ စွဲတဲ့သဘောက ဥပါဒါန်နော်။ ဒီအာရုံကို ထပ်တလဲလဲ ထပ်တလဲလဲ တငွေ့ငွေ့နဲ့ ကာယကံ ဝစီကံ မနောကံတွေနဲ့ ပြုပြင်တာကရော...။

*"ကံပါဘုရား"*

ကံဟုတ်လား။ ဘယ်နှစ်လုံးဖြစ်သွားပြီလဲ။

*"လေးလုံးပါဘုရား"*

နံပါတ်တစ်က အဝိဇ္ဇာ။ နံပါတ်နှစ်က တဏှာ။ နံပါတ်သုံးက ဥပါဒါန်။ နံပါတ်လေးက ကံ။ သြော်...ကြည့်စမ်း...ကြည့်စမ်း။ ခန္ဓာကိုယ်ထဲမှာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတရားတွေကို ကြိုးစားလာလို့ ဘုန်းကြီးတို့ဘဝ၊ ဒကာ၊ ဒကာမတို့ဘဝ ဘာရသလဲ...။

*"ရုပ်နာမ်ပါဘုရား"*

စက်ဝိုင်းဒေသနာတော်နည်းအရ ပြောမယ်ဆိုရင် အဝိဇ္ဇာနှင့်တဏှာအရင်းခံ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်တဲ့။ ဘာနဲ့ဘာပေါ်နေပါလိမ့်...။

*"ရုပ်နဲ့ နာမ်ပါဘုရား"*

http://www.dhammadownload.com



ပရိသတ်ကြီး...ဘာနဲ့ဘာပေါ်တယ်...။

*"ရုပ်နဲ့နာမ်ပါဘုရား"*

ရုပ်တရားနဲ့ နာမ်တရား။ ဟုတ်ပါပြီ။ ရုပ်တရားနဲ့ နာမ်တရားဆိုတော့ ရုပ်တရားဆိုတာ ဘာသဘောကိုပြောတာပါလိမ့်...။

*"ဖောက်ပြန်တတ်တဲ့သဘောပါဘုရား"*

ဖောက်ပြန်တယ်။ နာကျင်ကိုက်ခဲ တောင့်တင်း လှုပ်ရှား အဲဒါ ဘာသဘောတဲ့လဲ...။

*"ရုပ်သဘောပါဘုရား"*

ရုပ်တရားနော်။ နာမ်တရားဆိုတာက အဲဒီ တောင့်တာ,တင်းတာအပေါ်မှာ၊ နာတာအပေါ်မှာ၊ ကျင်တာ,ကိုက်တာ,ခဲတာအပေါ်မှာ သိသိနေတဲ့ အသိလုံးလေးတွေက နာမ်တရားနော်။ ဘာတဲ့လဲ...။

*"နာမ်တရားပါဘုရား"*

ဖောက်ပြန်ပြောင်းလဲနေတာက...။

*"ရုပ်တရားပါဘုရား"*

သိနေတာက...။

*"နာမ်တရားပါဘုရား"*

http://www.dhammadownload.com



ဘာနဲ့ဘာရှိလဲ...။

*"ရုပ်နဲ့နာမ်ပါဘုရား"*

ခန္ဓာကိုယ်ထဲမှာ ယောကျ်ား,မိန်းမရှိသလား၊ ရုပ်နာမ်လား...။

*"ရုပ်နာမ်ပါဘုရား"*

ပုဂ္ဂိုလ်သတ္တဝါလား၊ ရုပ်နာမ်လား...။

*"ရုပ်နာမ်ပါဘုရား"*

အသက်ဇီဝလိပ်ပြာလား၊ ရုပ်နာမ်လား...။

*"ရုပ်နာမ်ပါဘုရား"*

ဘာသဘောနဲ့ ဘာသဘောလဲဆိုရင် ဖောက်ပြန်မှုသဘောနဲ့ သိမှုသဘောပဲရှိတယ်နော်။ ဘာနဲ့ ဘာပဲရှိတယ်...။

*"ဖောက်ပြန်မှုသဘောနဲ့ သိမှုသဘောပါဘုရား"*

တစ်နည်းအားဖြင့် မသိတာနဲ့ သိတာ ဟုတ်လား။ ရုပ်ကမသိဘူး၊ နာမ်ကသိတယ်။ မသိတာက ရုပ်တရား၊ သိတာက နာမ်တရားနော်။ ရုပ်တရားဆိုတာ ဘာမှမသိတတ်ဘူးနော်။ သိတတ်ရဲ့လား...။

http://www.dhammadownload.com



*"မသိတတ်ပါဘုရား"*

ဒီကိုယ်ကောင်ကြီးက ဘာမှသိတာမဟုတ်ဘူး။ ခေါင်းပေါ်မှာ ဆံပင်တွေပေါက်နေပါပေါ့လားလို့ သူသိသလား...။

*"မသိပါဘုရား"*

ငါထမင်းဆာလိုက်တာကွာလို့ ရုပ်က သိသလား...။

*"မသိပါဘုရား"*

ငါအိပ်ချင်တယ်ကွာလို့ သူကသိသလား...။

*"မသိပါဘုရား"*

ဘယ်သူကသိတာလဲ...။

*"နာမ်တရားကပါဘုရား"*

ဒါဆိုရင် မသိတာက...

*"ရုပ်တရားပါဘုရား"*

သိတာက...

*"နာမ်တရားပါဘုရား"*

ဒါလေးကွဲပြားဖို့လိုတယ် ယောဂီများ...။ ဒါလေး အရေးကြီးတယ်။ ဘုရားက အရေးကြီးလို့ဟောထားတာ။ ဘုရားက လိုရင်း ရုပ်

http://www.dhammadownload.com



တရားနဲ့ နာမ်တရားလို့ပြောတော့ အသိဉာဏ် ကြွယ်ဝတဲ့ ပညာရှင်များကျတော့ ဪ... ရုပ်တရားဆိုတာ ဖောက်ပြန်တာ။ ဒါလေးသိ တယ်။ နာမ်တရားကသိတတ်တာ ဒီလိုသိတယ် နော်။ ပါရမီရှိတဲ့ပုဂ္ဂိုလ်များသိပါတယ်။ ပါရမီ မရှိတဲ့ပုဂ္ဂိုလ်များကျတော့ အင်အားဓာတ်နည်း တဲ့ ပုဂ္ဂိုလ်များကျတော့ မသိသိအောင် ဘာ လုပ်ပေးရသလဲ။ ရှင်းပေးရတယ်။ ဟုတ်လား။ ရှင်းပေးမှသာလျှင် နားလည်လာတယ်။ သဘော ပေါက်လာတယ်။ ရှင်းတယ်နော်။ အဲဒီတော့ ပရိသတ်များ အဝိဇ္ဇာနှင့် တဏှာအရင်းခံ ဥပါ ဒါန်၊ ကံကြောင့် ဘာပေါ်တယ်...။

*"ရုပ်နာမ်ပေါ်ပါတယ်ဘုရား"*

အပင်မှမျိုး၊ မျိုးမှအပင်ဆိုတာက အပင် ကြီးတစ်ပင် ပေါ်ပေါက်လာတာသည် အလိုလို ပေါ်ပေါက်လာရတာလား၊ မျိုးစေ့ရှိလို့လား...။

*"မျိုးစေ့ရှိလို့ပါဘုရား"*

ဪ...ပရိသတ်အပေါင်း သူတော်ကောင်း တို့ရေ...ယခု ရတနာ့မာရ်အောင် တောရစမ္ဘ

http://www.dhammadownload.com



ရိပ်သာထဲမှာ ဘာအပင်တွေများသလဲဆိုရင် သရက်ပင်တွေများတယ်နော်။ ဟောဒီသရက်ပင်တွေဟာတဲ့ အလိုလိုပေါ်ပေါက်လာသလား၊ မျိုးစေ့ရှိလို့လား...။

*"မျိုးစေ့ရှိလို့ပါဘုရား"*

ဝါဆိုဝါခေါင်ကျတော့ သီးလာတဲ့အသီးတွေက ဘာဖြစ်လာသလဲဆိုရင် မှည့်လာတယ်မဟုတ်လား။ ရင့်မှည့်လာတော့ မျိုးစေ့ထပ်မရဘူးလား...။

*"ရပါတယ်ဘုရား"*

အဲဒီမျိုးစေ့ဟာ ဘယ်ကရလဲ...။

"သရက်ပင်ကပါဘုရား"

ဩော်...အပင်ကမျိုးရတာ။ ဒါဆိုရင် ဒီမျိုးစေ့က သရက်ပင်ပြန်ဖြစ်တော့ မျိုးက အပင်မဖြစ်ဘူးလား...။

*"ဖြစ်ပါတယ်ဘုရား"*

အပင်မှမျိုး မျိုးမှအပင် မရှင်းဘူးလား...။

*"ရှင်းပါတယ်ဘုရား"*

အပင်မှမျိုး မျိုးမှအပင် အမျှင်ပြတ်ရဲ့လား။

http://www.dhammadownload.com



*"မပြတ်ပါဘုရား"*

အမျှင်မပြတ် ဆက်စပ်သည့်ဟန်တဲ့။ အဲသလိုဆက်စပ်ပြီး အပင်ကမျိုးဖြစ်လိုက်၊ မျိုးက အပင်ဖြစ်လိုက်နဲ့ ဆက်စပ်ပြီးလာလိုက်တာဟာ ဘယ်တုန်းကလဲဆိုရင် ရေတွက်ပြောပြလို့ ကုန်ပါ့မလား...။

*"မကုန်ပါဘုရား"*

ဟာ...ဒီသရက်က ဘယ်ကမျိုးစေ့ပါလိမ့်မလဲ။ အဲဒီမျိုးစေ့ရဲ့အပင်က ဘယ်အပင်ကပါလိမ့်၊ အဲဒီအပင်ရဲ့မျိုးစေ့ကကော ဘာပါလိမ့်...စသည်ဖြင့် လိုက်ရှာလို့ ဆုံးပါ့မလား...။

*"မဆုံးပါဘုရား"*

သို့သော် ဘာရှိလို့ ဘာရတယ်။ မျိုးရှိလို့ အပင်ပေါက်တယ်နော။ အပင်က မျိုးစေ့ဖြစ်တယ်။ ဒါကြောင့် အပင်မှမျိုး မျိုးမှအပင် အမျှင်မပြတ် ဆက်စပ်သည့်ဟန်တဲ့။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ။ ဩော်...ဘဝသံသရာလောကတစ်လျှောက်လုံး ဘုန်းကြီးတို့ ဘဝ၊ ဒကာ,ဒကာမတို့ဘဝတစ်တွေ သစ္စာလေး

http://www.dhammadownload.com



ပါးကို မသိလာဘဲနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်ကြပြန်ပြီ။ အကုသိုလ်လဲလုပ်ကြတယ်။ ဘယ်သူခေါင်းဆောင်မှုနဲ့လဲ...။

*"အဝိဇ္ဇာပါဘုရား"*

အဝိဇ္ဇာတရား ခန္ဓာကိုယ်ထဲမှာ ဒုက္ခသစ္စာကို ပိုင်းခြားမသိတဲ့အဝိဇ္ဇာ။ ဒါ သမုဒယသစ္စာ၊ ဆင်းရဲစေတတ်တဲ့ တရားတွေပါလား၊ သံသရာမှာ အိုအောင်၊ နာအောင်၊ သေအောင် လုပ်ပေးတတ်တဲ့ တရားတွေပါလားလို့ သိသလား...။

*"မသိပါဘုရား"*

ဘယ်သူတုံး...

*"အဝိဇ္ဇာပါဘုရား"*

အဝိဇ္ဇာနော်။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာရှိတယ်လို့လဲမသိတာ အဝိဇ္ဇာ။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းစေတတ်တဲ့တရားကို မသိတာကလဲ အဝိဇ္ဇာ။ ဩော်...သစ္စာလေးပါး မြတ်တရားကို မသိလာခဲ့ခြင်းအကြောင်းတရားကြောင့် ကာယကံမှုလုပ်တယ်၊ ဝစီကံမှုလုပ်တယ်၊ မနောကံမှုလုပ်တယ်။ ပုညာဘိသင်္ခါရ၊ အပုညာဘိ

http://www.dhammadownload.com



သင်္ခါရ၊ အနေရှာဘိသင်္ခါရတွေလုပ်တယ်။ အဲဒီလို သင်္ခါရတရားတွေကို ပြုလုပ်ကြိုးစားခြင်းသည် အဲဒါ ဘာကိုကြိုးစားသလဲဆိုရင် ပရိသတ်အပေါင်း သူတော်ကောင်းတို့ရေ...အဲဒါ ကံကိုကြိုးစားတာနော်။ ဘာကိုကြိုးစားတာ...။

*"ကံကိုကြိုးစားတာပါဘုရား"*

အဲဒီကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံ၊ ကမ္မဘဝကို ပြုလုပ်ခြင်းကြောင့် ဘာဖြစ်သလဲဆိုရင် နာမ်ရုပ်တွေရပြန်ပြီ။ အဲဒီ နာမ်ရုပ်တွေရခြင်းကြောင့်ပဲ ကံတွေလုပ်မိပြန်ပြီ။ အဲဒီကံတွေလုပ်တော့ အဲဒီကံကြောင့်ပဲ နာမ်ရုပ်တွေရပြန်ပြီ။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံဖြစ်မလာဘူးလား...။

*"ဖြစ်လာပါတယ်ဘုရား"*

တစ်ခါတည်းလား၊ အဖန်ဖန်အထပ်ထပ်လားတဲ့...။

*"အဖန်ဖန်အထပ်ထပ်ပါဘုရား"*

အပင်မှမျိုး၊ မျိုးမှအပင် ဖြစ်ဘိသကဲ့သို့ပဲတဲ့။ ပရိသတ်တွေ...ဆက်စပ်မှုတွေ မရှိဘူး

http://www.dhammadownload.com



လား...။

"ရှိပါတယ်ဘုရား"

ဘယ်သူက ဆက်စပ်ပေးသလဲဆိုရင် ကံတရားကနော်။ ဘယ်သူက ဆက်စပ်ပေးတယ်...။

"ကံတရားကပါဘုရား"

ယခု ယောဂီသူတော်ကောင်းများ အားထုတ်နေတဲ့ ကုသိုလ်စေတနာဓာတ်ကို ဘာလို့ခေါ်သလဲဆိုလို့ရှိရင် သင်္ခါရလို့ခေါ်တယ်နော်။ ဘာလို့ခေါ်တယ်...။

"သင်္ခါရပါဘုရား"

ထပ်ဆင့်ပြောရင် ကံတရားပေါ့။ သို့သော် ဘာဦးစီးပြီးလုပ်တဲ့ ကံတရားလဲဆိုရင် ဉာဏ်ဦးစီးပြီးလုပ်တဲ့ ကံတရားနော်။ ပြန်ပြောပါဦး။ ဘာဦးစီးတဲ့ ကံတဲ့လဲ။

"ဉာဏ်ဦးစီးတဲ့ကံပါဘုရား"

ဝိပဿနာတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်များကတော့ လုပ်တာကတော့ ကံပေါ့။ ဒါပေမဲ့ ကံကို ဉာဏ်က ဖြတ်ဖြတ်ပြီးတော့ မဦးစီးနေဘူးလား။

http://www.dhammadownload.com



*"ဦးစီးနေပါတယ်ဘုရား"*

ဪ...ကံထဲမှာ ဘယ်သူဖြတ်နေတယ်...။

*"ဉာဏ်ပါဘုရား"*

ဉာဏ်ကလေးနဲ့သုံးသပ်ပြီး ဖြတ်ဖြတ်နေခြင်းကြောင့် အဲဒီကံကို ဝိဇ္ဇာကံ, ဝိဇ္ဇာဉာဏ် ဟုတ်လား။ ဘာကို ဘာကဖြတ်နေလို့လဲဆိုရင် ကံကို ဉာဏ်ကဖြတ်နေလို့။ တစ်သံသရာလုံး မှာတော့ ကံကို ကံပဲလုပ်ခဲ့တယ်။ ဟုတ်လား။ ဟောဒီခန္ဓာကိုယ်ကြီးက ဘယ်သူကပေးထား တာလဲ...။

*"ကံကပါဘုရား"*

ကံပေးလို့ရထားတဲ့ ခန္ဓာကိုယ်ကြီးကို နောက် ထပ်တစ်ဖန် ဘာတွေထပ်ကြိုးစားတယ်...။

*"ကံထပ်ကြိုးစားပါတယ်ဘုရား"*

ဟော...ကံကိုထပ်ကြိုးစားလေ ကံရလေ။ ကံတွေထပ်ကြိုးစားလေ ကံရလေ။ ရတော့ အို နာ သေပေါ့။ တစ်ခါတည်းလား အဖန် ဖန် အထပ်ထပ်လား...။

*"အဖန်ဖန်အထပ်ထပ်ပါဘုရား"*

http://www.dhammadownload.com



ဒါကြောင့်သာလျှင် အမိန့်ရှိတာပေါ့။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်းအလျော်၊ မိုးပေါ်ကကျပါသော ခန္ဓာ ဟုတ်ကဲ့လား...။

*"မဟုတ်ပါဘုရား"*

အတိတ်ကနေပြီးတော့ ပေးလိုက်တဲ့ခန္ဓာ ဟုတ်ကဲ့လား...။

*"မဟုတ်ပါဘုရား"*

မဟုတ်ပါဘူးနော်။ အတိတ်ကခန္ဓာကိုယ်ဟာ ဒီဘဝမှာ ဘာမှမဆိုင်ပါဘူး။ သို့သော် ကမ္မသတ္တိတော့ရှိတယ်။ အတိတ်ကလုပ်ခဲ့တာဟာ သိမှုနဲ့လား၊ မသိမှုနဲ့လား...။

*"မသိမှုနဲ့ပါဘုရား"*

မသိတာဘယ်သူတုံး...။

*"အဝိဇ္ဇာပါဘုရား"*

လုပ်တာဟာ ဘယ်သူတုံး...။

*"သင်္ခါရပါဘုရား"*

အဲဒီသင်္ခါရတွေလုပ်တော့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေအတွက် ဟောဒီခန္ဓာကိုယ်

http://www.dhammadownload.com



ကြီး တည်ဆောက်တာ ဘယ်သူတဲ့လဲ...။

*"အဝိဇ္ဇာ သင်္ခါရပါဘုရား"*

မိဘနှစ်ပါးလား။ အဝိဇ္ဇာ သင်္ခါရလား...။

*"အဝိဇ္ဇာ သင်္ခါရပါဘုရား"*

ဪ...လက်စသတ်တော့ ဟောဒီ ခန္ဓာကိုယ်ကို တည်ထောင်တာဟာ ယောကျ်ားလဲမဟုတ်၊ မိန်းမလဲမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါလဲမဟုတ်၊ ထာဝရဘုရားကလဲမဟုတ်၊ သိကြားမင်းကလဲမဟုတ်၊ ဂေါတမဘုရားကလဲမဟုတ်၊ ဘယ်သူနဲ့ ဘယ်သူတဲ့လဲ...။

*"အဝိဇ္ဇာ သင်္ခါရပါဘုရား"*

ရှင်းပါစေ ယောဂီများ။ ဘယ်သူက တည်ထောင်တာ...။

*"အဝိဇ္ဇာ သင်္ခါရကပါဘုရား"*

ပုဂ္ဂိုလ်သတ္တဝါ ပါရဲ့လား...။

"မပါ,ပါဘုရား"

တချို့ကပြောကြတယ်။ လောကကြီးကို ဘယ်သူကတည်ထောင်တာတဲ့လဲဆိုရင် ထာဝရဘုရားကတဲ့။ ထာဝရဘုရားက လောကကြီး

http://www.dhammadownload.com



ကို ဖန်ဆင်းထားတာတဲ့။ ဖန်ဆင်းလို့ပေါ်တာ ဆိုပြီးတော့ မပြောကြဘူးလား...။

*"ပြောကြပါတယ်ဘုရား"*

ဘုန်းကြီးတို့ ဗုဒ္ဓရှင်တော်မြတ်ဘုရားက တော့ ဒီလိုပြောရဲ့လား...။

*"မပြောပါဘုရား"*

ကံသည် ဘာကြောင့်ဖြစ်တာလဲဆိုရင် ကံသည် ကံကြောင့်ဖြစ်တယ်။ ဓာတ်သည် ဓာတ်ကြောင့်ဖြစ်တယ်။ နော်။ တချို့ကတော့ အလိုလိုဖြစ်တယ်ဆိုတဲ့ ဝါဒရှိပြန်တယ်။ တချို့ကတော့ စီမံဖန်တီးလို့ဖြစ်တဲ့ဝါဒတဲ့။ ဟုတ်လား။ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ ဘာသည် ဘာကြောင့်ဖြစ်တယ်...။

*"ကံသည် ကံကြောင့်ဖြစ်ပါတယ်ဘုရား"*

ကံမရှိရင်ကော...

*"မဖြစ်ပါဘုရား"*

မဖြစ်ဘူး။ ဖြစ်စရာအကြောင်းရှိသေးလား။

*"မရှိပါဘုရား"*

ပရိသတ်များ...နည်းနည်းပိုပြီး နက်နက်

http://www.dhammadownload.com



နဲ့နဲ့ပြောသွားမယ်။ ဒီပရိသတ်တွေက တရားနဲ့ နီးစပ်မှုရှိတဲ့ ပရိသတ်တွေမို့လို့ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ဒီ မိမိသန္တာန်ထဲမှာ ကုသိုလ်ကံတရားနဲ့ အကုသိုလ်ကံတရားမရှိရင်ကော အကျိုးပေးဖို့ အကြောင်းရှိပါ့မလား…။

*"မရှိပါဘုရား"*

အကြောင်းမရှိရင် ခန္ဓာရပါ့ဦးမလား…။

*"မရပါဘုရား"*

ဟောဒီခန္ဓာကိုယ်ကြီး ဘာဖြစ်သွားသလဲဆိုရင် အကုန်လုံးချုပ်ငြိမ်းပျက်စီးသွားတာပေါ့။ ဘာမရှိလို့လဲဆိုရင် ကံမရှိတော့လို့ ခန္ဓာမရှိတာ။ ရှင်းရဲ့မဟုတ်လား။ ဘုရားကဟောတယ်။ ကုသလံ အကုသလံ ဇဟံ။ အာသဝေါကုန်ခန်းတော်မူကြကုန်သော ရဟန္တာများဆိုရင်တော့ ဘာနဲ့ဘာကိုစွန့်သလဲဆိုရင် ကုသိုလ်နဲ့ အကုသိုလ်ကိုစွန့်တယ်နော်။ ကံတွေအကုန်လုံး စွန့်ပါတယ်တဲ့။ အကျိုးပေးမရှိတော့ဘူး။ အကျိုးပေးတွေအကုန်လုံး မစွန့်ဘူးလား…။

*"စွန့်ပါတယ်ဘုရား"*

http://www.dhammadownload.com



နောင်ခန္ဓာမရဖို့အတွက်စွန့်တာနော။ ရဟန္တာအရှင်မြတ်များဟာ ကုသိုလ်တွေကိုတော့ မလုပ်ဘူးလားဆိုရင် လုပ်တယ်။ ဒါပေမယ့် ပြုကာမတ္တ ပြုကာမျှသဘောပဲ ကြိယာစိတ်နဲ့ပြုလုပ်တာ။ ဒီကုသိုလ်လုပ်တဲ့အတွက်ကြောင့် ငါဘာအကျိုးဖြစ်မှာပဲဆိုတဲ့ ခံစားချက်တွေ ဘာမှမရှိတော့ဘူး။ ကောင်းတာတွေအကုန်လုံးလုပ်တယ်။ ဒါပေမဲ့ လုပ်ပြီးရင် ပြီးပြီ။ လုပ်လို့လဲပြီးရော အဲဒါနဲ့ပတ်သက်တဲ့ စိတ်ခံစားမှုတွေအကုန်လုံးပြီးစီးသွားတယ်။ ပစ္စုပ္ပန်အကြောင်းကို မရောက်သွားဘူးနော်။ ဒါကြောင့် နောင်သံသရာမှာ ခန္ဓာရပြီး ဆွေကွဲ၊ မျိုးကွဲ၊ သားကွဲ၊ မယားကွဲ ဖြစ်စရာအကြောင်းရှိသေးရဲ့လား...။

*"မရှိတော့ပါဘုရား"*

သောကပရိဒေဝတွေဖြစ်ပြီး မျက်ရည်ပေါက်ကြီးငယ်တွေကျပြီးသကာလ ကိုယ်ဆင့်ရဲ စိတ်ဆင်းရဲတွေ တွေ့ပါဦးမလား...။

*"မတွေ့တော့ပါဘုရား"*

ဘာလုပ်ထားပါမှလဲဆိုရင် ကံဖြတ်ထားမှ

http://www.dhammadownload.com



နော၊၊ ဒီတရားအားထုတ်တယ်ဆိုတာ ဘာဖြစ်တယ်...၊၊

*"ကံဖြစ်ပါတယ်ဘုရား"*

ဘာကံတုံး၊၊ နံပါတ်တစ်က ဘယ်ကိုသွားရမယ့် ကံကိုဖြစ်တာတဲ့လဲ...၊၊

*"အပါယ်လေးဘုံကိုသွားရမယ့် ကံကိုပါဘုရား"*

အပါယ်ဒုဂ္ဂတိကိုရောက်စေတတ်တဲ့ ကံကိုဖြစ်တာ ဟုတ်လား၊၊ ရှင်းရဲ့လား၊၊ အပါယ်လေးဘုံကိုရောက်စေတတ်တာက ဘယ်သူလဲဆိုရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာနော၊၊ မှားယွင်းပြီး လုပ်သောကံကိုပြောတာ၊၊ ပရိသတ်ကြီး... ဒီနေ့ဘာကံကိုဖြစ်နေတယ်...၊၊

*"အပါယ်လေးဘုံရောက်စေတဲ့ ကံကိုပါဘုရား"*

အပါယ်လေးပါးကိုရောက်စေတတ်တဲ့ကံ နော်၊၊ ဘာနဲ့ဖြတ်နေသလဲဆိုရင် ဝိပဿနာဉာဏ်နဲ့၊၊ ရှင်းရဲ့မဟုတ်လား၊၊ ဘာဉာဏ်နဲ့...၊၊

*"ဝိပဿနာဉာဏ်နဲ့ပါဘုရား"*

http://www.dhammadownload.com



ဒါဆို အပြောနဲ့ဖြစ်တာလား၊ ကိုယ်ပိုင်ဉာဏ်နဲ့လား...။

*"ကိုယ်ပိုင်ဉာဏ်နဲ့ပါဘုရား"*

အရေးကြီးတယ်နော။ ကိုယ်ဖြစ်တာ ကိုယ်သိဖို့လိုတယ်။ ဒီဘုန်းကြီးကလုပ်ပေးတာမဟုတ်ဘူး။ ဘယ်သူကလုပ်နေတယ်...။

*"ကိုယ်ကပါဘုရား"*

ကိုယ်ပိုင်ဉာဏ်ဖြင့် အသုံးချနေတာ။ ဒီဘုန်းကြီးကတော့ အကူအညီပေးနေတာပါ။ ဟောဒီပရိသတ်ကြီးအတွက် အကူအညီပေးနေတဲ့ မိတ်ဆွေလောက်ပဲထား ဟုတ်လား...။ ဘုရားက ကာလာမ ပုဏ္ဏားတွေကို ဟေ့...ကာလာမတွေ၊ မင်းတို့အသိဉာဏ်ရဖို့အတွက် ငါဘုရားက ပြောပြပါတယ်ကွာ။ ငါဘုရားကို မင်းတို့မိတ်ဆွေကောင်းတစ်ယောက်လို့သာ မှတ်ထားကြပါတဲ့။ ဒီကာလာမအမျိုးအနွယ်တွေလေ၊ ဘိုးစဉ်ဘောင်ဆက်က ယူထားတဲ့ အယူဝါဒတွေမှ အပြည့်ပဲ။ ပြည့်လျှံနေတာ။ တို့ရဲ့အယူအဆတွေကို ကျော်မခိုင်းနိုင်ဘူးဆိုပြီး ဖြတ်ကို

http://www.dhammadownload.com



မဖြုတ်တာ။ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကကျတော့ ဆရာသမားတွေပြောသမျှ လဲ မှန်တယ်လို့မယူဆပါနဲ့ကွာတဲ့။ ထပ်ဆင့် ပြောမယ်။ ငါဘုရားပြောတိုင်းလဲ မင်းတို့ အရမ်း မယုံနဲ့တဲ့။ ဘုရားကပြောပြီ။ ဘယ်သူပြောတိုင်း လဲ အရမ်းမယုံနဲ့...။

*"ဘုရားပြောတိုင်းလဲ အရမ်းမယုံနဲ့ပါဘုရား"*

ဆက်ပြောတယ်နော်။ သို့သော်တဲ့...မင်း တို့ခန္ဓာမှာရှိတဲ့တရားနဲ့ ငါဘုရားပြောပြတဲ့ တရားကို ဉာဏ်နဲ့ညှိနှိုင်းပြီးမှ ဟုတ်မှယုံပါ တဲ့။ ဘယ်လိုပြောတယ်။ ခန္ဓာဖြစ်စဉ်တရားကို ဉာဏ်တရားနဲ့ သုံးသပ်ကြည့်တဲ့အခါ ဘုရား ရှင် ဟောတာနဲ့ တစ်ထပ်တည်းသွားကျတော့မှ မှန်လိုက်လေ မှန်လိုက်လေနဲ့ တကယ်လက်ခံ တဲ့အခါမှ ခေါင်းတညိတ်ညိတ်နဲ့ ယုံကြစမ်းပါ တဲ့။ အဓိက,က မင်းတို့ ဟောဒီတရားလေးကို နှလုံး သွင်းကြည့်ကြစမ်းပါတဲ့။ ဘယ်မှာနှလုံး, သွင်းရမလဲဆိုရင် ခန္ဓာပေါ်မှာနော်။ ဘယ်ပေါ် မှာတဲ့လဲ။

http://www.dhammadownload.com



*"ခန္ဓာပေါ်မှာပါဘုရား"*

ပရိသတ်များ ဘာနဲ့ကြည့်ရမယ်...။

*"ဉာဏ်နဲ့ကြည့်ရပါမယ်ဘုရား"*

ကိုယ်ပိုင်ဉာဏ်ကလေးနဲ့ သုံးသပ်ပွားများအားထုတ်ကြည့်တဲ့အခါမှာကျတော့ ဟော... ခန္ဓာရဲ့လမ်းစဉ်က ငြိမ်နေသလား၊ ဖောက်ပြန်နေသလား...။

*"ဖောက်ပြန်နေပါတယ်ဘုရား"*

ချမ်းသာနေသလား၊ ဆင်းရဲနေသလား...။

*"ဆင်းရဲနေပါတယ်ဘုရား"*

မြဲကောမြဲရဲ့လား...။

"မမြဲပါဘုရား"

ကိုယ်ဖြစ်စေချင်သလို ဖြစ်ရဲ့လား...။

*"မဖြစ်ပါဘုရား"*

ဟော... ဘုရားရှင်က ဉာဏ်တွေအကုန်မြှင့်ထားပေးတာ။ တို့ ဟိုတုန်းက ယူထားတာ မှားပါပေါ့လားလို့ မသိဘူးလား...။

*"သိပါတယ်ဘုရား"*

အမှားပျောက်တော့ ဘာရောက်တယ်...။

http://www.dhammadownload.com



*"အမှန်ရောက်ပါတယ်ဘုရား"*

မင်းတို့ ဟောဒီခန္ဓာကိုယ်ရတာ တာဝရဘုရားက ဖန်ဆင်းပေးတာလို့ မထင်ပါနဲ့ကွာတဲ့။ ပြီးတော့ မင်းတို့ မိဘနှစ်ပါးကြောင့် ရတာလို့လဲ မထင်ပါနဲ့ကွာတဲ့။ ဟုတ်ကဲ့လား။ ငါဘုရားက ဖန်ဆင်းပေးတာလဲမဟုတ်ပါဘူးတဲ့။ ဒါဆိုရင် ဒီခန္ဓာကိုယ်ကြီးသည် ဘာကြောင့်ရတာလဲ ပရိသတ်...။

*"ကံကြောင့်ပါဘုရား"*

ကံသည် ကံကြောင့်ရတယ်နော်။ ဓာတ်သည် ဓာတ်ကြောင့်ဖြစ်တယ်။ ရှင်းရဲ့လား...။ ဒါကြောင့် တရားအားထုတ်တယ်၊ တရားအားထုတ်တယ်ဆိုတာ သံသရာကိုဖြတ်နေတာနော်။ ဘာလုပ်နေပါလိမ့်...။

*"ဖြတ်နေပါတယ်ဘုရား"*

သက်သာခွင့်ရအောင် ကြိုးစားနေတာနော်။ ဒီလိုကြိုးစားတဲ့နေရာမှာ ဒုက္ခလေးကိုတော့ မစဉ်းစားပါနဲ့။ ဟုတ်လား။ ခန္ဓာဟာ သိပ်ဆိုးတယ်နော်။ ဘုန်းကြီးက အားပေးတယ်။ ဒကာ,

http://www.dhammadownload.com



ဒကာမတွေ ကြိုးစားပါ၊ ကြိုးစားဖို့အချိန်ရနေတယ်နော်။ ဒီအချိန်မှာ သည်းခံခြင်းတရားနဲ့ ကြိုးစားလိုက်စမ်းပါ။ ဘယ်သူ့ကို ဒွန်တွဲနေရမလဲဆိုရင် သည်းခံခြင်းနဲ့ ဉာဏ်ကလေးကို အသုံးချပြီး သတိ၊ ဝီရိယနဲ့ အဖော်လုပ်ပါ။ ဘယ်လိုလုပ်ရမလဲဆိုရင် ခန္ဓာအပေါ်မှာ သတိလေးထောက်၊ ဝီရိယလေးနဲ့စိုက်ပြီးတော့ ဉာဏ်ကလေးနဲ့ အဖော်လုပ်ရမယ်။ ပရိသတ်ကြီး... ဘယ်သူ့ကိုအဖော်လုပ်ရမယ်...။

*"ဉာဏ်ကိုပါဘုရား"*

ဘုန်းကြီး ခဏခဏပြောနေပါတယ်။ ဩဝါဒတွေ ပေးနေပါတယ်။ ခန္ဓာကို ဉာဏ်နဲ့ အဖော်လုပ်ပါ။ ဟုတ်လား။ တဏှာကိုအဖော်မလုပ်နဲ့။ သဒ္ဓါနဲ့ ပညာကို အဖော်လုပ်ကြတဲ့။ ဘုရားကလေ။ ဘာနဲ့ဘာတဲ့လဲ...။

*"သဒ္ဓါနဲ့ ပညာပါဘုရား"*

သဒ္ဓါတရားနဲ့ ပညာကို အဖော်လုပ်ပါတဲ့။ တဏှာကို အဖော်မလုပ်ကြနဲ့။ တဏှာကို အဖော်လုပ်လာခဲ့ကြလို့ ခုဘဝတိုင်တိုင် ဒီလို

http://www.dhammadownload.com



ဖြစ်နေရတာ။ ရှင်းတယ်မဟုတ်လား ပရိသတ်ကြီး။ ဘယ်သူ့ကို အဖော်မလုပ်နဲ့...။

*"တဏှာကိုပါဘုရား"*

ခန္ဓာကိုယ်က ဝေဒနာပေါ်လို့ရှိရင် ရွေ့ချင်တယ်၊ ပြောင်းချင်တယ်၊ လှုပ်ချင်တယ်။ အဲဒါ ဘယ်သူနဲ့ အဖော်လုပ်နေတာ...

*"တဏှာနဲ့ပါဘုရား"*

ဘုရားက ဘယ်သူနဲ့အဖော်လုပ်ခိုင်းတယ်။

*"ဉာဏ်နဲ့ပါဘုရား"*

ဉာဏ်နဲ့နော်။ ယောဂီတို့က ဘယ်သူနဲ့ အဖော်လုပ်လာခဲ့ကြတယ်။ တစ်သံသရာလုံးကလေ...။

*"တဏှာနဲ့ပါဘုရား"*

ခု ဒီနေ့ကျတော့ ဘာနဲ့အဖော်လုပ်ကြသလဲ ဆိုရင် ဉာဏ်နဲ့အဖော်လုပ်တဲ့လူတွေ များကြပါတယ်။ ရှင်းတယ်မဟုတ်လား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြောတယ်။ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံဖြစ်တာ တစ်ခါတည်းလား၊ အဖန်ဖန်လား...။

http://www.dhammadownload.com



*"အဖန်ဖန်ပါဘုရား"*

ဖြဟ္မာ,သိကြား...စသည်များက ထင်ရှား ပြုပြင် စီရင်ဖန်ဆင်း အကြောင်းရင်းကြောင့် လူ,နတ်များစွာ သတ္တဝါတို့ဖြစ်လာရမှုမဟုတ် ဟု ဉာဏ်ဖြင့်ရှု၍မျှော်ဆိုတော့ ပရိသတ်ကြီး... ဘာနဲ့ရှု၍မျှော်ရမှာတဲ့လဲ...။

"ဉာဏ်နဲ့ရှု၍ပါဘုရား"

ဒါ နိဗ္ဗာန်သွားရာလမ်း မြေပုံစပြတာ။ ရှင်း တယ်နော်။ ဘယ်ကိုသွားရာလမ်းတဲ့လဲ...။

*"နိဗ္ဗာန်ကိုသွားရာလမ်းပါဘုရား"*

ဘာနဲ့ရှုရမှာတဲ့လဲ...။

*"ဉာဏ်နဲ့ရှုရမှာပါဘုရား"*

ဉာဏ်နဲ့ကြည့်ပါ။ ကံနဲ့မကြည့်ပါနဲ့တဲ့။ ကံနဲ့ကြည့်လာလိုက်တဲ့ ဘဝတွေက တစ်ဘဝ လုံးလား၊ တစ်သံသရာလုံးလား...။

*"တစ်သံသရာလုံးပါဘုရား"*

ဘာမျက်လုံးတပ်ပြီးတော့ နေလာခဲ့ကြသလဲ ဆိုရင် ကံမျက်လုံးနော်။ ကံမျက်လုံးဆိုတာ ယခုရှိနေတဲ့ ဒီမျက်လုံးကိုပြောတာ။ ဝိပဿနာ

http://www.dhammadownload.com



တရား အားထုတ်တယ်ဆိုတာ ဘာပြောင်းတဲ့ အလုပ်တဲ့လဲ...။

*"မျက်လုံးပြောင်းတဲ့အလုပ်ပါဘုရား"*

ပုထုဇဉ်မျက်လုံးမှ အရိယာမျက်လုံး တပ်ကြည့်ခိုင်တာ။ ပုထုဇဉ်စိတ်ဓာတ်မှ အရိယာစိတ်ဓာတ်ဖြစ်အောင် မျက်လုံးပြောင်းတပ်ကြစမ်းပါတဲ့။ ခန္ဓာကတော့ ဒီအတိုင်းပဲနော်။ ခန္ဓာကတော့ ခန္ဓာငါးပါးပါပဲ။ သို့သော် ပရိသတ်အပေါင်း သူတော်ကောင်းများ တရားကိန်းတယ်၊ တရားကိန်းတယ်ဆိုတာ ရုပ်မှာကိန်းတာလား၊ နာမ်မှာကိန်းတာလား...။

*"နာမ်မှာကိန်းတာပါဘုရား"*

နာမ်တည်းဟူသော ဟဒယဝတ္ထုနှလုံးသားထဲမှာ ဉာဏ်လေးကိန်းသွားတာနော်။ ဪ...တကယ့်ကို ဘုရားဟောထားတာ မှန်လိုက်တာ၊ မှန်လိုက်တာ။ ဘုရားရှင်နဲ့ ရှေးအရိယာသူတော်ကောင်းများ ရတော်မူသွားတာ ဒါကိုပြောတာပါလားလို့ တစ်လောကလုံးမှာ ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းပြီး ရုပ် နာမ် ဓမ္မ သင်္ခါရ

http://www.dhammadownload.com



တရားတွေပဲရှိပါလား။ ဒါတွေဟာလဲ ဖြစ်ပြီး တော့ ပျက်စီးနေပါပေါ့လားလို့ ဘာနဲ့မြင်နေ တာလဲ ပရိသတ်...။

*"ဉာဏ်နဲ့မြင်နေတာပါဘုရား"*

ဉာဏ်နဲ့မြင်နေတာ။ ပါးစပ်နဲ့မြင်ရမှာလား၊ ဉာဏ်နဲ့လား...။

*"ဉာဏ်နဲ့ပါဘုရား"*

အရေးကြီးတယ်နော။ ဘာနဲ့ဘာကိုလဲဆို ရင် ရုပ်တရားနဲ့ နာမ်တရားကိုနော်။ ရုပ်နာမ် တရားတို့သည် ခိုင်မြဲခြင်းရှိ,မရှိ...။

*"မရှိပါဘုရား"*

စက္ကန့်တိုင်း စက္ကန့်တိုင်း ဖြစ်ပြီးတော့ ဘာ တဲ့လဲ...။

*"ပျက်စီးနေပါတယ်ဘုရား"*

ဖြစ်ပျက်က ဘာသစ္စာ...

*"ဒုက္ခသစ္စာပါဘုရား"*

သိတဲ့ဉာဏ်က ဘာသစ္စာ...။

*"မဂ္ဂသစ္စာပါဘုရား"*

ဩော်...ဒုက္ခသစ္စာမှာ ဘာသစ္စာကိန်းဖို့

http://www.dhammadownload.com



လိုတယ်...။

*"မဂ္ဂသစ္စာပါဘုရား"*

ဒါမှ ဉာဏ်ဖြင့်ရှု၍မျှော်ဆိုတာ ဒါကိုပြောတာ။ ရှင်းတယ်နော။ ဒုက္ခသစ္စာမှ ဘာသစ္စာသို့...

*"မဂ္ဂသစ္စာသို့ပါဘုရား"*

ဘာပြောင်းတဲ့လမ်းစဉ်လဲ...။

*"မျက်လုံးပြောင်းတဲ့လမ်းစဉ်ပါဘုရား"*

မျက်လုံးပြောင်းတဲ့လမ်းစဉ် ဟုတ်လား။ အေး...သံသရာလောကမှာ ပရိသတ်များ လည်လမ်းနဲ့ ထွက်လမ်း ဘယ်လမ်းလို များများကြိုးစားခဲ့ပါလိမ့်...။

*"လည်လမ်းပါဘုရား"*

လည်လမ်းချည်းပါပဲ။ ဒီဘုန်ကြီးကို မေးကြည့်ပါဦး။ အတူတူပဲဟုတ်လား။ သံသရာလောကမှာ လျှောက်လာခဲ့တဲ့ဘဝတွေက အနည်းလား၊ အများကြီးလား...။

*"အများကြီးပါဘုရား"*

လည်လမ်းတွေလျှောက်လာခဲ့တာနော်။ ဘယ်

http://www.dhammadownload.com



ကိုလည်အောင်တဲ့လဲဆိုရင် သုံးဆယ့်တစ်ဘုံ လည်အောင်နေ၁်။

"သုံးဆယ့်တစ်ဘုံ၊ သရက်အုံနှယ်၊ မြူး ခုန်ပျော်ပါး၊ ဝေနေများတို့၊ နုထွားစင်စစ်၊ လူ သည်ခေတ်က၊ ပြောင်းပျစ်ရန်ပျို၊ အသရေတိုး ၍၊ ဝတ်မျိုးဆင်နွှယ်၊ အသွယ်သွယ်နဲ့၊ ခြယ် လှယ်မွမ်းမံ၊ နံ့သာကျံလျက်၊ ဟန်တပပ၊ မာန် မကျဘဲ၊ ဝသည်ဖြိုးသည်၊ နုပျိုသည်ဟု၊ ရုပ် ရည်ထွားဖြူ၊ ပျော်ရွှင်မှုနဲ့၊ အတုအပိုင်၊ သံ မနိုင်သည် သံသရာထဲ တဝဲလည်"တဲ့။

ဘယ်မှာလည်နေရလဲ...။

*"သံသရာထဲမှာပါဘုရား"*

သံသရာလောက တစ်လျှောက်လုံး တစ် လျှောက်လုံးမှာ လည်ပြီးရင်း လည်နေရတာ ဒကာ,ဒကာမတွေ ခန္ဓာကိုယ်ကြီးကို အမှန်မြင် လို့လား၊ အမှားမြင်လို့လား...။

*"အမှားမြင်လို့ပါဘုရား"*

"အမှန်မလွတ်၊ အမှားသိမြင်၊ အဝိဇ္ဇာလုံး၊ ကောင်းမှုမျိုးတင်"ဟုတ်လား။ ဘယ်သူက

http://www.dhammadownload.com



ကောင်းတယ်လို့ထင်နေသလဲဆိုရင် အဝိဇ္ဇာက ကောင်းတယ်လို့ထင်နေတာ။ ခန္ဓာကိုယ်ထဲကို အဝိဇ္ဇာရောက်ပြီဆိုတာနဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်ရတာ မတင့်တယ်ဘူးလား...။

*"တင့်တယ်ပါတယ်ဘုရား"*

နေရတဲ့ဘဝလေးကို သိပ်ပြီးတော့ မတပ်မက်နေဘူလား...။

*"တပ်မက်နေပါတယ်ဘုရား"*

အေး...ဘဝခန္ဓာကိုယ်ကြီးကို နေရတာ သဘောကျတယ်။ ငါ တိုက်ပေါ်ထပ်မှာနေရတာပဲ၊ ငါဓိမ်ခံကားကြီး စီးနိုင်တာပဲလို့ မသာယာဘူးလား...။

*"သာယာပါတယ်ဘုရား"*

ဘယ်အာရုံရှိတဲ့အခါ သာယာနေတာတုံ့လဲ...။

*"အဝိဇ္ဇာရှိတဲ့အခါပါဘုရား"*

အဝိဇ္ဇာမှ ဝိဇ္ဇာဉာဏ်မျက်လုံးကို တပ်မကြည့်တဲ့အခါကျတော့ ဘယ်လိုမြင်နေတယ်...။

"ကောင်းတယ်လို့ မြင်နေပါတယ်ဘုရား"

http://www.dhammadownload.com



ဘုန်းကြီးတို့၊ ဒကာ,ဒကာမတို့ သန္တာန်ထဲမှာ သူတော်ကောင်းဓာတ် မကိန်းသေးရင် ခန္ဓာကိုယ်ကြီးကို ဘယ်လိုမြင်မယ်...။

*"တင့်တယ်တယ်လို့ မြင်ပါတယ်ဘုရား"*

သာယာတတ်တယ်နော်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မကိန်းသေးသမျှ ကာလပတ်လုံး တိုက်ကြီးတာကြီးတွေနဲ့ ကောင်းကောင်းဝတ်ပြီး ကောင်းကောင်းစားနေရရင် သာယာတယ်နော။ အနှစ်မရှိတဲ့နေရာမှာ တွယ်တာကပ်ငြိတတ်တယ် ဟုတ်လား။ ဘုရားကိုယ်တော်မြတ်ကြီးက ဘာကိုရှာခိုင်းသလဲ သူတော်ကောင်းတို့ရေ။ တစ်လံမျှလောက်ရှိတဲ့ ဟောဒီခန္ဓာကိုယ်ထဲမှာ ဘာမျက်လုံးနဲ့ရှာရင် တွေ့နိုင်တာတဲ့လဲ...။

*"ဉာဏ်မျက်လုံးနဲ့ပါဘုရား"*

ပရိသတ်ကြီးရေ...ဉာဏ်လေးနဲ့ရှာမယ်ဆိုတော့ ယောဂီသူတော်ကောင်းတို့ ယခု မရှာနေဘူးလား...။

*"ရှာနေပါတယ်ဘုရား"*

ဘယ်သူကမြင်နေတယ်…။

*"ဉာဏ်ကပါဘုရား"*

အဲသလို ရုပ်ရဲ့ဖောက်ပြန်မှုကို နာမ်တရား ဆိုတဲ့ ဉာဏ်ကလေးက မြင်လိုက်တဲ့အခါကျ တော့ ဩော်…တို့ခန္ဓာကိုယ်ထဲမှာ ရုပ်တရား နာမ်တရားတို့ဟာ စက္ကန့်တိုင်း စက္ကန့်တိုင် ဖြစ်ပြီး ပျက်စီးနေပါပေါ့လားလို့ ဘယ်သူက မြင်တယ်…။

*"ဉာဏ်ကပါဘုရား"*

နာမ်တည်းဟူသော ဉာဏ်ကမြင်တာ။ ဘာကို ဉာဏ်နဲ့မြင်သလဲဆိုရင် ရုပ်နာမ်သဘာဝ တရားကို နာမ်ကမြင်တာ။ သင်္ခါရေဝ သင်္ခါရံတိ ဝိပဿတိကို ကိုးကားပြောတာ။ သင်္ခါရတရား ကို သင်္ခါရတရားက မြင်တယ်။ ရှေ့စိတ်ချုပ် တာကို နောက်စိတ်ကမြင်တယ်။ ရှေ့ဉာဏ်နဲ့ နောက်ဉာဏ်၊ ရှေ့သမာဓိနဲ့ နောက်သမာဓိ၊ ရှေ့ဖြစ်စဉ်နဲ့ နောက်ဖြစ်စဉ် ဘယ်သူကမြင်နေ သလဲ…။

*"ဉာဏ်ကပါဘုရား"*

http://www.dhammadownload.com



ဉာဏ်နော်။ အေး...ခန္ဓာဖြစ်စဉ်တွေဟာ စက္ကန့်တိုင်း စက္ကန့်တိုင်း တဒိုင်းဒိုင်းဖြစ်ပေါ်ပြီး ပျက်စီးနေတာကို ဉာဏ်ကမြင်နေတာနော်။ ဪ...ဒါကြောင့် ဒကာ,ဒကာမတွေ ဘုရားက ဘယ်သူနဲ့အဖော်လုပ်ခိုင်းတယ်...။

*"ဉာဏ်နဲ့ပါဘုရား"*

ဉာဏ်ကို အဖော်လုပ်ပါတဲ့။ တဏှာကို အဖော်မလုပ်နဲ့ ဟုတ်လား။ ဒီတဏှာအာရုံတွေ လက်ခံလာလို့ တစ်သံသရာလုံးမှာ အရိုးတွေ တောင်လိုပုံခဲ့ကြပြီးပြီလို့ ဝိပဿနာဉာဏ်နဲ့ ဆင်ခြင်တော့မှ သိကြရတာနော။ အရင်ကသိခဲ့ရဲ့လား...။

*"မသိခဲ့ပါဘုရား"*

ဪ...ဒါဟာ ခန္ဓာဖြစ်စဉ်သဘာဝတွေပါလားလို့ ဝိပဿနာဉာဏ်လေးနဲ့ သုံးသပ်ဆင်ခြင်နေသောအချိန်မှာ ပရိသတ်တွေ ငါဝင်ပါ့မလား...။

*"မဝင်ပါဘုရား"*

တဏှာဝင်ပါ့မလား...။

http://www.dhammadownload.com



*"မဝင်ပါဘုရား"*

ဘယ်သူရှိနေလို့လဲဆိုရင် ဉာဏ်ရှိနေလို့နော်။ ဉာဏ်နဲ့ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းဟာ ဩော်...ခန္ဓာကိုယ်ကြီးဟာ တယ်ဆိုးပါကလား၊ ငါက အရင်က ဟုတ်လှပြီလို့ ထင်ခဲ့တာဟာ ဒီနေ့ ဘာတစ်ခုမှ အထင်ကြီးစရာမရှိပါလားလို့ မရှိတာကို မရှိလို့မြင်တဲ့ အချိန်သည် ပရိသတ်များ ဘာဉာဏ်ဆိုက်တယ်...။

*"ဝိပဿနာဉာဏ်ပါဘုရား"*

ဝိပဿနာဉာဏ်နော်။ လောကီဝိပဿနာမဂ် ဆိုက်နေတာ။ အဲဒီလောကီဝိပဿနာမဂ်ကနေ ရှုမှတ်ဖန်များလာတဲ့ခါကျတော့ လောကုတ္တရာမဂ်ဆိုက်ပြီးတော့ သံသရာစခန်းရပ်တယ်။ မရပ်ဘူးလား...။

*"ရပ်ပါတယ်ဘုရား"*

အပါယ်သံသရာရပ်တယ်။ အပါယ်တံခါးပိတ်တယ်ဗျာ။ ဘာနဲ့ပိတ်တာလဲဆိုရင် ဉာဏ်နဲ့ပိတ်တာနော်။ ဒါကြောင့် ဘုရားကိုယ်တော်

http://www.dhammadownload.com



မြတ်ကြီးက ဘာနဲ့အဖော်လုပ်ခိုင်းတာ...။

*"ဉာဏ်နဲ့ပါဘုရား"*

ဘယ်သူနဲ့ပေါင်းလာခဲ့လို့ ဒီလိုဒုက္ခရောက်ရသလဲမေးရင် အဝိဇ္ဇာနဲ့နော်။ အဝိဇ္ဇာနဲ့ တဏှာ အရင်းခံ ဥပါဒါန်ကံကြောင့် ရုပ်နာမ်ပေါ်။ ထပ်ဆင့်ပြောတာနော်။ အပင်မှမျိုး, မျိုးမှအပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်။ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်းအလျော်၊ ...ဉာဏ်ဖြင့်ရှု၍မျှော်"တဲ့။ ဒါကြောင့် တို့ယောဂီများ ဉာဏ်လေးနဲ့ရှုပြီး မျှော်ပါ။ နိဗ္ဗာန်ကိုသွားဖို့အတွက် မြေပုံမပျောက်စေနဲ့နော်။ ပျောက်သွားလို့ရှိရင် ငါးပါးမှောက်ပြီဗျာ။ ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဟို ကဿပမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံသွားပြီးတဲ့နောက်ပိုင်းကတည်းက နိဗ္ဗာန်သွားရာလမ်းကို တီထွင်လာလိုက်ခဲ့တာ၊ ဘယ်နှစ်,နှစ်တီထွင်ရသလဲဆိုလို့ရှိရင် ၅ နှစ်ကျော် ၆ နှစ်နော်။ ဒီလမ်းကိုထွင်ဖို့အတွက် ဖြည့်ကျင့်လာတဲ့ ပါရမီ

http://www.dhammadownload.com



က လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းနော်။ ဒီလူတွေကို သိစေချင်လို့ ကြိုးစားလာခဲ့လိုက်တာ၊ အားထုတ်လိုက်တာ၊ လက်သုံးတော်သန်လျက်ကိုစွဲကိုင်လို့ နန်းမသုံးဆောင်ကို စွန့်ပြီးလာခဲ့လိုက်တာ အနော်မာသောင်ကိုနော်။ အနော်မာသောင်မှာ ကျောက်တောင်လေးတစ်လုံးရှိတယ်။ အဲဒီမှာထိုင်ပြီး ဆံတော်ကို ကိုယ်တော်တိုင်ပယ်တာဟုတ်လား။ ဆံတော်ကိုပယ်ပြီး ကောင်းကင်ယံကို မြှောက်တင်လိုက်တာ ပြီးရင် အဓိဋ္ဌာန်ယူလိုက်တယ်။ ငါသည် တကယ်လို့ ဘုရားဖြစ်မယ်ဆိုရင် ဆံပင်သည် အောက်ကို ကျမလာပါစေနဲ့ဆိုပြီးတော့ အဓိဋ္ဌာန်လိုက်တာနဲ့ဆံပင်တွေ အောက်ကိုကျရဲ့လား...။

*"မကျပါဘုရား"*

မကျဘဲနဲ့ သိကြားမင်းက ဖမ်းထားတာ။ ပြီးရင် စေတီတည်ထားတာမဟုတ်လား။ အေး... ပရိသတ်များ ပုဂ္ဂိုလ်ထူးတာကိုးနော်။ အဲဒီတော့ ၆ နှစ်ကျင့်သုံးလိုက်လို့ ဘုရားဖြစ်တဲ့အခါမှ ဒါဟာ မြေပုံပဲဆိုပြီးတော့ ဒီဒကာ,ဒကာမတွေ

http://www.dhammadownload.com



အတွက် လမ်းမညွှန်ခဲ့ဘူးလား...။

*"ညွှန်ခဲ့ပါတယ်ဘုရား"*

သူကိုယ်တိုင်ကတော့ မြေပုံကိုရှာခဲ့လိုက်ရတာနော်။ ငါဘုရား ပရိနိဗ္ဗာန်စံသွားသော်လည်း ဒီမြေပုံအတိုင်းလျှောက်ပြီး ငါ့သား,ငါ့သမီးတွေ လိုက်လာကြကွယ်တို့။ မေ့မနေကြနဲ့။ ဒါတွေကို ကြည့်ဖြစ်အောင် ကြည့်ကြလို့ ဘုရားက မမှာဘူးလား...။

*"မှာပါတယ်ဘုရား"*

"အပ္ပမာဒေနသမ္ပာဒေထ"ဆိုတာ ဒီစကားလုံးကိုပြောတာ။ မမေ့ကြနဲ့ကွယ်တို့။ ဒါလေးမေ့သွားလို့ရှိရင် တစ်သံသရာလုံး ဒုက္ခရောက်မယ်ဆိုပြီး ဟတ်လား။ တစ်ဘဝလား၊ တစ်သံသရာလုံးလား...။

*"တစ်သံသရာလုံးပါဘုရား"*

အဲလိုဒုက္ခတွေဖြစ်မှာကိုစိုးရိမ်လို့နော်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင်နဲ့ သတ္တဝါတွေအားလုံး အရိုးတွေတောင်လိုပုံခဲ့တာ မြင်တော်မူခဲ့လို့။ ဩော်...ငါ့ရဲ့သားတော်,

http://www.dhammadownload.com



သမီးတော်များကို သနားကရုဏာ၊ မဟာကရုဏာကြီးတော်မူလွန်းလို့ မင်းတို့ ဘာကိုကြည့်ပြီး လိုက်လာကြလို့ မှာပါလိမ့်...။

*"မြေပုံကြည့်ပြီးတော့ပါဘုရား"*

ဒီပဋိစ္စသမုပ္ပါဒ်ဖြစ်တဲ့ စက်ဝိုင်းမြေပုံကို ဉာဏ်ကလေးနဲ့ကြည့်ပြီးတော့နော်။ ဉာဏ်နဲ့ကြည့်တဲ့အခါကျတော့ ခန္ဓာကိုယ်ကြီးကို ဘာသစ္စာလို့ သဘောပေါက်လာမယ်...။

*"ဒုက္ခသစ္စာလို့ပါဘုရား"*

ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သဘောပေါက်လာတဲ့အခါကျတော့ ဒီဒုက္ခကို ပေးစေတတ်တဲ့ ဘာသစ္စာကိုပယ်စွန့်တတ်လာမယ်...။

*"သမုဒယသစ္စာကိုပါဘုရား"*

ဘာသစ္စာနဲ့ ပွားများလို့တဲ့လဲ...။

*"မဂ္ဂသစ္စာနဲ့ ပွားလို့ပါဘုရား"*

ဘာသစ္စာဆိုက်မယ်...။

*"နိရောဓသစ္စာဆိုက်ပါမယ်ဘုရား"*

ယခုကြည့်လေ တရားအားထုတ်နေတဲ့ ယောဂီများဟာ ခန္ဓာကိုယ်ရဲ့ ဖြစ်သဘောလေး

http://www.dhammadownload.com



တွေ၊ ပျက်သဘောလေးတွေ မြင်နေ,တွေ့နေရတဲ့အခါ ခန္ဓာကိုယ်ရဲ့ တမွမွ တရွရွ လှုပ်ရှားနေတာလေးတွေ၊ ပြောင်းလဲနေတာလေးတွေ၊ ဒါတွေကို အာနာပါနအခြေခံထားပြီး ရှုပွားနေတဲ့အခါ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တွေ...စတဲ့ တစ်ထောင့်ငါးရာ ကိလေသာတရားတွေ တဒင်္ဂချုပ်ငြိမ်းပြီး တဒင်္ဂနိရောဓသစ္စာမဆိုက်နေဘူးလား...။

*"ဆိုက်နေပါတယ်ဘုရား"*

ကိလေသာတွေ မချုပ်ငြိမ်းနေဘူးလား...။

*"ချုပ်ငြိမ်းနေပါတယ်ဘုရား"*

ချုပ်ငြိမ်းနေတယ်ဆိုကတည်းကိုက ချမ်းသာနေတာလား၊ ဆင်းရဲနေတာလား...။

*"ချမ်းသာနေတာပါဘုရား"*

သို့သော် ဝေဒနာတွေပေါ်တယ်ဘုရား၊ ဝေဒနာတွေပေါ်တော့ တပည့်တော်တို့ ဘယ်ချမ်းသာနိုင်ပါ့မလဲလို့ ပြောစရာရှိတယ်။ ဝေဒနာပေါ်လို့ ဆင်းရဲခြင်းသည် အဲဒါ တကယ့်ဆင်းရဲခြင်း မဟုတ်ဘူးနော်။

http://www.dhammadownload.com



"တင်ပါ့ဘုရား"

ကိလေသာအာရုံကိုဖက်ပြီး ဆင်းရဲခြင်းနဲ့ ဝေဒနာအာရုံကိုဖက်ပြီး ဆင်းရဲခြင်းက တူပါ့မလား...။

"မတူပါဘုရား"

မတူဘူးနော်။ ဝေဒနာအာရုံက သမာဓိအားမကောင်းသေးခင်တော့ ဝေဒနာရဲ့သဘောဟာ မပေါ်လွင်သေးလို့ ဝေဒနာခံစားနေရတယ်လို့ ထင်တာ ဟုတ်လား။ ဝေဒနာရဲ့သဘောကို ပြောရမယ်ဆိုရင် သမာဓိအားမကောင်းသေးခင်မှာ ဝေဒနာဖြစ်နေတယ်ဆိုတာက ဝေဒနာဟာ နာနေတယ်ဆိုပါစို့။ ဒုက္ခဝေဒနာပေါ့။ သမာဓိအားမကောင်းသေးခင်မှာတော့ နာတာတစ်ခုပဲသိနေသေးတယ်။ အဲဒီအချိန်မှာတော့ နာတာကို ဆင်းရဲတယ်လို့ ထင်နေတတ်သေးတယ်။ ဆင်းရဲတာလဲ အမှန်ပါပဲ။ သို့သော်တဲ့...ဒီနာနေတဲ့ဒုက္ခဝေဒနာကို ဆင်းရဲတယ်လို့ ယူဆထားရင် သာယာစရာကောင်းတဲ့ သုခဝေဒနာကို ဆင်းရဲတယ်လို့ လက်ခံနိုင်ကြမှာ

http://www.dhammadownload.com



မဟုတ်ဘူး။ ဒါဆိုရင် ကဲ…ချမ်းချမ်းသာသာ မှတ်နေရတဲ့အချိန်မှာ ခန္ဓာကိုယ်ကြီးဟာ သုခလို့ ခေါ်လို့ရနိုင်ပါ့မလား…။

*“မရနိုင်ပါဘုရား”*

ဘာကြောင့်လဲဆိုတော့ ဒကာ,ဒကာမတွေနားလည်ထားဖို့က ဆိုးတဲ့ဒုက္ခဝေဒနာပဲဖြစ်ဖြစ်၊ ကောင်းတဲ့သုခဝေဒနာပဲဖြစ်ဖြစ်၊ စိတ်ဆင်းရဲတဲ့ ဒေါမနဿဝေဒနာပဲဖြစ်ဖြစ်၊ စိတ်ချမ်းသာတဲ့ သောမနဿဝေဒနာပဲဖြစ်ဖြစ်၊ ကောင်းသည်လိုလို ဆိုးသည်လိုလိုဖြစ်တတ်တဲ့ ဥပေက္ခာဝေဒနာပဲဖြစ်ဖြစ် သမာဓိအားမကောင်းသေးခင်သာ ဝေဒနာရဲ့သဘောလက္ခဏာ မထင်ရှားဘဲ တစ်ပြင်တည်း အကြာကြီးပဲလို့ ထင်နေတတ်သေးတယ်။ ဝိပဿနာဉာဏ် ရှုအားကောင်းတဲ့ သမာဓိတိုးပွားခွင့်ရတဲ့ ယောဂီများဆိုရင်တော့ ဒီဝေဒနာငါးမျိုးစလုံးဟာ ဘယ်ဝေဒနာပဲပေါ်ပေါ် ဝေဒနာရဲ့ သဘောလက္ခဏာလေးကို ထိုးထွင်းပြီးမြင်လာနိုင်တယ်။ ဝေဒနာရဲ့သဘောဆိုတာက စူးစိုက်ပြီးရှုမှတ်နိုင်တဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com



အဖို့ ဝေဒနာသည် မပြဲဘဲ တဖျတ်ဖျတ် တလှုပ်လှုပ် တဖြုတ်ဖြုတ်နဲ့ ချုပ်ပျောက်နေတဲ့သဘော လက္ခဏာလေးကို ထိုးထွင်းပြီး မြင်သိနိုင်တဲ့ ဉာဏ်ကို ဆိုလိုတာနော်။ အဲဒီလိုမြင်နေတဲ့ ယောဂီဟာ ဝေဒနာကို **သဘော**ပဲလို့ ရှုမှတ်နိုင်တဲ့အတွက်တာကြောင့် ဝေဒနာနဲ့ဖက်ပြီး နေရပေမယ့်၊ ရုပ်ပိုင်းဆိုင်ရာက ဖောက်ပြန်ပြောင်းလဲနေပေမယ့် စိတ်ပိုင်းဆိုင်ရာ ဉာဏ်ပိုင်းဆိုင်ရာက ရှုမှတ်နိုင်တဲ့စွမ်းအားကြောင့် ရုပ်ဘယ်လောက်ပဲ ဖောက်ပြန်ပြောင်းလဲနေပေမယ့် စိတ်တွေ ကြည်လင်သန့်ရှင်းနေတတ်တယ်။ ဩော်... ဘယ်နေရာရှုရှု သဘောပါလား သဘောပါလားလို့ မြင်နေရင် ဒီဝေဒနာအပေါ်မှာ ဒီအရှုခံအာရုံက ဆင်းရဲခြင်းတွေ ဘယ်လောက်ပင် ပြနေငြားလည်း စိတ်တွေက ကြည်လင်သန့်ရှင်းနေမှုကြောင့် ဒီဝေဒနာနဲ့ ဖက်ပြီးနေရပေမယ့် ကိလေသာအာရုံနဲ့ဖက်ပြီး နေရတာနဲ့ မတူပါဘူးတဲ့။ ခန္ဓာရဲ့ ဖောက်ပြန်ပြောင်းလဲမှုကို သိနေတဲ့အာရုံက ဩော်...ခန္ဓာ

http://www.dhammadownload.com



ကြီး ပင်ပန်းလိုက်တာ ပင်ပန်းလိုက်တာလို့ သိနေတဲ့အာရုံက ဓမ္မအာရုံနဲ့ ရှိနေတာ။ ဘာနဲ့ နေတာ။ ဘာနဲ့နေတယ်...။

*"ဓမ္မအာရုံနဲ့ပါဘုရား"*

ဓမ္မအာရုံနဲ့နော်။ ဆင်းတော့ဆင်းရဲနေပေမယ့် ဓမ္မအာရုံနဲ့သိနေတာမို့လို့ တကယ့် စိတ်ဆင်းရဲမှုမဖြစ်တဲ့အတွက်ကြောင့် ဆင်းရဲတယ်လို့ မဆိုရပါဘူးတဲ့။

*"တင်ပါ့ဘုရား"*

ဟုတ်လား။ ခန္ဓာကိုယ်ကတော့ ဆင်းရဲခြင်းဖြစ်နေပေမယ့် စိတ်အစဉ်ကတော့ ဆင်းရဲခြင်းမှလွန်မြောက်အောင် သုံးသပ်နေတယ်။ ဩော်...မိမိစိတ်ထဲမှာ 'ဩော်...'ဆိုတဲ့ စာလုံးလေးတစ်လုံး ရောက်လာတယ်။ ဟုတ်လား။ ဩော်...ခန္ဓာကြီး ဆင်းရဲလိုက်တာ၊ ဆင်းရဲလိုက်တာ၊ ဖောက်ပြန်လိုက်တာလို့ နှလုံးသွင်းနေတဲ့စိတ်ဓာလေးသည် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အဲဒီအချိန်မှာ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ယှဉ်နေတဲ့ ကုသိုလ်ဓာ၊ ဘာ

http://www.dhammadownload.com



ကိုအကျိုးပေးမလဲဆိုရင် မဂ်ဖိုလ်နိဗ္ဗာန်။ ဟုတ်လား။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ကျေးဇူးပြုနိုင်သောစိတ် အဲဒီဒုက္ခဝေဒနာကို ရှုမှတ်ရင်နဲ့ပင်လျှင် 'ဝေဒနာနိရောဓ တဏှာနိရောဓော နိဗ္ဗာနံ' ဖြစ်သွားနိုင်တယ်။ မသက်မသာခံစားနေရတဲ့ ဒုက္ခဝေဒနာကို ရှုမှတ်နေရင်းနဲ့လဲ ဒုက္ခဝေဒနာဟာ ဖျတ်ခနဲရပ်သွားပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်ရောက်သွားနိုင်တယ်။ ဘာဖြစ်သွားသလဲဆိုရင် ရှုမှတ်ရင်းနဲ့ ဝေဒနာရဲ့ အဆုံးကို ရောက်သွားတတ်တယ်။ ဥပမာ- မဟာတိဿမထေရ်ကြီးဟာ ကျိုးနေတဲ့ ခြေထောက်ရဲ့ ဘာကိုရှုတယ်။

*"ဝေဒနာကိုပါဘုရား"*

"ဝေဒနာဟံ ဝိက္ခမ္ဘိတွာ အနိစ္စတော ပဇာနာတိ ဒုက္ခတော ပဇာနာတိ"ဒီလိုဆိုတယ်မဟုတ်လား။ ခံစားမှုဝေဒနာရဲ့ သဘောလက္ခဏာလေးကို ခွာပြီး၍ ဝေဒနာရဲ့ခံစားမှုကိုခွာ၍၊ အနိစ္စတော ပဇာနာတိ-ဝေဒနာကိုခွာ၍ အနိစ္စမြင်အောင်ရှုရတယ်။ ဘုန်းကြီးတို့ ဒကာ,ဒကာမ

http://www.dhammadownload.com



တွေ ဘာကိုစွဲ၍ ဘယ်လိုမြင်ရမယ်...။

*"ဝေဒနာကိုစွဲ၍ အနိစ္စမြင်ရပါမယ်ဘုရား"*

ဝေဒနာကိုစွဲ၍ အနိစ္စတွေ့ရမယ်။ နာနေတာကိုသိရုံနဲ့ ကိစ္စပြီးပါ့မလား...။

*"မပြီးပါဘုရား"*

ဥပမာ–ဘယ်လိုပြောမလဲဆိုရင် ခွေးကလေးတစ်ကောင်ပေါ့လေ။ ဝဲစားနေတယ်။ ဝဲစားနေတဲ့ခွေးက လက်ကလေးက ဘာလုပ်နေသလဲ...။

*"ကုတ်နေပါတယ်ဘုရား"*

အဲဒီဝဲတွေကို ကုတ်တယ်။ ဟိုကိုကုတ်၊ ဒီကိုကုတ် မကုတ်နေဘူးလား...။

*"ကုတ်နေပါတယ်ဘုရား"*

ဟိုကိုလဲကုတ်တယ်။ ဒီကိုလဲကုတ်တယ်။ နေလို့မရ ထိုင်လို့မရနဲ့ ပါးစပ်ကလဲ ဘာဖြစ်နေသလဲဆိုရင် တဂိန်ဂိန်နဲ့ အော်ဟစ်နေတာ ဟုတ်လား။ ဝဲလဲစားနေတယ်။ ကုတ်လဲကုတ်နေတယ်။ အော်လဲအော်နေတယ်။ နေကောင်းလို့အော်တာလား၊ နေလို့မကောင်းလို့ အော်

http://www.dhammadownload.com



တာလား...။

"နေမကောင်းလို့ အောင်နေတာပါဘုရား"

နေမကောင်းလို့ ခွေးကလေးဘာဖြစ်တယ်။

"အောင်နေပါတယ်ဘုရား"

အောင်တယ်။ ဘာအစားခံနေရလို့...။

"ဝဲစားခံနေရလို့ပါဘုရား"

ဝဲစားတာကို ဩော်...ဟိုကုတ်ဒီကုတ်ပေမယ့် သက်သာခွင့်ရရဲ့လား...။

"မရပါဘုရား"

သို့သော် ကုတ်နေတာကိုပင်လျှင် သက်သာသလို ကျေနပ်နေတယ်။ သို့သော် ပါးစပ်ကတော့ တဂိန်ဂိန်နဲ့ အောင်နေရတာ။ အဲဒါ ဘာအသိတဲ့လဲ...။

"ခွေးအသိပါဘုရား"

ခွေးအသိနော်။ ကျုပ်တို့ ဒကာ,ဒကာမ အပေါင်း သူတော်ကောင်းတို့ ဒီနေ့ ဝိပဿနာဆိုတဲ့တရားကို အားထုတ်ပြီနော်။ အားထုတ်တဲ့ အခါကာလလေးမှာ ခန္ဓာကိုယ်က ဖောက်ပြန်မှုလေးတွေ မပေါ်ဘူးလား...။

http://www.dhammadownload.com



*"ပေါ်ပါတယ်ဘုရား"*

ပေါ်တယ်နော်။ ပေါ်တဲ့အခါ နာတာကိုသိရုံ လောက်နဲ့ ကိစ္စပြီးပါ့မလား...။

"မပြီးပါဘုရား"

မပြီးဘူးနော်။ နာနေတယ်၊ နာတာ ကျင် တာပဲသိတယ်ဘုရား၊ တခြား ဘာမှမသိဘူးဆို ရင် အဲဒါ ဘာအသိသာကျန်သေးတယ်...။

*"ခွေးအသိပါဘုရား"*

ခွေးလဲနာတာသိတာပဲ။ ခွေးလဲနာတာပဲ။ ဂိန်ဂိန်အော်နေတာ မအော်ဘူးလား...။

*"အော်ပါတယ်ဘုရား"*

အော်တယ်ဆိုကတည်းကိုက သူက ချမ်း သာလို့လား၊ ဆင်းရဲလို့လား...။

*"ဆင်းရဲလို့ပါဘုရား"*

ကျုပ်တို့ ဒကာ,ဒကာမတွေမှာလဲ အမယ် လေး...နာလိုက်တာ နာလိုက်တာနဲ့ ဘယ်လို များဖြစ်သွားမလဲမသိ။ အမယ်လေး...ဒေါင် ဒေါင်နဲ့ ထိုင်ချိန် ခေါက်ပြန်ပြီ။ ထိုင်ရမှာတောင် ကြောက်လာတယ်။ ဟုတ်လား။ ဉာဏ်မကိန်း

http://www.dhammadownload.com



သေးတဲ့အခါလေ။ ဉာဏ်ထူးဉာဏ်မြတ် ဝိပဿနာ မင်ဂ်ဉာဏ် ဖိုလ်ဉာဏ် မကိန်းသေးတဲ့အခါ နာ တာပင်လျှင် ကြောက်စရာ။ နာရမှာပင်လျှင် ကြောက်နေတယ်။ နာတဲ့ဝေဒနာရဲ့ သဘော လက္ခဏာကို မြင်လို့လား၊ မမြင်လို့လား...။

*"မမြင်လို့ပါဘုရား"*

ဝေဒနာရဲ့သဘောလက္ခဏာလေး၊ ပြောင်း လဲနေတဲ့သဘောလက္ခဏာလေး၊ ဝေဒနာကိုခွာ ၍ အနိစ္စသဘောလက္ခဏာလေး မတွေ့သေး တဲ့အခါကျတော့ ဘယ်အသိသာကျန်သေး တယ်...။

*"ခွေးအသိပါဘုရား"*

ပြန်ပြောပါဦး...ဘာအသိတဲ့လဲ...။

*"ခွေးအသိပါဘုရား"*

ဒီဘုန်းကြီးနာမည်ပေးတာ မဟုတ်ဘူးနော်။ ကိုယ့်ဘာသာကိုယ် ပေးကြတာနော်။ ခွေးများ ဆိုလို့ရှိရင် နာတာမသိဘူးလား...။

*"သိပါတယ်ဘုရား"*

ဒါဆို တကယ်သိတာကော ဟုတ်ကဲ့လား။

http://www.dhammadownload.com



*"မဟုတ်ပါဘုရား"*

လူတွေသိတာကဆိုလို့ရှိရင် တိရစ္ဆာန်တွေ သိတာထက် သာမနေရဘူးလား...။

*"သာရပါမယ်ဘုရား"*

သာရမယ်နော။ အမယ်လေး...နာလိုက်တာ လို့ ပါးစပ်ကအော်နေရုံနဲ့ ကိစ္စပြီးပါ့မလား...။

*"မပြီးပါဘုရား"*

အဲသလို နာလိုက်တာလို့ ပါးစပ်ကအော် နေတာက ဘာအော်နေတာနဲ့တူ...။

*"ခွေးအော်တာနဲ့ တူပါတယ်ဘုရား"*

တိရစ္ဆာန်များအော်တာနဲ့ အတူတူပဲ။ လူ တွေကျတော့ အဲဒီနာကျင်ကိုက်ခဲနေတဲ့သဘော လက္ခဏာလေးတွေဟာ မြဲတဲ့တရားလား၊ မမြဲ တဲ့တရားလေလား...။

*"မမြဲတဲ့တရားပါဘုရား"*

မမြဲတဲ့တရားပဲဆိုတာ မသိရဘူးလား...။

*"သိရပါတယ်ဘုရား"*

ဒါလေးတော့ သိရမယ်နော်။ နာတာ,ကျင် တာ ကိုက်တာ ခဲတာတွေက ဝေဒနာ။ အဲဒီ

http://www.dhammadownload.com



ဝေဒနာရဲ့ သဘောလက္ခဏာလေးတွေ။ ဝေဒနာဆိုတာ ပဋိစ္စသမုပ္ပါဒ်ထဲမှာ နံပါတ် ဘယ်လောက်လဲပရိသတ်...။

*"နံပါတ်နှစ်ပါဘုရား"*

ဒကာ,ဒကာမတို့ နံပါတ်နှစ်ထဲမှာရှိတယ်နော်။ ဝေဒနာဆိုတာ ဘာသဘောတဲ့လဲဆိုရင် ခံစားတတ်တဲ့သဘော ဟုတ်လား။ အဲဒီခံစားတတ်တဲ့သဘောတရားဟာ ကာလနဲ့မေးလို့ရှိရင် ဘယ်ကာလရောက်နေတယ်...။

*"ပစ္စုပ္ပန်ကာလပါဘုရား"*

ပစ္စုပ္ပန်ကာလနော်။ နံပါတ်နဲ့မေးရင် နှစ်နော်။ သစ္စာနဲ့ပြောလို့ရှိရင် ဘာသစ္စာတဲ့လဲ...။

*"ဒုက္ခသစ္စာပါဘုရား"*

ခံစားတယ်၊ ခံစားတယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဘာသစ္စာကြီးကို ခံစားနေကြတာတဲ့လဲ...။

*"ဒုက္ခသစ္စာကြီးကိုပါဘုရား"*

ဩော်...ဒုက္ခသစ္စာကြီးကိုပင်လျှင် ကိုယ်တို့က ကောင်းတယ်လို့ မခံစားကြဘူးလား...။

http://www.dhammadownload.com



*"ခံစားကြပါတယ်ဘုရား"*

ကောင်းတာဖြစ်စေ၊ ဆိုးတာဖြစ်စေ၊ ကောင်းသည်လိုလို ဆိုးသည်လိုလိုဖြစ်စေ ဒကာ,ဒကာမတို့ရေ...ခံစားတာဟူသမျှ ဘာသစ္စာ...။

*"ဒုက္ခသစ္စာပါဘုရား"*

အလွှာနဲ့မေးရင်ကော...

*"ပစ္စုပ္ပန်အကျိုးတစ်လွှာပါဘုရား"*

ပစ္စုပ္ပန်အကျိုးတစ်လွှာ ဟုတ်လား။ အင်း...အခြင်းအရာနဲ့ပြောရင်ကော...။

"ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါးပါဘုရား"

ကျုပ်တို့ ဒကာ,ဒကာမတွေကို နည်းနည်းချဲ့ချဲ့ပြီးမေးရင်တော့ မျက်စိလည်ကုန်လိမ့်မယ်။ မလည်စေနဲ့ ဟုတ်လား။ ဘယ်လိုပြောပြော မိမိပစ္စုပ္ပန်ကိုပြောလို့ရှိရင် ဒါ ဘယ်အကွက်ကိုပြောတာပဲ၊ ဒါတွေဟာ ခန္ဓာမှာရှိနေတာတွေ၊ ခန္ဓာနဲ့ပတ်သက်ပြီး ပြောလို့ရှိရင် ဒါတွေကိုးလို့ ဒကာ,ဒကာမတွေ မြင်မနေရဘူးလား...။

*"မြင်နေရပါမယ်ဘုရား"*

ပါးစပ်နဲ့မြင်ရမှာလား၊ ဉာဏ်နဲ့မြင်ရမှာ

http://www.dhammadownload.com



လား...။

*"ဉာဏ်နဲ့မြင်ရမှာပါဘုရား"*

တရားနာတယ်၊ တရားနာတယ်ဆိုတာ တချို့ကပြောကြတယ်။ ဒီပဋိစ္စသမုပ္ပါဒ်တရားဆိုတာ မိုးကုတ်တရား မိုးကုတ်တရားလို့ ပြောတတ်ကြတယ်။ ယူတတ်ကြတယ်။ အစွန်းထွက်ပြီးတော့လေ။ မိုးကုတ်တရား ဟုတ်ရဲ့လား...။

*"မဟုတ်ပါဘုရား"*

ဘယ်သူဟောတဲ့တရားတဲ့လဲ...။

*"ဘုရားရှင်ဟောတဲ့တရားပါဘုရား"*

ဘုရားဟောတဲ့တရားကို ဆရာတော်ဘုရားကြီးက လက်ထောက်ချခဲ့တာပါ။ အမှန်က ဘယ်သူဟောတဲ့တရား...

*"ဘုရားရှင်ဟောတဲ့တရားပါဘုရား"*

ဗုဒ္ဓရှင်တော်မြတ်ဘုရားဟောတဲ့ တရားတော်နော်။ မိုးကုတ်ဆရာတော်ဟောတဲ့တရားလဲမရှိ၊ မဟာစည်တရား၊ မိုးညှင်း၊ ကသစ်ဝိုင်၊ စွန်းလွန်း၊ ဉာဏစာရီ၊ တော်ကူး၊ ဖားအောက်...စသည်ဖြင့် မရှိဘူးနော်။ ရှိတာက ဘုရားရှင်

http://www.dhammadownload.com



ဟောတဲ့တရားပဲရှိပါတယ်။ ဒကာ,ဒကာမတွေ နားလည်တတ်ဖို့လိုတယ်။ တရားသဘောပေါက်ဖို့လိုတယ်။ ဟုတ်လား။ ဩော်...တို့နာနေရတဲ့ တရားမှန်သမျှသည် ဘယ်သူဟောတဲ့တရား...။

*"ဘုရားရှင်ဟောတဲ့တရားပါဘုရား"*

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ၄၅ ဝါတိုင်တိုင် ဟောဖော်ညွှန်ပြတဲ့တရားတွေ နာနေရတာ။ ဗုဒ္ဓတရားဖြစ်ပါစေ။ တော်တော်ကြာ စွဲသွားလို့ရှိရင် ဒါဘယ်ပုဂ္ဂိုလ်ရဲ့တရားလို့ စွဲနေလို့ရှိရင် အမှားတွေဝင်တတ်တယ်။ မဝင်တတ်ဘူးလား...။

*"ဝင်တတ်ပါတယ်ဘုရား"*

အေး...လောကကြီးကျဉ်းမြောင်းသွားတယ်နော်။ ဘယ်တရားကမှဟုတ်တယ်၊ ဘယ်တရားက မဟုတ်ဘူးဆိုရင် လောကကြီးဟာ အလွန်ကျဉ်းမြောင်းသွားတယ်။

ဘုန်းကြီးတို့က ရိပ်သာတွေ တော်တော်များများ၊ နေရာတော်တော်များများမှာသွားပြီးတော့ အားထုတ်ထားတာ။ ဘုန်းကြီးတို့ဟော

http://www.dhammadownload.com



တာ တစ်နည်းထဲမဟုတ်ပါဘူး။ ဆရာတော်တွေရဲ့ ကောင်းနိုးရာရာလေးတွေ အကုန်လုံးယူပြီးတော့ ဒကာ,ဒကာမတွေ ဘယ်လိုနားလည်လွယ်မလဲ၊ သဘောပေါက်လွယ်မလဲ၊ ဘယ်လိုခန္ဓာကိုယ်ထဲ ဉာဏ်ရောက်မလဲဆိုပြီးတော့ ဟောပေးတာပါ။ စက်ဝိုင်းကြီးကို အဓိကထားပြီး ဟောပေးရတာကတော့ ဒကာ,ဒကာမတွေ နားရှင်းလွယ်လို့၊ ဟောရတာ နားလည်လွယ်လို့၊ စာမတတ်တဲ့ပုဂ္ဂိုလ်လဲပဲ နားလည်တယ်၊ စာတတ်တဲ့ပုဂ္ဂိုလ်ရော စာမတတ်တဲ့ပုဂ္ဂိုလ်ရော ဒီတရားကတော့ လူတိုင်းနားလည်လွယ်လို့ ဒီပဋိစ္စသမုပ္ပါဒ်တရားကိုတော့ ဘုန်းကြီးတို့က ဦးစားပေးဟောပေးနေတာပါ။ ရှင်းရဲ့လား…။

*"တင်ပါ့ဘုရား"*

ဒါလဲဘယ်သူဟောတဲ့တရား…

*"ဘုရားရှင်ဟောတဲ့တရားပါဘုရား"*

ဒါဆိုရင် နားလည်သွားပြီ။ ဒကာ,ဒကာမတွေ။ ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ ဘုရားရှင်ဟောတဲ့တရားပါပဲ။ ဒါပေမဲ့ ဒီစက်ဝိုင်းကြီး

http://www.dhammadownload.com



ကိုတော့ မိုးကုတ်ဆရာတော်ဘုရားကြီးက အများ နားလည်အောင်၊ လူပြိန်းတွေနားလည်စေချင် လွန်းလို့ တီထွင်ပြီးတော့ ဘုရားရှင်ဟောတဲ့ တရားကိုပဲ စက်ဝိုင်းကားချပ်ဘောင်ထဲမှာ ထည့် သွင်းပြီး ထောင်ပြခဲ့တာပါ။ ဒါကြောင့်သာ မိုးကုတ်စက်ဝိုင်း မိုးကုတ်စက်ဝိုင်းနဲ့ ပြောတတ် ကြတာ။ တကယ်တော့ ဘယ်သူဟောတဲ့ တရား...။

*"ဘုရားရှင်ဟောတဲ့တရားပါဘုရား"*

ကဲ...ဒါဆိုရင် ဒကာ,ဒကာမတွေ၊ လူအသိ နဲ့ ခွေးအသိ ကွဲရမယ်နော်။ လူတွေက ဘယ် လိုသိနိုင်သလဲဆိုရင် 'သဘော'ကိုသိနိုင်တယ်။ ဟုတ်လား။ ဘာကိုသိတယ်...။

*"သဘောကိုပါဘုရား"*

သဘော။ ခံစားမှုသဘောဟုတ်လား။ ဘုန်း ကြီးတို့ ဒကာ,ဒကာမအပေါင်း သူတော်ကောင်း များ နားလည်ထားရမယ်။ သဘောဆိုတာ နားလည်ထားရမယ်။ ဘာကြောင့်ဆို မိမိရဲ့ ခန္ဓာကိုယ်ကြီးဟာ တရွေ့ရွေ့နဲ့ တရွေ့ရွေ့နဲ့

http://www.dhammadownload.com



ဘယ်သူနဲ့နှီးလာသလဲ။

*"သေမင်းနဲ့ပါဘုရား"*

သေမင်းနဲ့နှီးလာတယ်။ ဒီတော့ သေမင်းဆီကို မရောက်ခင်ကလေးမှာ ခန္ဓာကိုယ်က မြဲတဲ့တရားလား၊ မမြဲတဲ့တရားလား...။

*"မမြဲတဲ့တရားပါဘုရား"*

အနာရောဂါတွေ မဖြစ်တတ်ဘူးလား...။

*"ဖြစ်တတ်ပါတယ်ဘုရား"*

မိမိတို့ဘဝများစွာက ပြုလုပ်လာတဲ့ အကုသိုလ်ကံတွေက မိမိတို့ ဘယ်ရောဂါနဲ့ သေရမယ်ဆိုတာ သိရဲ့လား...။

*"မသိပါဘုရား"*

အသက်ဘယ်လောက်ရှည်မယ်ဆိုတာ သိရဲ့လား...။

*"မသိပါဘုရား"*

ပြီးတော့ ဘယ်ဘဝ ဘယ်ဘုံဘဝကို သွားရမယ်ဆိုတာရော...။

*"မသိပါဘုရား"*

ဘယ်နေ့ဘယ်ရက်မှာ သေရမယ်ဆိုတာ

http://www.dhammadownload.com



ရော...။

*"မသိပါဘုရား"*

မသိဘူး။ ဒကာ,ဒကာမတွေ။ အေး...ဒါဆိုရင် မိမိတို့သွားရာလမ်းခရီးလဲ မသိနိုင်ဘူးတဲ့။ ဘယ်နေ့သေရမှာလဲ မသိနိုင်ဘူးတဲ့။ သေရမယ့်နေရာကိုလဲ မသိနိုင်ဘူးတဲ့။ ဒီတော့ မသိခင်လေးမှာ ကြိုတင်ပြီးတော့ ဒီတရားနဲ့ ကိန်းထားရမှာလား၊ မကိန်းရဘူးလား...။

*"ကိန်းထားရပါမယ်ဘုရား"*

တရားကိန်းထားရမယ်။ သဘောနားလည်ထားရမယ်နော်။ တရားသဘောကို နားလည်ထားလို့ရှိရင် ဘယ်ဆရာတော်ဟောတာ အကုန်လုံး နားထောင်လို့ကောင်းတယ်။ အရသာရှိတယ်။ ဟုတ်ကဲ့လား။ တရားနားမလည်ထားဘူး၊ သဘောလဲမပေါက်ထားဘူးဆိုရင် နားထောင်ရတာ တစ်မျိုးကြီးဖြစ်နေတတ်တယ်။ အဲဒါ ဘာသဘောမပေါက်သေးလို့လဲဆိုရင် တရားအပေါ်မှာ သဘောမပေါက်သေးလို့ ရွေးတာဟုတ်လား။ ဘယ်ပုဂ္ဂိုလ်တရားက မကောင်း

http://www.dhammadownload.com



ဘူး၊ ဘယ်သူ့တရားမှ ကောင်းတယ်ဆိုလို့ရှိရင် တရားကတော့ အကုန်လုံးကောင်းနေတာပဲ။ မိမိသန္တာန်ထဲမှာ သညာက မှားယွင်းနေလို့နော်။ တရားဟူသမျှ အားလုံးသစ္စာတရားတွေချည်းပဲ။ ဟုတ်ကဲ့လား။ သစ္စာလေးပါးမှ လွတ်တဲ့တရားရှိပါ့မလား...။

*"မရှိပါဘုရား"*

ကြည့်လေ။ ဒကာ,ဒကာမအပေါင်း သူတော်ကောင်းများ ယခုထိုင်နေကြတဲ့ ခန္ဓာက ဘာသစ္စာကြီးနဲ့ ထိုင်နေပါလိမ့်...။

*"ဒုက္ခသစ္စာကြီးနဲ့ပါဘုရား"*

သုခသစ္စာနဲ့ ထိုင်နေသလား၊ ဒုက္ခသစ္စာနဲ့ ထိုင်နေသလား...။

"ဒုက္ခသစ္စာနဲ့ ထိုင်နေပါတယ်ဘုရား"

ဒုက္ခသစ္စာပေါ်မှာ နောက်ထပ်တစ်ဖန် ဒကာ, ဒကာမတွေက ခန္ဓာရဖို့ ကြိုးစားပြန်တော့လဲ ဘာသစ္စာထပ်ပါလိမ့်ဆိုတော့လဲ သမုဒယသစ္စာထပ်တယ်နော်။ ကဲ...ကြိုးစားတာက သမုဒယ။ အခုရရှိနေတာက နံပါတ်နဲ့ပြောရင်

http://www.dhammadownload.com



နံပါတ်နှစ် ဒုက္ခသစ္စာ။ အဲဒီနံပါတ်နှစ်ထဲမှာ တစ်ဖန် နောင်ခန္ဓာဖြစ်ဖို့အတွက် တဏှာ, ဥပါဒါန်,ကံ ကြိုးစားရင် နောက်ထပ် နံပါတ် ဘယ်လောက်မှာ သွားဖြစ်မလဲ...။

*"နံပါတ်လေးပါဘုရား"*

ဟော...နံပါတ်သုံး ကြိုးစားရင် နံပါတ် လေးဖြစ်တဲ့ ဒုက္ခသစ္စာ ထပ်ရဦးမယ် ဒကာ, ဒကာမတို့။ ဟုတ်လား။ အခု ဒုက္ခသစ္စာထဲမှာ ထပ်ကြိုးစာနေတဲ့ တဏှာ,ဥပါဒါန်,ကံတွေက တခြားမှာဖြစ်တာလား၊ ခန္ဓာမှာဖြစ်တာလား။

*"ခန္ဓာမှာဖြစ်တာပါဘုရား"*

ခန္ဓာဟဒယနှလုံးသားထဲမှာ၊ မိုက်ထဲမှာ နံပါတ်သုံးကိန်းလို့ရှိရင် နံပါတ်လေးရ,မရ...။

*"ရပါမယ်ဘုရား"*

ဇာတိဆိုတာ ပေါ်,မပေါ်...။

*"ပေါ်ပါတယ်ဘုရား"*

ပဋိသန္ဓေဇာတိရတယ်ဆိုတာ မိုးပေါ်ကကျ လာသလား၊ အကြောင်းကြောင့်လား...။

*"အကြောင်းကြောင့်ပါဘုရား"*

http://www.dhammadownload.com



ဇာတိရတဲ့အကြောင်းက ဘယ်သူတဲ့လဲဆို ရင် ကမ္မဘဝနော်။ ကဲ...ဇာတိရလိုက်ပြီဆို ကတည်းကိုက ဘာသစ္စာကြီးတဲ့လဲ...။

*"ဒုက္ခသစ္စာကြီးပါဘုရား"*

ဇာတိပိဒုက္ခသစ္စာနော်။ '၉'လနဲ့ ၁၅ ရက် တိုင်တိုင် အမိဝမ်းခေါင်းထဲမှာ ပဋိသန္ဓေနေခဲ့ ရတာက ဘာတဲ့...။

*"ဒုက္ခသစ္စာပါဘုရား"*

ဒုက္ခသစ္စာ။ မိခင်ရဲ့ဝမ်းခေါင်းထဲမှာ ကလလ ရေကြည်ကြည်ကနေ ၉ လနဲ့ ၁၅ ရက်၊ တစ် နည်းအားဖြင့် ၉ လလွန်မြောက် ၁၀ လအတွင်း ၌ အမိဝမ်းခေါင်းထဲမှာနေခဲ့ရတာ ကောင်းတဲ့ နေရာမှာလား၊ မကောင်းတဲ့နေရာမှာလား...။

*"မကောင်းတဲ့နေရာမှာပါဘုရား"*

အပုပ်အသိုးများစွာတို့ရဲ့ ကြားခုလတ်ဝဲ မှာ။ သွေးပုပ်တွေ၊ ပြည်ပုပ်တွေကြားထဲမှာ နေခဲ့ရတဲ့ ဘုန်းကြီးတို့ဘဝ၊ ဒကာ,ဒကာမတွေ ဘဝ ကောင်းတဲ့ဘဝလား၊ မကောင်းတဲ့ဘဝ လား...။

http://www.dhammadownload.com



*"မကောင်းတဲ့ဘဝပါဘုရား"*

ဒါကြောင့်ပြောတာပေါ့။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဇာတိပိဒုက္ခသစ္စာလို့။ ဒီဇာတိနဲ့ပတ်သက်ပြီးတော့ ဘုရားရှင်က ဘယ်သူ့အကြောင်းပြောဟောသလဲဆိုလို့ရှိရင် "သံကိစ္စသာမဏေငယ်လေး"ကို အကြောင်းပြုပြီးဟောတယ်။ ဟုတ်လား။ သံကိစ္စသာမဏေငယ်လေးဟာ အမေဝမ်းခေါင်းထဲမှာ ပဋိသန္ဓေနေခဲ့ရတာတွေ အနည်းလား၊ အများကြီးလား...။

*"အများကြီးပါဘုရား"*

အမေလုပ်တဲ့ပုဂ္ဂိုလ်ဟာ ကိုယ်ဝန်အရင့်အမာကြီးနဲ့ သေသွားရတယ်။ ကိုယ်ဝန်အရင့်အမာကြီးနဲ့ သေသွားတဲ့အခါကျတော့ သင်္ချိုင်းမှာ သွားပြီး မီးသင်္ဂြိုဟ်ကြတယ်။ မီးသင်္ဂြိုဟ်တဲ့အခါကျတော့ ခန္ဓာကိုယ်ကို ဟိုကတုတ်တွေနဲ့ထိုး၊ ဒီကတုတ်နဲ့ထိုးနဲ့ အားလုံး မီးလောင်မီးကျွမ်းသွားအောင်လို့နော်။ အဲသလို ထိုးကြတော့ သူ ပဋိသန္ဓေနေခဲ့တဲ့ ဝမ်းဗိုက်နေရာတည့်တည့်ကတော့ ဘာနဲ့ထိုးထိုး မီးမလောင်

http://www.dhammadownload.com



ဘူးတဲ့။ မီးမလောင်ဘူးဆိုသော်ငြားလဲ အပြင်က မီးအပူဒဏ်တွေ သူမခံရဘူးလား...။

*"ခံရပါတယ်ဘုရား"*

ခံရလွန်းတော့ မပူလောင်ရဘူးလား...။

*"ပူလောင်ရပါတယ်ဘုရား"*

ပူရလွန်းတော့ အသက်မရှုလို့မဝ။ ပဋိသန္ဓေနေခဲ့တဲ့ဘဝလေးကို ချစ်သား သံကိစ္စ၊ သင်သည် တခြားမကြည့်ပါနဲ့။ သင် ပဋိသန္ဓေနေခဲ့စဉ်တုန်းက သင့်အမေသည် မီးမဖွားနိုင်လို့ အမေတော့သေသွားပါရဲ့။ သင်သည် မသေဘဲနဲ့ မီးရှို့ခံရတော့ အဲဒီဆိုးဝါးလှတဲ့ဒုက္ခတွေကို သင်ချစ်သား နှလုံးသွင်းစမ်းပါ။ ဇာတိပိဒုက္ခသစ္စာကို ဒီနေရာမှာ ပေါ်ပေါ်လွင်လွင်ဟောထားတယ် ဒကာ,ဒကာမတို့...။

*"တင်ပါ့ဘုရား"*

၉ လလွန် ၁၀ လကြာ အောင်းခဲ့ရတဲ့ ဒီသားလေး။ အမေဝမ်းခေါင်းထဲမှာ ပဋိသန္ဓေနေခဲ့ရသော်ငြားလဲ မွေးတော့မွေးလာပါရဲ့ ဒကာ, ဒကာမတွေ။ သို့သော်လည်း မွေးတုန်းကလဲ

http://www.dhammadownload.com



မချမ်းသာဘူးနော်။ သံကိစ္စသာမဏေလေးဆို နဂိုဆင်းရဲတာထက် ပိုပြီးဆင်းရဲသေးတယ်။ ပြီးတော့ အိုမှန်းမသိ တဖြည်းဖြည်း အိုလာရ ပြန်ပြီ။ ပြီးတော့ တရွေ့ရွေ့နဲ့ နာမှန်းမသိ နာလာရတယ်။ အိုမှန်းမသိအို၊ နာမှန်းမသိနာ၊ သေမှန်းမသိသေ။ အခု ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ အခု ဒီလောက်ထိ အသက်အရွယ် ကြီးလာတာ ဟိုတုန်းက ဒီလိုဖြစ်လာမယ်လို့ ထင်ခဲ့ရဲ့လား...။

*"မထင်ခဲ့ပါဘုရား"*

မထင်ခဲ့ဘူးနော်။ သွားကျိုးရမယ်လို့လဲ မထင်ခဲ့ဘူး။ နားတွေထိုင်းမှိုင်းပြီး မျက်စိတွေ မှုန်လာရမယ်လို့လဲ မထင်ခဲ့ဘူး။ ဒါပေမယ့် လို့လဲ ဒကာ,ဒကာမတွေ ခန္ဓာကိုယ်ကြီးက တရွေ့ရွေ့နဲ့ လေးလာသလား၊ ပေါ့လာသလား။

*"လေးလာပါတယ်ဘုရား"*

ထိုင်လိုက်ပြန်တော့လဲ ယိုင်တိယိုင်တိုင်နဲ့၊ ကတုန်ကယင်နဲ့။ ထ,ကြည့်လိုက်ပြန်တော့လဲ တုန်တုန်ချိချိနဲ့၊ ဟိုဘက်ကိုယိုင် ဒီဘက်ကိုယိုင်

http://www.dhammadownload.com



ဟိုဟာလိုက်ကိုင်ရ ဒီဟာလိုက်ကိုင်ရ။ ဒါဆို ဘုန်းကြီးတို့ ဒကာ,ဒကာမများ ခန္ဓာရထား တာ ကောင်းတဲ့သဘောလား၊ မကောင်းတဲ့ သဘောလား...။

*"မကောင်းတဲ့သဘောပါဘုရား"*

တရားဆိုတာ ဒါပြောတာနော။ မိမိရဲ့ခန္ဓာ ကိုယ်ကြီးကို ပစ္စုပ္ပန်တည့်တည့် မြင်အောင်လို့ ညွှန်ပြနေတာ။ မီးမောင်းဆလိုက်ထိုးပြနေတာ။ ဟုတ်ပြီလား။ ဒါဆို ဇာတိရတုန်းကလဲပဲ ဘာ သစ္စာနဲ့ ရင်ဆိုင်ခဲ့ရသလဲ...။

*"ဒုက္ခသစ္စာနဲ့ပါဘုရား"*

ဒုက္ခသစ္စာနော်။ သံကိစ္စမထေရ်လေးဟာ ဒီလို သူ့ရဲ့ဇာတိအကြောင်းရင်းကလေးကိုချ ပြီးတော့ နှလုံးသွင်း သုံးသပ်လိုက်တာ ဒကာ, ဒကာမတို့ရေ...ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေ မုန်းပြီး ဖြစ်ပျက်တွေဆုံးသွားတာ အသက်(၇) နှစ်အရွယ်မှာပဲ ရဟန္တာဖြစ်သွားတာ။ တခြား ကို မြင်လို့လား၊ ဒုက္ခကိုမြင်လို့လား...။

*"ဒုက္ခကိုမြင်လို့ပါဘုရား"*

http://www.dhammadownload.com



ဒုက္ခကိုမြင်မှ နိဗ္ဗာန်ဝင်တာနော်။ ဒုက္ခကို မမြင်သေးရင် နိဗ္ဗာန်ရောက်နိုင်ပါ့မလား...။

*"မရောက်နိုင်ပါဘုရား"*

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီဒုက္ခတွေ မြင်ရုံမက ဒီဒုက္ခရဲ့အကြောင်းတရားဟာ ဘာကြောင့်လဲဆိုပြီး ကြည့်တော့ ခေါင်းဆောင်ကိုမမြင်ဘူးလား...။

*"မြင်ပါတယ်ဘုရား"*

ဟုတ်တယ်။ မြင်လို့သာလျှင် မူလခေါင်းဆောင်ဖြစ်တဲ့ အဝိဇ္ဇာ,တဏှာကို အသေမသတ်ဘူးလား...။

*"သတ်ပါတယ်ဘုရား"*

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ အသေသတ်တယ်ဆိုတော့ ဓားနဲ့ခုတ်၊ တုတ်နဲ့ရိုက်လို့ သေပါ့မလား...။

*"မသေပါဘုရား"*

ဘာနဲ့ဖြတ်ရမှာတဲ့လဲ...။

*"ဉာဏ်နဲ့ပါဘုရား"*

ဘာဉာဏ်လဲဆိုရင် မဂ္ဂင်ရှစ်ဖော် ယှဉ်ပြိုင်

http://www.dhammadownload.com



တော်နဲ့ မဂ္ဂသစ္စာကို လက်ကိုင်ထားပြီး သစ္စာဉာဏ်နဲ့ ဖြတ်ရမယ်နော။

ဘာသစ္စာပေါ်မှာ ရှုရမလဲလို့မေးရင်...

*"ဒုက္ခသစ္စာပေါ်မှာပါဘုရား"*

ခန္ဓာငါးပါး ဒုက္ခသစ္စာပေါ်မှာ ဉာဏ်ကလေးနဲ့ကြည့်နေတယ်။ အကြည့်ခံက ခန္ဓာငါးပါး။ ကြည့်နေတဲ့ဉာဏ်က မဂ္ဂင်တရား။ ပွားများနေတာက မဂ္ဂင်တရားဆိုတော့ သမုဒယသစ္စာက သေပြီးသားဖြစ်နေတယ်။ နိရောဓနယ်ပယ်သို့ ဆက်တိုက်ဆက်တိုက် သွားနေတယ်။ ရောက်ပြီလားဆိုရင် မရောက်သေးဘူးနော်။ သွားတုန်းပဲကျန်သေးတယ်ဟုတ်လား။

အဲသလိုပေါ်တိုင်းပေါ်တိုင်း တရားလေးအပေါ်မှာ သိ,သိနေတော့ လောဘတရား၊ ဒေါသတရား၊ မောဟတရားတွေ မလာရောက်နိုင်တော့ တဒင်္ဂငြိမ်းမနေဘူးလား...။

*"ငြိမ်းနေပါတယ်ဘုရား"*

လောကီနိရောဓသစ္စာ ဆိုက်နေတယ်။ အဲဒီလောကီနိရောဓသစ္စာကနေ လောကုတ္တရာနိရောဓ

http://www.dhammadownload.com



သစ္စာဆိုက်ဖို့လိုတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကိန်းမှ လောကုတ္တရာနိရောဓသစ္စာဆိုက်တာ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မကိန်းသေးရင် မဆိုက်သေးဘူးနော်။ ဒါဆို ဒကာ,ဒကာမတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိန်းဖို့အတွက် ဘယ်သူ့ကို ဖြုတ်ရမှာတဲ့လဲ...။

*"ဒိဋ္ဌိကိုပါဘုရား"*

ဒိဋ္ဌိက ဘယ်မှာရှိတဲ့တရားလဲ...။

*"ခန္ဓာမှာရှိတဲ့တရားပါဘုရား"*

ခန္ဓာကိုယ်ဆိုတော့ ဘယ်နေရာမှာကပ်နေတာတဲ့လဲဆိုရင် ဟဒယဝတ္ထုကိုမှီပြီး ကပ်နေတာနော။ ဒိဋ္ဌိမှမဖြုတ်နိုင်ရင်တော့"မသိ အဝိဇ္ဇာ၊ ပြုသင်္ခါရ၊ တဏှာမျက်စိမှုန်၊ မသိလျှင်တစ်ပတ်ပတ်၊ သိလျှင်တော့ရပ်"တဲ့ ဟုတ်လား။ မသိတော့ ဒကာ,ဒကာမတွေ ပတ်မနေဘူးလား...။

*"ပတ်နေပါတယ်ဘုရား"*

ဘယ်ကိုလဲဆိုရင် သုံးဆယ့်တစ်ဘုံကို ဟုတ်လား။ ပတ်ပြီးတော့ အဝိုင်းပြေး ပြေးမနေဘူးလားဗျာ...။

http://www.dhammadownload.com



*"ပြေးနေပါတယ်ဘုရား"*

ဘာကြီးထမ်းပြီးတော့လဲ...

*"ခန္ဓာကိုယ်ကြီးကိုပါဘုရား"*

အကောင်းထမ်းနေတာလား၊ အလောင်းထမ်းနေသလား...။

*"အလောင်းထမ်းပါဘုရား"*

ဘယ်သူ့အလောင်း ဘယ်သူထမ်းနေပါလိမ့်...။

*"ကိုယ့်အလောင်းကိုယ် ထမ်းနေပါတယ်ဘုရား"*

ပြီးတော့ ဘယ်ကိုသွားသလဲဆိုရင် သုသာန်ကိုသွားနေတာ။ ဘယ်ကိုသွားနေတယ်...။

*"သုသာန်ကိုပါဘုရား"*

ဒါဆိုရင် သုသာန်မရောက်ခင် ခပ်မြန်မြန်လေး ဘာလုပ်ရမှာတဲ့လဲ...။

*"တရားလုပ်ရပါမယ်ဘုရား"*

ပြန်ပြောပါဦး။ မတရားလုပ်ရမှာလား၊ တရားလုပ်ရမှာလား...။

*"တရားလုပ်ရမှာပါဘုရား"*

http://www.dhammadownload.com



ဒါဆိုရင် ခန္ဓာအရိုကို ဉာဏ်အသိနဲ့ သုံးသပ်ဆင်ခြင် ပွားများအားထုတ်နေတဲ့အခါကျတော့ အဲဒါ ဘာနဲ့နေပါလိမ့်...။

*"တရားနဲ့နေပါတယ်ဘုရား"*

ခန္ဓာအရိုကို ဉာဏ်အသိနဲ့ သုံးသပ်ဆင်ခြင် ပွားများအားထုတ်မှုမရှိတဲ့အခါရော...။

*"မတရားနဲ့နေပါတယ်ဘုရား"*

မတရားနဲ့နေတဲ့ပုဂ္ဂိုလ်တွေ ဘယ်ရောက်မယ်...။

*"အပါယ်လေးဘုံပါဘုရား"*

တရားရှိတဲ့ပုဂ္ဂိုလ်များရဲ့ လမ်းခရီးကတော့ ဘယ်နေရာလဲ...။

*"ကောင်းတဲ့နေရာပါဘုရား"*

အကောင်းတကာ့ အကောင်းဆုံးနေရာကတော့ နိဗ္ဗာန်ချမ်းသာနော်။ နိဗ္ဗာန်ချမ်းသာဆိုကတည်းကိုက ဆင်းရဲတွေမှန်သမျှ အကုန်လုံးချုပ်ငြိမ်း အုပ်သိမ်းတာနော်။ ဆင်းရဲတွေရှိပါ့ဦးမလား...။

*"မရှိပါဘုရား"*

http://www.dhammadownload.com



ဘုန်းကြီးတို့ရော၊ ဒကာ,ဒကာမတွေက တော့ ခန္ဓာကိုယ်ကြီး ခဏခဏရနေလို့ ဆင်းရဲနေရတာ၊ မဆင်းရဲနေဘူးလား...။

*"ဆင်းရဲနေပါတယ်ဘုရား"*

နည်းနည်းလား၊ အများကြီးလား...။

*"အများကြီးပါဘုရား"*

အင်း... ဆင်းရဲခြင်းကလဲ နှစ်မျိုးရှိပြန်တယ်။ နဂိုဒုက္ခနဲ့ အပိုဒုက္ခဟုတ်လား။ နဂိုဒုက္ခဆိုတာက ခန္ဓာကိုယ်ကြီးရထားလို့ ဒီခန္ဓာကိုယ်ကြီး ဖောက်ပြန်ပြောင်းလဲနေတာကို ခံနေရတာကို နဂိုဒုက္ခလို့ခေါ်တယ် ဟုတ်ပြီလား။ ခု ကိုယ်တိုင်ခံစားနေရတာ နဂိုဒုက္ခနော်။ သားအတွက်၊ သမီးအတွက်၊ မြေးအတွက်၊ ပစ္စည်းဥစ္စာအတွက်၊ အိမ်ထောင်ပရိဘောဂ၊ စီးပွားရေးအတွက် ပူပင်သောကရောက်နေရတာတွေဟာ အပိုဒုက္ခတွေဖြစ်တယ်။ ဟုတ်လား။ ဒကာ,ဒကာမတွေက နဂိုဒုက္ခနဲ့ အပိုဒုက္ခမှာ ဘယ်ဒုက္ခတွေကိုပဲ အများကြီး ရင်းရင်းနှီးနှီး ကြည့်ဖူးသလဲ...။

http://www.dhammadownload.com



*"အပိုဒုက္ခပါဘုရား"*

အင်း...ပြန်ပြောပါဦး။ ဘာဒုက္ခပဲများများ ကြည့်တယ်...။

*"အပိုဒုက္ခပါဘုရား"*

အပိုဒုက္ခပဲကြည့်နေတာ။ တကယ့် နဂိုဒုက္ခ ကျတော့ မကြည့်ချင်ဘူး။ ဟုတ်လား။ တို့ နဂိုဒုက္ခကိုကြည့်မှ ဒုက္ခတွေငြိမ်းမှာနော။ ဆင်းရဲတွေက လွန်မြောက်နိုင်မှာဟုတ်လား။ ဒါဆို နဂိုဒုက္ခကို မကြည့်ပါဘဲနဲ့ ဘာဒုက္ခတွေပဲ လိုက်ရှာနေကြတယ်...။

*"အပိုဒုက္ခပါဘုရား"*

ခန္ဓာပွားစီးမယ့် လုပ်ငန်းပဲလုပ်နေကြတာ။ ဒီ ခန္ဓာပွားစီးမယ့်လုပ်ငန်းသည် ဒကာ,ဒကာမ တွေ အရိယာပုဂ္ဂိုလ်ကြီးတွေ ကြိုက်တဲ့လမ်းစဉ် လား၊ မကြိုက်တဲ့လမ်းစဉ်လား...။

*"မကြိုက်တဲ့လမ်းစဉ်ပါဘုရား"*

ဘုရား ရဟန္တာ အစရှိတဲ့ အရိယာ သူ တော်ကောင်းများ မကြိုက်တဲ့လမ်းစဉ်ကို ဒကာ, ဒကာမတွေက ဘာလုပ်ရမှာတဲ့လဲ...။

http://www.dhammadownload.com



*"ရောင်ရပါမယ်ဘုရား"*

ရောင်ကြည်ရမယ်နော။ ဟုတ်ကဲ့လား။ ဘာသစ္စာကိုပွားပြီး ရောင်ကြည်ရမှာတဲ့လဲ...။

*"မဂ္ဂသစ္စာကိုပွားပြီး ရောင်ရမှာပါဘုရား"*

ဘယ်အပေါ်မှာ ပွားရမှာတဲ့လဲ...။

*"ဒုက္ခသစ္စာပေါ်မှာပါဘုရား"*

ဒုက္ခသစ္စာက ဘယ်ခန္ဓာအပေါ်မှာ ရှုရမှာတဲ့လဲ...။

*"ပစ္စုပ္ပန်ခန္ဓာပေါ်မှာပါဘုရား"*

ပစ္စုပ္ပန်ခန္ဓာငါးပါးကို ဘာသစ္စာမြင်အောင်...။

*"ဒုက္ခသစ္စာမြင်အောင်ပါဘုရား"*

ဘာသစ္စာကိုပယ်၍တဲ့လဲ...။

*"သမုဒယသစ္စာကိုပယ်၍ပါဘုရား"*

ဘာသစ္စာကို ပွားကာ...။

*"မဂ္ဂသစ္စာကိုပါဘုရား"*

ဘာသစ္စာဆိုက်မယ် ။

*"နိရောဓသစ္စာဆိုက်ပါမယ်ဘုရား"*

အေး...ဒါကြောင့်မို့လို့ ကဲ... အားလုံးသောတရားတော်မြတ်ကို လေးလေးစားစားနဲ့

http://www.dhammadownload.com



နာခံမှတ်သား နှလုံးသွင်းနေကြတဲ့ ဒကာ,ဒကာမ အပေါင်းများစွာတို့သည် အဝိဇ္ဇာ တဏှာဆိုတဲ့ သဘောတရားကိုပယ်သတ်လို့ အဝိဇ္ဇာ သင်္ခါရ နယ်ပယ်မှ ဝိဇ္ဇာ ပုညာဘိသင်္ခါရနယ်ထဲသို့ ထွက်မြောက်အားထုတ်ပြီးသကာလ အရိယာ ပုဂ္ဂိုလ်များ ရရှိတော်မူကြသော မင်္ဂချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ တရားထူးတရား မြတ်ကို ကောင်းစွာမသွေ ကိုယ်စီကိုယ်င ခံစား နိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါဘုရား။

ကဲ...ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ စွာဖြင့် တရားထူးတရားမြတ်ကို လျင်မြန် သောစွာ မျက်မှောက်ပြုလွယ်နိုင်ကြပါစေ။

http://www.dhammadownload.com



## ဆုတောင်းအမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ အမတခေမံ၊ ပြည်နိဗ္ဗာန်ကို၊ ကေန်ထုတ်ချောက်ရောက်စေသော်...။

ယနေ့ယခု အားထုတ်သမျှ၊ မြတ်ဘာဂကို၊ မိဘဆရာ၊ မျိုးသဟာနဲ့၊ ကိုယ်မှာစောင့်ကြပ်၊ ကိုယ်စောင့်နတ်က၊ အရင်စ၍၊ ရှိသမျှလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ရှိရှိသမျှ၊ ဝေနေယျတို့၊ ရကြပါစေ၊ ပေးငှဝေသည်၊ များထွေ သာဓုခေါ်စေသော်...။

▲▲▲

## တရားအားထုတ်ခါနီး ပရိကံပြုရန်

အဟံ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ

http://www.dhammadownload.com



သံဃဿ အာစရိယဿ အတ္ထာယ ဓိဝိတံ နိယျာဒေမိ ပရိစ္စဇာမိ။

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋဒုက္ခတော–သံသရာတည်းဟူသော ဝဋ်ဆင်းရဲဘေးအပေါင်းမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရစေခြင်းအကျိုးငှာ၊ ဣမံ အတ္တာနံ–ဤခန္ဓာငါးပါးကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအားလည်းကောင်း၊ ဓမ္မဿ–တရားတော်မြတ်အားလည်းကောင်း၊ သံဃဿ–သံဃာတော်မြတ်အားလည်းကောင်း၊ အာစရိယဿ–ဆရာမြတ်အားလည်းကောင်း၊ အတ္ထာယ–အကျိုးငှာ၊ ဓိဝိတံ–အသက်ကို၊ နိယျာဒေမိ–အပ်နှင်းပါ၏။ ပရိစ္စဇာမိ–လှူဒါန်းစွန့်ကြဲပါ၏ အရှင်ဘုရား။

ဓိဝိတံ စဆမာနောပိ သိက္ခာ ပဒါဟံ နစဇာမိ။

ဓိဝိတံ–အသက်ကို၊ စဆမာနောပိ–စွန့်လွှတ်ငြားသော်လည်း၊ သိက္ခာပဒံ–ကိုယ်ကျင့်သီလတော်မြတ်ကို၊ အဟံ–တပည့်တော်သည်၊ နစ

http://www.dhammadownload.com



ဓာမိ–မစွန့်လွှတ်ပါအရှင်ဘုရား။

အရှင်ဘုရား…တပည့်တော်များသည် တရားအားထုတ်ဆဲခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန သီလ စေတနာကံနှင့်တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား…။

http://www.dhammadownload.com



# တရားအားထုတ်ခါနီး
# အနန္တငါးပါးကိုပူဇော်ကန်တော့ရန်

ဩကာသ ဝန္ဒာမိ ဝဏ္ဏ ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ။

ဩကာသဝန္ဒာမိ ဝဏ္ဏပဋိပတ္တိယာ–မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟုဆိုအပ်သော ဉ၊လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ ဓမ္မံ–တရားတော်မြတ်ကို၊ သံဃံ–သံဃာတော်မြတ်အပေါင်းကို၊ မိဘဆိုးဘွား ဆရာသမားများကို၊ ပူဇေမိ–ပူဇော်ပါ၏ အရှင်ဘုရား...။

http://www.dhammadownload.com



# ဆုတောင်းရန်

အဒ္ဓါ-ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ။

ဣမာယ ပဋိပတ္တိယာ-မင်္ဂလေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟုဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ကြောင့်၊ ဇာတိ ဇရာ ဗျာဓိ မရဏမှာ-ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ-မချွတ်ဧကန်၊ ပရိမုစ္စိဿာမိ-လွတ်မြောက်ရပါလို၏ အရှင်ဘုရား...။

# မေတ္တာပို့

❁ အထက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်းဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။

❁ အောက်အရပ်မှာ များသတ္တဝါ ချမ်းသာ

http://www.dhammadownload.com



ကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။

❁ အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။

❁ တရားဟော တရားနာ ဘေးရန်ကွာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။ အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။

❁ ကိုယ်စိတ်နှစ်ဖြာဘေးရန်ကွာ ကျန်းမာကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။

❁ မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။

❁ မေတ္တာရန်သူ ဒေါသမူ အပူကင်းပါစေ။

❁ မေတ္တာရေချမ်း ကိုယ်စီဖြန်း အေးချမ်းကြပါစေ။

❁ ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။

❁ တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြ

http://www.dhammadownload.com



ပါစေ။

❁ တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။

# ဆွမ်းသုံးဆောင်ခါနီး မေတ္တာပို့

❁ ယနေ့အရဏ်ဆွမ်း မွန်းတည့်ဆွမ်း လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ၊ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

❁ ယနေ့ အရဏ်ဆွမ်း မွန်းတည့်ဆွမ်း အဖျော်ရည် လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ၊ ဝေယျာဝစ္စပြုကြသူတွေ၊ ဘေးရန်ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်

http://www.dhammadownload.com



စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

# ဆွမ်းသုံးဆောင်ခါနီးဆင်ခြင်ရန်

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။ လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ အရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းကြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျဒုက္ခိတ သုခိတ သတ္တဝါအပေါင်းတို့ကို ကုသိုလ်

http://www.dhammadownload.com



ပြုလုပ် အကျွန်ုပ်တို့က အမျှကုသိုလ် ပေးဝေ လို၏။ အမျှရကြ၍ ချမ်းသာကြပါစေသော်...။

**(အမျှ...အမျှ...အမျှ...**
**ယူတော်မူကြပါကုန်လော့...။**
**သာဓု...သာဓု...သာဓု)[၃]**